**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

အနှစ်ရှိသော သူတော်ကောင်းတရားကို အနှစ်ရှိဟုသိ၍၊ အနှစ်မရှိသောတရားကို အနှစ်မရှိဟုသိသည့် အယူမှန်ရှိကြသောသူတို့သည် သီလစသော ဂုဏ်ကျေးဇူးအနှစ်ကိုရကြကုန်၏။ ဓမ္မပဒ

# မြဝတီ နေ့စဉ်

ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

သတင်းထူးပြီး မှန်ရမည်၊ သတင်းဦးပြီး မြန်ရမည် မြဝတီမှ မြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၉၆)

၁၃၈၇ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၄ ရက်
၂၀၂၅ ခုနှစ်၊ ဇူလိုင် ၂၃ ရက်၊ ဗုဒ္ဓဟူးနေ့

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ၂၀၂၅ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်း ထုတ်ပြန်ခြင်းလုပ်ငန်း အသိပေးကြေညာခြင်း

၁။ ၂၀၂၅ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းများကို ၂၇-၇-၂၀၂၅ ရက်နေ့(တနင်္ဂနွေနေ့) နံနက်(၀၆:၀၀)အချိန်၌ ထုတ်ပြန်ကြေညာမည်ဖြစ်ပါသည်။

၂။ အဆိုပါအောင်စာရင်းများကို သက်ဆိုင်ရာမြို့နယ်အသီးသီးရှိ စာစစ်ဌာနကျောင်းများတွင် တစ်ချိန်တည်းကပ်ထားမည်ဖြစ်ပါသည်။

၃။ အောင်စာရင်းထုတ်ပြန်မည့် ၂၇-၇-၂၀၂၅ ရက်နေ့၊ နံနက် (၄) နာရီတွင် မြန်မာနိုင်ငံစာစစ်ဦးစီးဌာန Website ဖြစ်သော www.myanmarexam.org တွင် ဝင်ရောက်ကြည့်ရှုနိုင်ရန် စီစဉ်ထားပါသည်။

၄။ တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းများကို Website မှအသိပေးထုတ်ပြန်ကြေညာပေးမည့်အပြင် ဝေးလံသောဒေသများရှိ စာစစ်ဌာနများနှင့် အင်တာနက်အဆက်အသွယ်ကောင်းစွာမရရှိသည့် စာစစ်ဌာနများ၏ အောင်စာရင်းများကို မြန်မာ့အသံရေဒီယိုအစီအစဉ်မှလည်း **စာမျက်နှာ ၁၄ ကော်လံ ၄ ➲**



## ပွင့်ဖြူမြို့နယ်၌ မိုးစပါး ၈၉၉၄ ဧက စိုက်ပျိုးပြီးစီး

ပွင့်ဖြူ ဇူလိုင် ၂၂

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် စပါး ၈၉၉၄ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် စပါး ၆၉၉၉၉ ဧက စိုက်ပျိုးရန် လျာထားပြီး ဇူလိုင်လ ပထမပတ်မှ စတင်စိုက်ပျိုးရာ လက်ရှိတွင် ၈၉၉၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ သတ်မှတ်လျာထားစိုက်ဧကပြည့်မီအောင် စိုက်ပျိုးနိုင်ရန်နှင့် အထွက်နှုန်းကောင်းသော မျိုးကောင်းမျိုးသန့်စပါးများ စိုက်ပျိုးနိုင်ရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်အတွင်း **စာမျက်နှာ ၁၄ ကော်လံ ၁ ➲**

## နောင်ချိုမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၌ ကျောင်းအပ်စတင်လက်ခံ၊ နောင်ချိုမြို့ ယာယီဆေးရုံ၌ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆက်လက်ဆောင်ရွက်

စာ - ၅ သို့



## ယာယီနေရပ်စခန်းခွာရာမှ နောင်ချိုမြို့သို့ ပြန်လည်ဝင်ရောက်လာကြသည့် ဒေသခံ တိုင်းရင်းသားပြည်သူများကို အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးလျက်ရှိ

စာ - ၁၂ သို့

## နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များကို လက်ခံယုံကြည်သည့် DPLA အဖွဲ့ဝင် ၁၉ ဦး ဥပဒေဘောင် အတွင်းသို့ ထပ်မံဝင်ရောက်

စာ - ၅ သို့



Myanmar Mobile Money(MMM) ကိုအသုံးပြု၍အောက်ပါဝန်ဆောင်မှုများကိုရရှိနိုင်ပါသည်။

ငွေသွင်းငွေထုတ်ခြင်း၊ ငွေလွှဲခြင်း၊ ဝန်ထမ်းလစာ/ ပင်စင်လစာထုတ်ပေးခြင်း၊ လျှပ်စစ်မီတာ Bill ပေးဆောင်ခြင်း၊ e-Topup ဖုန်းပြောခဖြည့်သွင်းခြင်း၊ ဈေးဝယ်ခြင်း ၊ Internet Bill ပေးဆောင်ခြင်း၊ Skynet Bill Payment ပေးသွင်းခြင်း၊ Gift Card ပေးခြင်း၊ ပြည်ပငွေလွှဲ(ထိုင်း)၊ မြန်မာ့အာမခံလုပ်ငန်းသို့ အာမခံပရီမီယံပေးဆောင်ခြင်း၊ E-Commerce လုပ်ငန်းငွေပေးချေမှုများ ဆောင်ရွက်ခြင်း၊ အငြိမ်းစားလစာအပါအဝင် ငွေပို့ငွေလွှဲခြင်း၊ လစာထုတ်ခြင်းများကို ဘဏ်သို့ သွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။

ရုံးချုပ် - အမှတ်(၅၁)ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀ ၁၅၂၁
နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေးလမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄
မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့် ၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆

## အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ ဇူလိုင် ၂၃ ရက်)

# မူလအခြေအနေထက်သာလွန်ကောင်းမွန်သည့် လူမှုစီးပွားဘဝ

တပ်မတော်သည် အစဉ်အလာကောင်းများနှင့်အညီ အကြမ်းဖက်သောင်းကျန်းသူများကို လေ့ခွက်ချည်းကျန် အလံမလဲသည့်စိတ်ဓာတ်၊ တုံးတိုက်တိုက် ကျားကိုက်ကိုက်စိတ်ဓာတ်များဖြင့် ရဲရဲတက်၊ ရဲရဲတိုက်၊ ရဲရဲချေမှုန်းခဲ့ကာ တောင်ခမ်းဒေသတစ်ဝိုက်၌ လိုအပ်သည့်ပြင်ဆင်စုဖွဲ့မှုများ၊ ကွပ်ကဲအုပ်ချုပ်မှုများဖြည့်ဆည်းဆောင်ရွက်ပြီး အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး(Counter- Terrorism Operation)ဆောင်ရွက်၍ နောင်ချိုမြို့ကို ဇူလိုင်လ ၁၆ ရက်က ပြန်လည်သိမ်းပိုက်ရရှိခဲ့သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးနိုင်နိုင်ဦးတို့က စစ်မြေပြင်တွင် စွမ်းစွမ်းတမံထမ်းဆောင်ခဲ့မှုကြောင့် စစ်မြေပြင်တစ်ဆင့်မြင့်ရာထူးတိုးမြှင့်ခြင်းခံရသည့် စစ်သည်များကို နောင်ချိုမြို့၌ ဇူလိုင်လ ၂၁ ရက်က အဆင့်တံဆိပ်များတပ်ဆင်ပေးနေသည့်မြင်ကွင်းများမှာ ချီးမြှင့်ထိုက်သူကိုဂုဏ်ပြုချီးမြှင့်ခြင်းဖြစ်၍ အလွန်ဝမ်းသာကြည်နူးဖွယ်ကောင်းလှသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် ဇူလိုင်လ ၂၁ ရက်က နောင်ချိုမြို့ရှိ အောင်ပွဲရအရာရှိ၊ စစ်သည်များအား ဂုဏ်ပြုစကားပြောကြားစဉ် **“အကြမ်းဖက်သောင်းကျန်းသူများကြောင့် ယာယီနေရပ်စွန့်ခွာနေရသည့် ဒေသခံတိုင်းရင်းသားပြည်သူများအနေဖြင့် တပ်မတော်ကို မည်မျှယုံကြည်အားကိုးသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ ထို့ကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ဒေသခံပြည်သူများစိတ်အေးချမ်းသာစွာဖြင့် နေထိုင်စားသောက်နိုင်ရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန် နယ်မြေလုံခြုံရေးနှင့် နယ်မြေစိုးမိုးရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ အားသာချက်၊ အားနည်းချက်များကိုပြန်လည်သုံးသပ်ကာ စစ်မြေပြင်တွင် အကျိုးရှိစွာအသုံးချသွားရန်လိုကြောင်း၊ ဆက်လက်၍လည်း ထုတ်ပြန်ထားသည့် အမိန့်နှင့်ညွှန်ကြားချက်များကို စစ်သည်တော်ကောင်းတစ်ဦးပီသစွာ လိုက်နာနေထိုင်သွားရန်၊ စိတ်ဓာတ်ပိုင်းဆိုင်ရာကြံ့ခိုင်မှုရှိအောင် လေ့ကျင့်နေထိုင်သွားရန်၊ နိုင်ငံတော်နှင့်တပ်မတော်အပေါ် သစ္စာစောင့်သိကြရန်နှင့် မိမိ မိသားစု၏ဂုဏ်၊ တပ်မတော်ဂုဏ်ကို ဆက်လက်မြင့်တင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်း”**ထည့်သွင်းပြောကြားခဲ့သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့်လည်း တပ်မတော်က နောင်ချိုမြို့အား ပြန်လည်ထိန်းချုပ်ပြီးလျှင်ပြီးချင်း ပထမဆုံးမှာကြားချက်အနေဖြင့် ယနေ့ခေတ်သည် ပညာခေတ်ဖြစ်သည့်အတွက် အတန်းပညာတတ်မြောက်မှသာ အတတ်ပညာကို သင်ယူတတ်မြောက်နိုင်မည်ဖြစ်၍ ပညာတတ်များပေါ်များစေရေး တစ်နှစ်နီးပါးပိတ်ထားခဲ့ရသည့် အခြေခံပညာကျောင်းများကို အမြန်ဆုံးပြန်လည်ဖွင့်လှစ်ပြီး အေးချမ်းပျော်ရွှင်စွာ ကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြားနိုင်ရေး လမ်းညွှန်မှာကြားခဲ့သည်။ နိုင်ငံတော်အစိုးရ ပညာရေးဝန်ကြီးဌာနအနေဖြင့်လည်း ကျောင်းများအမြန်ဆုံးဖွင့်လှစ်နိုင်ရေးနှင့် ဇူလိုင်လ ၂၂ ရက်မှစ၍ ကျောင်းအပ်နှံနိုင်မှုစတင်လက်ခံရန်စီစဉ်ထားပြီးဖြစ်၍ မိမိတို့၏အနာဂတ် နိုင်ငံတော်ကိုဦးဆောင်နိုင်သည့် မျိုးဆက်သစ်ရင်သွေးငယ်များကို စာသင်ကျောင်းများသို့ မဖြစ်မနေပညာသင်ကြားနိုင်ရေးစေလွှတ်ပေးရန်ဖြစ်သည်။ လူတိုင်းအတွက် ဒုတိယအရေးကြီးသည်မှာ ကျန်းမာရေးဆိုင်ရာကိစ္စဖြစ်သည်။ (၂၅)ခုတင်ဆံ့ နောင်ချိုမြို့နယ်ပြည်သူ့ဆေးရုံကိုလည်း အကြမ်းဖက်သောင်းကျန်းသူများ ဖျက်ဆီးခဲ့သည့်အတွက် မူလအခြေအနေသို့ပြန်လည်ရောက်ရှိအောင် အမြန်ဆုံးပြန်လည်ပြုပြင်ပြီး ကျန်းမာရေးစောင့်ရှောက်မှုများ ပုံမှန်အတိုင်းပြန်လည်ဆောင်ရွက်ပေးမည်ဖြစ်သည်။ အရေးပေါ်ကုသရေးလုပ်ငန်းဆောင်ရွက်နိုင်ရန်အတွက် Mobile ဆေးကုသရေးယာဉ်များ မကြာမီရောက်ရှိလာမည်ဖြစ်သည်။

နောင်ချိုမြို့နယ် တည်ငြိမ်အေးချမ်းသာယာရေးနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်သွားရန်အတွက် လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ကြရမည်ဖြစ်သည်။ နောင်ချိုမြို့နှင့်ပတ်ဝန်းကျင်အနီးရှိ ကျေးရွာများတွင် အစိုးရ၏အုပ်ချုပ်မှုယန္တရားလည်ပတ်နိုင်ရေးအတွက် လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိရန်ဆောင်ရွက်သွားမည်ဖြစ်ရာ ဒေသခံပြည်သူများအနေဖြင့် တပ်မတော်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရန်ဖြစ်သည်။

မိမိမြို့/ရွာကို မိမိတို့က ပြန်လည်တည်ဆောက်ရမည်ဖြစ်သဖြင့် အကြမ်းဖက်သောင်းကျန်းသူများ ယာယီဝင်ရောက်ခဲ့စဉ်က ဖျက်ဆီးခဲ့သည့်နေအိမ်များ၊ ရုံးဌာနအဆောက်အအုံများနှင့် လမ်းတံတားများ အမြန်ဆုံးပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် တစ်နိုင်တစ်ပိုင်ဆောင်ရွက်ခြင်းအပြင် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်သည်။ နောင်ချိုဒေသအား မူလအခြေအနေသို့အမြန်ဆုံးပြန်လည်ရောက်ရှိပြီး မူလအခြေအနေထက် သာလွန်ကောင်းမွန်သည့် လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်ရေးကို သက်ဆိုင်သူအားလုံးက တက်ညီလက်ညီဆောင်ရွက်ကြရန်ဖြစ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူလူထု၏လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားဆောင်ရွက်လျက်ရှိပေရာ ဒေသခံပြည်သူအားလုံးကလည်း မိမိတို့ဒေသအား မူလအခြေအနေထက်သာလွန်ကောင်းမွန်သည့် လူမှုစီးပွားဘဝရောက်ရှိရေး နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့်အတူ ပူးပေါင်းဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

# ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှရွှေ့ဆိုင်းခွင့်ရသူများ

**ရွှေ့ဆိုင်းခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ၊ ၁၅(က)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှတင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏ လျှောက်လွှာများကို စိစစ်ရာတွင် အောက်ပါအချက်များနှင့် အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့်ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာတပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။

(ခ) နိုင်ငံ့ဝန်ထမ်းများ။

(ဂ) ပညာသင်ကြားနေသူများ။

(ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိအိုဖအိုများကိုပြုစုလုပ်ကျွေးနေသူများ။

(င) မူးယစ်ဆေးဝါးဖြတ်ရန်ဆေးကုသမှုခံယူနေသူများ။

(စ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ရွှေ့ဆိုင်းခွင့်ပြုသူများ

(က) ဆင့်ခေါ်ရေးအမိန့်စာလက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည်အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။

(ခ) ဆင့်ခေါ်ရေးအမိန့်စာလက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆဖြစ်ရပ်တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန်ဒဏ်ရာရရှိသူဖြစ်ခြင်း။

(ဂ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ၊ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

(င) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှယာယီရွှေ့ဆိုင်းပေးရန်မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

# မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)အသုံးပြုခြင်း ဆင့်ပွားသင်တန်းဖွင့်လှစ်

ချောင်းဆုံ ဇူလိုင် ၂၂

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်ရှိ မဲဆန္ဒရှင်ပြည်သူများ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲလက်မှတ်ဖြင့်မဲပေးခြင်းစနစ်အစား အီလက်ထရောနစ်မဲပေးစက်ဖြင့် မဲပေးနိုင်ရေးအတွက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ကြီးကြပ်မှုဖြင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှဖွင့်လှစ်သည့် မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)အသုံးပြုခြင်း ဆင့်ပွားသင်တန်းဖွင့်ပွဲကို ဇူလိုင်လ ၂၁ ရက် နံနက်ပိုင်းတွင် ချောင်းဆုံမြို့ ကျွန်းသာယာခန်းမ၌ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်နိုင်ဝင်းက အဖွင့်အမှာစကားပြောကြားရာ၌ မဲပေးစက်ဖြင့်မဲပေးခြင်းသည် မိမိတို့နိုင်ငံအတွက် ပထမဆုံးအကြိမ် ဆောင်ရွက်ခြင်းဖြစ်ပြီး မဲဆန္ဒရှင်ပြည်သူများ လွယ်ကူစွာမဲပေးနိုင်ရေးနှင့် မဲပေးစက်ကိုင်တွယ်မည့်သူများ စနစ်တကျကိုင်တွယ်နိုင်ရေးအတွက် သင်ကြားပို့ချသွားကြရန် လိုကြောင်း ပြောကြားသည်။

ထို့နောက် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူများက ဆင့်ပွားသင်တန်းတက်ရောက်လာကြသူများအား မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM) အသုံးပြုပုံများကို ရှင်းလင်းပြသသည်။

အဆိုပါသင်တန်းသို့ အခြေခံပညာဦးစီးဌာနမှ သင်တန်းသား၊ သင်တန်းသူ ၃၈၆ ဦး တက်ရောက်ပြီး သင်တန်းတွင် သင်တန်းနည်းပြ ခုနစ်ဦးတို့က တစ်ရက်လျှင် သင်တန်းသားဦးရေ ၁၀၀ နှုန်းဖြင့် ဇူလိုင်လ ၂၁ ရက်မှ ၂၄ ရက်အထိ လေးရက်ကြာ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ (၄၀၆)

## သဇင်(FM)အသံလွှင့်အစီအစဉ်

၂၃-၇-၂၀၂၅(ဗုဒ္ဓဟူးနေ့)

| | | |
|---|---|---|
| ၁။ | ၀၉:၀၀ | Market News |
| ၂။ | ၁၁:၅၀ | နွယ်မြက်သစ်ပင်ဆေးဖက်ဝင် |
| ၃။ | ၁၃:၀၀ | ပြည်သူ့ကြားက ပြည်သူ့စကား |
| ၄။ | ၁၄:၅၀ | ဖတ်သမျှ မှတ်သမျှ |
| ၅။ | ၁၅:၃၅ | Happy Zone |
| ၆။ | ၂၁:၄၀ | ချောက်ချောက်ချားချားဖြစ်ရပ်များ |

မြဝတီ နေ့စဉ်
the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၁၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# မန္တလေးမြို့အတွင်း ယာဉ်ကြောပိတ်ဆို့မှုများကို ဖြေရှင်းနိုင်ရေးအတွက် ရွှေ့လျားမီးပွိုင့်များအသုံးပြုနိုင်ရန် စီစဉ်ဆောင်ရွက်



မန္တလေး ဇူလိုင် ၂၂

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီအနေဖြင့် မန္တလေးမြို့အတွင်း ယာဉ်ကြောပိတ်ဆို့မှုများကို ဖြေရှင်းနိုင်ရေးအတွက် ရွှေ့လျားမီးပွိုင့်များအသုံးပြုနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ အဆောက်အအုံနှင့် ကုန်ရုံဌာနမှ သိရသည်။

အဆိုပါ ရွှေ့လျားမီးပွိုင့်များကို အများပြည်သူ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းစွာ လိုရာခရီးသို့ အဆင်ပြေချောမွေ့စွာသွားလာနိုင်ရေးအတွက် မန္တလေးမြို့ရှိ အဓိကလမ်းဆုံ၊ လမ်းမကြီးများနှင့် လမ်းကျဉ်းပြီး အချိန်ပိုင်း ယာဉ်ကြောကျပ်တည်းသော လမ်းဆုံနေရာများ၌ ယာယီချထားအသုံးပြုရန် စီစဉ်ထားကြောင်း သိရသည်။

လက်ရှိတွင် ထိုရွှေ့လျားမီးပွိုင့်များကို အမြင့်သုံးမျိုး စမ်းသပ်ပြုလုပ်ထားပြီး လမ်းပေါ်၌ အလွယ်တကူချထားအသုံးပြုနိုင်စေရန် တီထွင်ဆောင်ရွက်ထားသည့် အပြင် ဆိုလာစနစ်နှင့် Back up battery တို့ကို တပ်ဆင်အသုံးပြုထားသောကြောင့် နေ့အချိန်တွင်သာမက ညအချိန်တွင်လည်း ကောင်းစွာအလုပ်လုပ်နိုင်ကြောင်း သိရသည်။

ယင်းရွှေ့လျားမီးပွိုင့်များကို မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ အဆောက်အအုံနှင့် ကုန်ရုံဌာနမှ အင်ဂျင်နီယာများက စက်များနှင့် Frame Body မှစ၍ ကိုယ်တိုင်ဒီဇိုင်းရေးဆွဲကာ တီထွင်ထုတ်လုပ်ထားခြင်းဖြစ်ပြီး ယခုအခါ မန္တလေးမြို့အတွင်းရှိ ယာဉ်ကြောကျပ်တည်းသော လမ်းဆုံနေရာတချို့၌ စတင်စမ်းသပ်အသုံးပြုနေပြီဖြစ်ကြောင်း သိရသည်။

**ဆောင်းဦး**

# ရန်ကုန်တိုင်းဒေသကြီးအတွင်း သွေးလွန်တုပ်ကွေးရောဂါကြောင့် သေဆုံးမှုလျော့ချရေး အထူးစီမံချက်ဖြင့်ဆောင်ရွက်နေ

ရန်ကုန် ဇူလိုင် ၂၂

ရန်ကုန်တိုင်းဒေသကြီးအတွင်း သွေးလွန်တုပ်ကွေးရောဂါကြောင့် နာမကျန်းမဖြစ်စေရေးနှင့် သွေးလွန်တုပ်ကွေးရောဂါကြောင့် သေဆုံးမှုလျော့ချရေးအတွက် အထူးစီမံချက်ဖြင့်ဆောင်ရွက်နေကြောင်း သိရသည်။

ယင်းအထူးစီမံချက်ကို ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှဦးဆောင်၍ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှုနှုန်းများသည့် မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများ၌ ဇူလိုင်လ ၂၁ ရက်မှ ၃၀ ရက်အထိ အရှိန်အဟုန်မြင့် ဆောင်ရွက်နေခြင်းဖြစ်သည်။


"ကျန်းမာရေးဝန်ကြီးဌာနက ညွှန်ကြားတဲ့အတိုင်း မိုးမကျမီ ဆောင်းဦးကာလကတည်းက သွေးလွန်တုပ်ကွေးရောဂါမဖြစ်အောင် ပိုးလောက်လမ်းနှိမ်နင်းရေးလုပ်ငန်းတွေဖြစ်တဲ့ ဖုံး၊ သွန်၊ ခပ်၊ စစ်၊ လောင်း၊ ထောင်၊ လဲ၊ ဖွင့်၊ မြှုပ်၊ ရှင်းဆိုတဲ့ လုပ်ငန်းတွေကို ကျွန်တော်တို့ ကြိုးစားပြီးတော့ ပြည်သူလူထုအခြေပြု၊ ကျောင်းအခြေပြု ရောဂါဖြစ်ပွားလာရင် အိမ်တွေအထိလိုက်ပြီးတော့ ဆောင်ရွက်နေပါတယ်။ လောလောဆယ်တော့ ရောဂါဖြစ်စေတဲ့ပိုးတွေ သယ်ဆောင်ထားတဲ့ ခြင်တွေသေအောင် ခြင်ဆေးဖျန်းပြီးသွားတာနဲ့ ပြည်သူတွေက ကျန်းမာရေးဝန်ထမ်းတွေနဲ့ပူးပေါင်းပြီး ပိုးလောက်လမ်းနှိမ်နင်းရေးလုပ်ငန်းတွေကို မိမိဝန်းကျင်မှာလုပ်ဆောင်ကြဖို့လိုအပ်ပါတယ်"ဟု ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာနန္ဒဝင်းကပြောသည်။

အဆိုပါ အထူးစီမံချက်ကို ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ဦးဆောင်မှုဖြင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့၊ ကြက်ခြေနီအသင်း၊ မီးသတ်တပ်ဖွဲ့ စသည့်အဖွဲ့အစည်းများနှင့် ရပ်ရွာရှိ ပရဟိတအဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များက ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားမှုအများဆုံး အရွယ်မှာ အသက် ၅ နှစ်မှ ၉ နှစ်အထိဖြစ်ပြီး သေဆုံးမှုတွင်လည်း ထိုအသက်အရွယ်အပိုင်းအခြားများသာ အများဆုံးဖြစ်ကြောင်း၊ ယခုနှစ် ရန်ကုန်တိုင်းဒေသကြီး၌ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှုတွင် အသက်နှစ်လအရွယ်မှ ၈၅ နှစ်အထိ ပါဝင်ကြောင်းနှင့် သေဆုံးမှုအနေဖြင့် ဇွန်လကုန်မှ ဇူလိုင်လအထိ သေဆုံးသူ ၁၂ ဦးရှိကြောင်း သိရသည်။

**ဝန်းရံခ**

# ညောင်တုန်းမြို့နယ်၌ ဒေသထွက်တိုင်ထောင်ပဲသီးများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်



ညောင်တုန်း ဇူလိုင် ၂၂

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်၌ ဒေသထွက်တိုင်ထောင်ပဲသီးများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း ညောင်တုန်းမြို့နယ်မှ ကုန်စိမ်းရောင်းဝယ်ရေးပွဲရုံလုပ်ငန်းလုပ်ကိုင်သူ ဒေါ်ညိုညို၏ပြောပြချက်အရ သိရသည်။

ညောင်တုန်းမြို့နယ်၌ လက်ရှိ ဒေသထွက်တိုင်ထောင်ပဲသီးများ အရောင်းအဝယ်ကောင်းမွန်လျက်ရှိပြီး တစ်ရက်လျှင် ပိဿာ ၄၅၀၀ မှ ၆၅၀၀ အထိ အရောင်းအဝယ် ကောင်းမွန်နေကြောင်း သိရသည်။

"ညောင်တုန်းမြို့နယ်ကနေ ထွက်တဲ့တိုင်ထောင်ပဲသီးတွေကို တခြားမြို့နယ်တွေက ဝယ်လိုအားများနေတာပါ။ လက်ရှိတစ်ရက်ကို တိုင်ထောင်ပဲသီးပိဿာ ၆၅၀၀ လောက် အရောင်းအဝယ်ကောင်းနေပါတယ်။ ဒေသထွက်ကုန်တွေ အများအပြားစိုက်ပျိုးထုတ်လုပ်ရောင်းချနိုင်တော့ သယ်ယူစရိတ်တွေလည်းသက်သာပြီး သန့်ရှင်းလတ်ဆတ်တဲ့ စားသောက်ကုန်တွေကို စားသုံးနိုင်မှာဖြစ်ပါတယ်။ အခုလို ဒေသထွက်တိုင်ထောင်ပဲသီးတွေ ဝယ်လိုအားကောင်းလာတော့ ဟင်းသီးဟင်းရွက်စိုက်ပျိုးတဲ့တောင်သူတွေ အဆင်ပြေလာပါတယ်"ဟု ဒေါ်ညိုညိုကပြောသည်။

ညောင်တုန်းမြို့နယ်၌ လက်ရှိ တိုင်ထောင်ပဲသီးများအပါအဝင် ဒေသထွက် ရာသီပေါ်ဟင်းသီးဟင်းရွက်များ ပေါ်သည့်အချိန်ဖြစ်ကြောင်း၊ အဆိုပါ ဒေသထွက်ကုန်များသာရောင်းချရသည့်အတွက် သယ်ယူစရိတ်ကုန်ကျမှုသက်သာခြင်း၊ လတ်ဆတ်သည့်သီးနှံများကို အရောင်းအဝယ်ပြုလုပ်ရခြင်း စသည့် အကျိုးကျေးဇူးများစွာရရှိကြောင်း သိရသည်။

**သုတကျော်**



# တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း

**ယမန်နေ့မှအဆက်**

ကမ္ဘာကျော် အင်္ဂလိပ်ဝတ္ထုရေးဆရာကြီး တစ်ယောက်ဖြစ်သော ဆာဝေါလ်တာ စကော့သည် ဝတ္ထုပေါင်းမြောက်မြားစွာကို မြင်းစီးရင်း စိတ်ကူးသည်ဆိုသကဲ့သို့ ကျွန်ုပ်သည်လည်း ခေတ်ကောင်း၍ လုံခြုံမှုရှိခဲ့လျှင် မန်ကျည်းတုံရွာ၌နေပြီး မြင်းစီးရင်း စိတ်ကူးဖို့ မကြာခဏ အကြံရခဲ့ဖူး၏။ မာဆဒိဘင့်ကားကိုမြင်ရ၍ ကျွန်ုပ်သည် သွားရည်မယို။ အသားကျ မြင်းကောင်းကောင်းနှင့် လမ်းဖြူးဖြူးဖြောင့်ဖြောင့်ကို မြင်ရလျှင် စိတ်ထဲ၌ ရိုးတိုးရွတ ဖြစ်မိပါသည်။

ဦးထင်သည် စကားခပ်နည်းနည်း လူတစ်ယောက်ဖြစ်သော်လည်း ငယ်သူငယ်ချင်းချင်းဆုံမိ၍ လွတ်လပ်စွာစကားပြောခွင့်ရသောအခါများ၌ ဖြစ်တတ်သော ထုံးစံအတိုင်း သားရေး၊ သမီးရေးမှစ၍ ငယ်ပေါင်းကြီးဖော်များအကြောင်းကို စိတ်ထဲ၌ ရှိသမျှ အပြန်အလှန် ဖွင့်ဟပြောပြကြရခြင်းသည်လည်း နေ့တိုင်းတွေ့ကြုံခံစားကြရသောအရသာမျိုး မဟုတ်ပေ။ တစ်ခါတစ်ရံတွင် ကျွန်ုပ်က ကစားဖော်သူငယ်ချင်းအဖြစ်နှင့်သိခဲ့ရသော ဒေါ်စုနှင့် ဦးထင်ဇနီးအဖြစ်နှင့် သိရသော ဒေါ်စုသည် ဘယ်လိုများနေသည်ဟု ကျွန်ုပ်သိလိုသဖြင့် တီးခေါက်စုံစမ်းမိခြင်းများလည်းပါရှိ၏။ တစ်ချက်တစ်ချက် စကားပြတ်သွားသည်တွင် ကျွန်ုပ်သည် ရွှေတချောင်းဘက်သို့လှမ်းကြည့်၍ စံဒေဝီကိုပိုးပန်းစဉ်က သူငယ်ချင်းများနှင့် တောင်ပြုန်းပွဲသို့ သွားကြသည့်အဖြစ်များကိုလည်း သတိရမိ၏။ တန်ဆောင်မုန်းလရာသီဖြစ်သော်လည်း နေသည် အတော်ပူပြင်းလျက်ရှိသည်ဖြစ်၍ သစ်ပင်ရိပ်ကောင်းကောင်းတွေ့ရသည့်အခါ မြင်းများကိုလည်း အနားပေးရင်း အရိပ်အောက်သို့ ဝင်ကြပြီးလျှင် ဆေးတစ်ဆုံတလေ သောက်ရှူရခြင်းသည်လည်း သေးငယ်သော ဇိမ်မဟုတ်ပေ။

**အဘိဇ္ဈာစိတ်လော**

ကျွန်ုပ်တို့သည် မတ္တရာမြို့ကိုကျော်လွန်၍ မြောက်အရပ်သို့ ဆက်လက်စီးသွားကြရာ တံငါသည်ရွာလေးသို့ ရောက်သောအခါ ခရီးအဆုံးသို့ရောက်ကြလေပြီ။ ဦးထင်သည် ယင်းရွာ၌ အတော်ကျယ်ဝန်းသည့် မြေကွက်ကြီးတစ်ခုရှိ၍ ၎င်းတွင် အသီးအနှံများစိုက်ပျိုးရန် ကြံရွယ်ချက်ရှိသည့်အလျောက် ခြံစောင့်သော လူနှင့်တွေ့ရန်ကိစ္စအတွက် လာခဲ့ခြင်းဖြစ်သည်ဆို၏။ ကျွန်ုပ်တို့လာမည့်အကြောင်းကို ကြိုတင်အကြောင်းကြားခြင်း မရှိသဖြင့် ခြံစောင့်သည် ကျွန်ုပ်တို့ရောက်ခါမှ ညစာထမင်းချက်ပြုတ်ရန် စီမံလေရာ ကျွန်ုပ်မှာ ဆာရချေသေးဟူသော စိုးရိမ်မှုသည် မဖြစ်ပေါ်ဘဲမနေနိုင်အောင် ရှိပါတော့သည်။ မြင်းများကို ကုန်းဖြုတ်၍ ခြံကြီးအတွင်း လှန်ကြိုးများနှင့် လွှတ်ထားလေရာ မြင်းချစ်တတ်သော ကျွန်ုပ်မှာ ၎င်းတို့အတွက် စားစရာမြက်ပေပါလေ၏လောဟု ထွက်၍ကြည့်မိပါသေးသည်။ မြက်များမှာ အလိပ်အလိပ်ထသည့်တိုင်အောင် ထူထပ်ပေါများခြင်းကိုမြင်ရ၍ သဘောကျလှသည်။ ထို့နောက် ဦးထင်၏မြေကွက်ဝင်းထရံအနီးတွင်ကပ်၍ တသွင်သွင်စီးလျက်ရှိသော ချောင်းလေးသို့ သွားပြီး အပန်းပြေရေချိုးရ၏။ ရေဆိပ်မှ တက်လာ၍ ရေရှင်နှင့်နီးသော ခြံ၏အခြေအနေကိုလည်းကောင်း၊ ကျယ်ဝန်းခြင်း၊ မြက်ပေါခြင်း၊ မြေသြဇာကောင်းပုံရခြင်းတို့ကိုလည်းကောင်း မြင်ရသည့်အခါ ကျွန်ုပ်၌ စိတ်အကြံတစ်ခု ဖြစ်ပေါ်လာပါသည်။ ကျွန်ုပ်သည် သူတစ်ထူး၏ပစ္စည်းကို မြင်ရသည့်အခါ 'ငါ့ပစ္စည်းဖြစ်ရလျှင် ကောင်းလေစွ' ဟူသော အဘိဇ္ဈာစိတ်မျိုးဖြစ်ပေါ်ခဲ့လှပါသည်။ သို့ပါလျက်နှင့်ပင် အထက်ပါအခြင်းအရာတို့ကို တွေ့မြင်ရသောအခါ မန်ကျည်းတုံရွာ၌ မြင်းမွေးပြီး နေချင်လှသည်ဆိုသော ယခင်စိတ်ကူးအစား ဤနေရာ၌ မြင်းမွေးရင်း ဆာဝေါလ်

"မြင်းစီးခြင်းသည် ယောက်ျားတိုင်းတတ်အပ်သော ပညာတစ်ခု ဖြစ်ခဲ့ရာ ဤခေတ်၌မူ ဂျော်ကီများလောက်သာ တတ်တော့သည်အထိ ကွယ်ပျောက်သွားခြင်းမှာ ဝမ်းနည်းဖွယ်တစ်ရပ် ဖြစ်ပါတော့သည်။ တချို့က ကားကောင်းစီးရခြင်းလောက် ဇိမ်မရှိဟု ပြောတတ်ကြလေရာ အသက်မရှိသော စတီယာရင်ဘီးကိုကိုင်ကာ ကူရှင်ပေါ်သို့ ထိုင်၍ လိုက်ရခြင်းနှင့် အသက်ရှိသော သတ္တဝါပေါ်၌ ခွ၍ထိုင်ကာ ဇက်ကိုထိန်း၍ လိုက်ရခြင်းတို့၏ အရသာချင်းကွာခြားပုံကို မြင်းကောင်းစီးဖူးသူများသာလျှင် နားလည်ကြပေလိမ့်မည်. . ."

တာစကော့လုပ်နေရလျှင် လောကစည်းစိမ်တွင် အထွတ်အထိပ်ပေတည်းဟူသော တမ်းတမှုဖြစ်မိခြင်းကို ဝန်ခံပါသည်။ ဦးထင်သည် ရေကြိုက်သူတစ်ယောက်မဟုတ်သဖြင့် ကျွန်ုပ်နှင့်အတူ ရေမချိုးဘဲ တဲထဲ၌နေရစ်လေရာ တဲဝ၌ ရပ်လျက်ရှိသော ဦးထင်ကိုမြင်မိ၍ 'ချင်းလက် စိန်ရောက်လေသည်တကား' ဟု တွေးမိပါသေးသည်။ ထိုည၌ စားရသည့် ချဉ်ပေါင်ဟင်း ငါးလေးချက်၊ ငါးပိကောင်ကင်နှင့် ထမင်းတစ်နပ်မှာ (မြင်းစီးရ၍ ဗိုက်လှုပ်ပြီး ဝမ်းချောင်သည့်အတွက်ကြောင့်) အမြိန်ဆုံးစာရင်းဝင် ထမင်းတစ်နပ်ဖြစ်ပါပေသည်။

**ငါးနှင့် ခရုသဲ့**

'ကွမ်းမစားစဖူး စားလျှင် ထုံးပေါက်၊ မြင်းမစီးစဖူး စီးလျှင် ကုန်းပေါက်' ဟူသော စကားပုံအတိုင်း ဦးထင်မှာ ကုန်းပေါက်မပေါက်ကား မမှတ်မိတော့။ တစ်ကိုယ်လုံး ရိုက်ခြေထားသကဲ့သို့ဖြစ်ပြီး နံနက်၌ ရုတ်တရက်မထနိုင်ခြင်းကိုကား မှတ်မိပါသေးသည်။ မည်သို့ပင်ဖြစ်စေ နံနက်စာစားပြီး၍ ပြန်တော့မည်ပြုသောအခါ ဦးထင်မှာ မြင်းပေါ်သို့ မတက်ဝံ့လောက်အောင် ကိုယ်လက်တွေ နာကျင်လျက်ရှိသောကြောင့် ကျွန်ုပ်နှင့်အတူ မလိုက်တော့ဘဲ လှည်းနှင့်လာတော့မည်ဆိုကာ ချန်နေရစ်ပါတော့သည်။ သို့ဖြစ်၍ ကျွန်ုပ်မှာ အပြန်ခရီး၌ မြင်းစီးပြီး တစ်ကိုယ်တည်းလာရ၍ ခပ်သုတ်သုတ်နှင်ခဲ့သည်တွင် နေ့လယ်ကြော်၌ပင် ကပိုင်ရွာသို့ ပြန်ရောက်ခဲ့လေ၏။ ဦးထင်မှာမူ ညနေစောင်းမှ မြင်းကို လှည်းနောက်သို့ ချိတ်ဆွဲကာ လှည်းပေါ်တွင် လျောင်းလျက် ရောက်လာလေ၏။ သူ့သမက်လောင်း မောင်နေဝင်းသည် ဤအဖြစ်အပျက်ကို မြင်ရာ သမက်ဖြစ်လာသောအချိန်၌ ဤအကြောင်းကို ရယ်မောပြောလေ့ရှိ၏။ "ငါးတုလို့ ခရုပွက်ဆိုတဲ့စကားဟာ ဟုတ်တာပဲ၊ အသွားတုန်းကတော့ မြင်းကိုယ်စီနဲ့ ကြော့ကြော့မော့မော့၊ အပြန်ကျတော့ တစ်ယောက်ကမြင်းနဲ့ပြန်၊ တစ်ယောက်ကတော့ လှည်းနဲ့တိုက်လာခဲ့ရတာတော့ ဗျာ"ဟု ပြောဖူးလေသည်။ မြင်းစီးခြင်းသည် ယောက်ျားတိုင်းတတ်အပ်သော ပညာတစ်ခုဖြစ်ခဲ့ရာ ဤခေတ်၌မူ ဂျော်ကီများလောက်သာ တတ်တော့သည်အထိ ကွယ်ပျောက်သွားခြင်းမှာ ဝမ်းနည်းဖွယ်တစ်ရပ် ဖြစ်ပါတော့သည်။ တချို့က ကားကောင်းစီးရခြင်းလောက် ဇိမ်မရှိဟု ပြောတတ်ကြလေရာ အသက်မရှိသော စတီယာရင်ဘီးကိုကိုင်ကာ ကူရှင်ပေါ်သို့ ထိုင်၍ လိုက်ရခြင်းနှင့် အသက်ရှိသော သတ္တဝါပေါ်၌ ခွ၍ထိုင်ကာ ဇက်ကိုထိန်း၍ လိုက်ရခြင်းတို့၏ အရသာချင်း ကွာခြားပုံကို မြင်းကောင်းစီးဖူးသူများသာလျှင် နားလည်ကြပေလိမ့်မည်။

**သံသရာခရီးသည်များ**

ကျွန်ုပ်သည် ဦးထင်၊ ဒေါ်စုထံမှ ငွေချေးရန် လာခဲ့ခြင်းဖြစ်ရာ ဒေါ်စု၏ ညီမ မသက်ရှည် မကျန်းမာသည့်အတွက်ကြောင့် (မြို့စားတို့၏ထုံးစံအတိုင်း) မြို့ရှင်၏ မျက်နှာသာမှုကို စောင့်ကြည့်ရသည်နှင့်ပင် တစ်လနီးပါးမျှ အချိန်ကုန်သွားခဲ့လေပြီ။ ထိုအတောအတွင်း ကျွန်ုပ်သည် ဦးထင်နှင့်အတူအိပ်၍ ညဥ့်နက်အောင် စကားပြောကြရင်းနှင့်ပင် သူ့အကြောင်းကို လေ့လာခွင့်ရရှိခြင်းအားဖြင့် 'ရင်ဘတ်မိတ်ဆွေ'အဖြစ်သို့ ရောက်သွားခဲ့ပါလေပြီ။ ဤလူတစ်ယောက်ကား ကျွန်ုပ်တွေ့ဖူးသမျှသော မိတ်ဆွေများအနက်တွင် ကုသိုလ်ကံအကောင်းဆုံး တစ်ယောက် အပါအဝင်ဖြစ်သည်ဟု မြင်လာ၏။ သူသည် ကျွန်ုပ် လေးပုံတစ်ပုံမျှ ကြိုးစားရသူတစ်ယောက် မဟုတ်ပါဘဲလျက် အလိုက်သင့် အလျားသင့် ကံထောက်ပံ့သည်နှင့်ပင် စီးပွားရေးလောကဓံလှိုင်းများ၏ပုတ်ခတ်ခြင်းမှ လွတ်ကင်း၍ ကျွန်ုပ်ထက် အဆပေါင်းများစွာ စိတ်၏ ငြိမ်းချမ်းမှုရလောက်သောအခြေအနေ ရှိနေသူတစ်ယောက်ဖြစ်လေသည်။ တစ်သက်ပတ်လုံး အလုပ်နှင့်လက် မပြတ်အောင်လုပ်ကိုင်လာခဲ့သော ကျွန်ုပ်သည် (ထိုအချိန်တွင်) ဝမ်းရေးအတွက် တစ်ယောက်တည်း ဟိုပြေး သည်ပြေး ပြေးလွှားနေရသော်လည်း သူ့မှာမူ လှုပ်ကာလှည့်ကာနှင့်ပင်သားသမီး၊ သားမယားအပြင် ဆွေမျိုးဉာတိအခြွေအရံ အသင်းအပင်းနှင့် ဥမကွဲ သိုက်မပျက်နေရသော အခြေအနေရှိ၏။ **ဆက်လက်ဖော်ပြပါမည်။**

## ဟိုပုံးမြို့ လူထုအခြေပြုဗဟိုဌာန၌ စက်ချုပ်နည်းပညာ(မွမ်းမံ) သင်တန်းဖွင့်လှစ်

ဟိုပုံး ဇူလိုင် ၂၂

ရှမ်းပြည်နယ်(တောင်ပိုင်း) ဟိုပုံးမြို့နယ်၌ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှဖွင့်လှစ်သည့် ပအိုဝ်းရိုးရာအမျိုးသမီးဝတ်စုံ စက်ချုပ်နည်းပညာ(မွမ်းမံ)သင်တန်းကို ဇူလိုင်လ ၂၂ ရက်တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဆင့်ရုံးရှိ လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးခွန်ကောင်းချစ်ထွန်းက အမှာစကားပြောကြားရာတွင် ယခုဖွင့်လှစ်သည့် မွမ်းမံသင်တန်း၌ ပအိုဝ်းရိုးရာအမျိုးသမီးဝတ်စုံချုပ်နည်းကို သင်ကြားပေးမည်ဖြစ်ကြောင်း၊ သင်တန်းသူများအနေဖြင့် မိမိတို့ကျေးရွာ၊ ရပ်ကွက်၊ ဒေသအတွင်း တစ်နိုင်တစ်ပိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းငယ်များ ပေါ်ထွက်လာပြီး ထိုလုပ်ငန်းများမှသည် အလတ်စား၊ အကြီးစားစက်မှုလုပ်ငန်းများအထိ တက်လှမ်းနိုင်အောင် ကြိုးစားကြစေလိုကြောင်း၊ သို့မှသာ နိုင်ငံ့ဝင်ငွေတိုးတက်ရရှိပြီး နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေမည်ဖြစ်ကြောင်း ပြောကြားသည်။



ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးခွန်ကောင်းချစ်ထွန်း၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဆင့်ရုံး လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်အိအိသန်းနှင့် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဦးစီးအရာရှိ ဦးညီညီအောင်တို့က သင်တန်းသူများထံ သင်တန်းသုံးပစ္စည်းများ အသီးသီးပေးအပ်ကြသည်။

အဆိုပါသင်တန်းကို ဇူလိုင်လ ၂၂ ရက်မှ ဩဂုတ်လ ၅ ရက်အထိ စာတွေ့လက်တွေ့ ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။ **ချမ်းမြေ့**

# နောင်ချိုမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းအပ်စတင်လက်ခံ၊ နောင်ချိုမြို့ ယာယီဆေးရုံ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် ဇူလိုင် ၂၂

တပ်မတော်က ပြည်သူလူထုအေးချမ်းစွာနေထိုင်နိုင်ရေးအတွက် အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး (Counter- Terrorism Operation) ဆောင်ရွက်ကာ ပြန်လည်ထိန်းချုပ်ထားသည့် ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ နောင်ချိုမြို့၌ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တပ်မတော်သားများ ပူးပေါင်း၍ ဒေသခံပြည်သူလူထုလုံခြုံရေးနှင့် လိုအပ်သည့်ကူညီထောက်ပံ့မှုများ ဆောင်ရွက်ပေးနိုင်ရေး၊ အစိုးရ၏အုပ်ချုပ်မှုယန္တရားများဖြစ်သည့် ရုံးများပြန်လည်ဖွင့်လှစ်နိုင်ရေး၊ ကလေးသူငယ်များ ပညာသင်ကြားနိုင်ရေးအတွက် စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်ပေးနိုင်ရေး၊ ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအတွက် ဆေးရုံများပြန်လည်ဖွင့်လှစ်နိုင်ရေးစသည့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက်ရှိသည်။



နောင်ချိုမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းသား၊ ကျောင်းသူများအား ကျောင်းအပ်လက်ခံစဉ်။



နောင်ချိုမြို့ရှိ စာသင်ကျောင်း၌ တပ်မတော်သားများက သန့်ရှင်းရေးဆောင်ရွက်ပေးစဉ်။



နောင်ချိုမြို့ ယာယီဆေးရုံ၌ ဒေသခံတိုင်းရင်းသားပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

တပ်မတော်ကနောင်ချိုမြို့အားပြန်လည်ထိန်းချုပ်ပြီးလျှင်ပြီးချင်း နိုင်ငံတော်ဝန်ကြီးချုပ်၏ ပထမဆုံးလမ်းညွှန်မှာကြားချက်အနေဖြင့် ယနေ့ခေတ်သည် ပညာခေတ်ဖြစ်သည့်အတွက် အတန်းပညာတတ်မြောက်မှုသာ အတတ်ပညာကိုသင်ယူတတ်မြောက်နိုင်မည်ဖြစ်သည့်အတွက် ပညာတတ်များပေါ်များစေရန် တစ်နှစ်နီးပါးပိတ်ထားခဲ့ရသည့် အခြေခံပညာကျောင်းများကို အမြန်ဆုံးပြန်လည်ဖွင့်လှစ်ပြီး ကျောင်းသား၊ ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနိုင်ရေးတို့ကို ဦးစားပေးဆောင်ရွက်ရန် လမ်းညွှန်မှာကြားခဲ့သည်။

ထို့ကြောင့် နောင်ချိုမြို့ရှိအခြေခံပညာကျောင်းများ အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရေးနှင့် ကျောင်းသား၊ ကျောင်းသူများ အေးချမ်းစွာပညာသင်ကြားနိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများပူးပေါင်း၍ အကြမ်းဖက်သောင်းကျန်းသူများ ဖျက်ဆီးခဲ့သည့် ကျောင်းအဆောက်အအုံနှင့် ပရိဘောဂပစ္စည်းများပြုပြင်ခြင်း၊ ကျောင်းပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေးနှင့် မိုင်းအန္တရာယ်ကင်းရှင်းရေးတို့အတွက် လိုအပ်သည်များ ဆောင်ရွက်ပေးမှုနှင့်အတူ ဒေသခံတိုင်းရင်းသားမိဘပြည်သူများ၏ ပူးပေါင်းပါဝင်လာခဲ့မှုကြောင့် ယနေ့တွင် နောင်ချိုမြို့ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းနေအရွယ်ကလေးများအား တန်းစဉ်အလိုက် စတင်ကျောင်းအပ်လက်ခံနိုင်ခဲ့ရာ ကျောင်းလာရောက်အပ်နှံနိုင်မှုအနေဖြင့် ကျောင်းသား၊ ကျောင်းသူ ၁၆၅ ဦးရှိကြောင်းသိရှိရသည်။ အဆိုပါ ကျောင်းအပ်နှံသည့် ကျောင်းသား၊ ကျောင်းသူများအတွက်ဌာနဆိုင်ရာ တာဝန်ရှိသူများက လိုအပ်သည်များ ဆောင်ရွက်ပေးပြီး ကျောင်းသား၊ ကျောင်းသူများအတွက် ပညာရေးဝန်ကြီးဌာနမှ အခမဲ့ပေးအပ်သည့် ကျောင်းသုံးစာအုပ်များ၊ စာရေးကိရိယာများနှင့် ကျောင်းဝတ်စုံများအား ကျောင်းသား၊ ကျောင်းသူများထံသို့ တစ်ပါတည်းပေးအပ်ကြသည်။

ထို့ပြင် နောင်ချိုမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၂) အခြေခံပညာမူလတန်းကျောင်း၊ အမှတ်(၃) အခြေခံပညာမူလတန်းကျောင်းနှင့် အခြေခံပညာမူလတန်းကျောင်း (သပြေရေ)တို့၌လည်း စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ကျောင်းဝင်းအတွင်းအပြင် သန့်ရှင်းသာယာရေးအတွက် တပ်မတော်သားများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် အခြားလိုအပ်သည်များအား ဆောင်ရွက်ပေးသည်။

ထို့ပြင် နိုင်ငံတော်ဝန်ကြီးချုပ်၏ ဒုတိယလမ်းညွှန်ချက်အနေဖြင့် ကျန်းမာရေးဆိုင်ရာကိစ္စဖြစ်ပြီး အကြမ်းဖက်သောင်းကျန်းသူများ ဖျက်ဆီးခဲ့သည့် (၂၅) ခုတင်ဆံ့ နောင်ချိုမြို့နယ်ပြည်သူ့ဆေးရုံအား မူလအခြေအနေသို့ ပြန်လည်ရောက်ရှိအောင် အမြန်ဆုံးပြန်လည်ပြုပြင်ပြီး ကျန်းမာရေးစောင့်ရှောက်မှုများ ပုံမှန်အတိုင်းပြန်လည်ဆောင်ရွက်ပေးရန်ဖြစ်သည့်အတွက် အဆိုပါဆေးရုံအား ပြန်လည်ပြုပြင်နေစဉ်ကာလအတွင်း မြနန်းတော်ဝင်မင်္ဂလာခန်းမ၌ တပ်မတော်နှင့် ကျန်းမာရေးဝန်ကြီးဌာနမှ ပူးပေါင်း၍ ယာယီဆေးရုံဖွင့်လှစ်ပြီး ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ဒေသခံတိုင်းရင်းသားပြည်သူ ၁၈၂ ဦးတို့ကို သွေးလွန်တုပ်ကွေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများနှင့် ကာကွယ်ဆေးထိုးပေးခြင်းများ ဆောင်ရွက်ပေးသည်။

၎င်းအပြင် နောင်ချိုမြို့နယ် တည်ငြိမ်အေးချမ်းသာယာရေး၊ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ အေးချမ်းစွာ လူမှုစီးပွားဘဝလုပ်ကိုင်စားသောက်နိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေလုံခြုံရေးနှင့် နယ်မြေစိုးမိုးရေးတာဝန်များကိုဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)

# နိုင်ငံတော်နှင့်တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်သည့် DPLA အဖွဲ့ဝင် ၁၉ ဦး ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်

နေပြည်တော် ဇူလိုင် ၂၂

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုး အမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်းသို့ပြန်လည်ဝင်ရောက်လာကြသူများကိုလည်း လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိသည်။

တပ်မတော်အနေဖြင့် အကြမ်းဖက်သောင်းကျန်းသူများ ယာယီထိန်းချုပ်ထားသည့်တောင်ခမ်းဒေသတစ်ဝိုက်နှင့်နောင်ချိုမြို့တို့ကို အပြီးတိုင်ပြန်လည်ထိန်းချုပ်နိုင်ခဲ့မှုအပေါ် ဒေသခံတိုင်းရင်းသားပြည်သူများအနေဖြင့် ဝမ်းသာအားရကြိုဆိုထောက်ခံလျက်ရှိကြပြီး စိတ်အားထက်သန်စွာအားပေးထောက်ခံမှုများ၊ ယုံကြည်အားကိုးမှုများဖြင့် တပ်မတော်နှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်လာခဲ့ခြင်းများကြောင့် လက်နက်ကိုင်အကြမ်းဖက်အဖွဲ့ဝင်များအနေဖြင့်လည်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအပေါ် နားလည်သဘောပေါက်လာကြကာ ဥပဒေဘောင်အတွင်းသို့ပြန်လည်ဝင်ရောက်လျက်ရှိသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လျက်ရှိရာ ယနေ့တွင်လည်း DPLA အဖွဲ့ဝင် ၁၉ ဦးတို့သည် ဥပဒေဘောင်အတွင်း ငြိမ်းချမ်းစွာနေထိုင်လိုခြင်း၊ တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအား ယုံကြည်လက်ခံခြင်းတို့ကြောင့် လက်နက်ကိုင်လမ်းစဉ်အား စွန့်လွှတ်ပြီး နီးစပ်ရာ တပ်မတော်စခန်းများမှတစ်ဆင့် ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်လာခဲ့သည်။

အဆိုပါဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများ၏ ကနဦးပြောကြားချက်များအရ အများစုသည် ရိုးသားစွာ တောင်ယာလုပ်ငန်းလုပ်ကိုင်နေကြသူများဖြစ်ပြီး အကြမ်းဖက်သောင်းကျန်းသူများ၏အတင်းအဓမ္မခြိမ်းခြောက်ဖမ်းဆီး၍ လူသစ်စုဆောင်းခံရသူများဖြစ်ပြီး သီပေါမြို့၏ အနောက်ဘက် ၁၀ မိုင်ခန့်အကွာ မန်လွယ်ကျေးရွာအနီးတွင် သင်တန်းတက်ရောက်ခဲ့ကြပြီး သင်တန်းဆင်းသည့်အခါ နယ်မြေအလိုက် အခြေပြုလှုပ်ရှားသည့် ကျေးရွာများ၊ တောတွင်းစခန်းများတွင်အနေဆင်းရဲ၊ အစားဆင်းရဲဖြင့် လူ့အခွင့်အရေးများဆုံးရှုံးကာ နည်းမျိုးစုံဖြင့် ညှဉ်းပန်းနှိပ်စက်မှုဒဏ်ကိုခံခဲ့ရပြီး အဓမ္မစေခိုင်းချက်အရ အကြမ်းဖက်လုပ်ငန်းများကို လုပ်ဆောင်ခဲ့ရကြောင်း၊ အကြမ်းဖက်လုပ်ရပ်များကို လက်ခံနိုင်ခြင်းမရှိတော့သည့်အတွက် နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ယုံကြည်လက်ခံပြီး ဥပဒေဘောင်အတွင်း ငြိမ်းချမ်းစွာနေထိုင်လိုသဖြင့် လက်နက်ကိုင်လမ်းစဉ်အား စွန့်လွှတ်၍ဥပဒေဘောင်အတွင်းဝင်ရောက်ရန်အတွက် အင်ကြင်းကုန်းကျေးရွာမှတစ်ဆင့် သုံးဆယ်ကျေးရွာ၊ ထိုမှတစ်ဆင့် လွယ်ခွန်ကျေးရွာ၊ ၎င်းမှတစ်ဆင့် ဇီးဖြူပင်ကျေးရွာလမ်းကြောင်းအတိုင်း ထွက်ခွာလာခဲ့ပြီး နောင်ချိုမြို့နယ်၊ ယင်းငူပင်ကျေးရွာအနီး နယ်မြေလုံခြုံရေးဆောင်ရွက်နေသည့်တပ်မတော်စစ်ကြောင်းထံသို့ သတင်းပို့ကာ ယခုကဲ့သို့ ပြန်လည်ဝင်ရောက်လာခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် PDF အမည်ခံအဖွဲ့ဝင်များ ဥပဒေဘောင်အတွင်း ဝင်ရောက်လာမှုအနေဖြင့် ဇူလိုင်လ ၁၇ ရက်မှ ယနေ့အထိ TNLAအဖွဲ့ဝင် ၄ ဦး၊ MDY-PDF အဖွဲ့ဝင် ၁၅ဦးနှင့် DPLA အဖွဲ့ဝင် ၄၁ ဦးဖြစ်ပြီး လက်နက်မျိုးစုံ ၁၃ လက်နှင့် ကျည်မျိုးစုံ ၁၅၁၅ တောင့်၊ ကျည်အိမ် ၁၂ ခုနှင့်အတူ ပြန်လည်ဝင်ရောက်လာခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

ထို့ပြင်ဥပဒေဘောင်အတွင်းသို့ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်းသိရှိရသည့်အတွက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ်သတင်းပေးပို့လာပါက ကြိုဆိုလက်ခံပြီး လိုအပ်သည့်ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ ခဲယမ်းများအတွက် ဆုကြေးငွေများ ပေးအပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)

# သဘာဝပတ်ဝန်းကျင်သန့်ရှင်းသာယာလှပစေရန် ပလတ်စတစ်သုံးစွဲမှုလျှော့ချရေးအသိပညာပေးလုပ်ငန်းများဆောင်ရွက်

ပွင့်ဖြူ ဇူလိုင် ၂၂

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့နယ်အတွင်း သဘာဝပတ်ဝန်းကျင် သန့်ရှင်းသာယာလှပစေရန် ပလတ်စတစ်သုံးစွဲမှုလျှော့ချရေးအသိပညာပေးလုပ်ငန်းများဆောင်ရွက်ခြင်းကို ဇူလိုင်လ ၂၂ ရက်က ပွင့်ဖြူမြို့ မြို့မဈေးကြီး၌ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် ပွင့်ဖြူမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးလင်းမင်းညွန့်နှင့် ဝန်ထမ်းများက မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များ၊ စားသုံးသူရေးရာ ဦးစီးဌာနမှဝန်ထမ်းများ၊ ဈေးကော်မတီဝင်များနှင့်အတူ မြို့မဈေးကြီးသို့ သွားရောက်ပြီး ဈေးရောင်းဈေးဝယ်ပြည်သူများကိုတွေ့ဆုံ၍ မြို့နယ်အတွင်း သဘာဝပတ်ဝန်းကျင်သန့်ရှင်းသာယာလှပစေရေးအတွက် ဈေးရောင်းဈေးဝယ်ရာ၌ သဘာဝပတ်ဝန်းကျင်ကို ဆိုးကျိုးဖြစ်စေသော ပလတ်စတစ်ပစ္စည်းများကို သုံးစွဲခြင်းမပြုကြရန်၊ ပလတ်စတစ်အစားထိုးပစ္စည်းများဖြစ်သော အင်ဖက်၊ ငှက်ပျောဖက်၊ စက္ကူတို့ကိုသာ ထုပ်ပိုးအသုံးပြုကြရန်၊ ဈေးဝယ်လာပြည်သူများအနေဖြင့် မိမိတို့နေအိမ်မှ လက်ဆွဲခြင်း သို့မဟုတ် ထည့်စရာတစ်ခုခုကို တစ်ပါတည်းယူဆောင်လာကြရန်၊ မြို့နယ်အတွင်း သဘာဝပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေး လုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် စသည်တို့ကို အသိပညာပေးပြောကြားသည်။

ထို့နောက် ဌာနဆိုင်ရာများပူးပေါင်းအဖွဲ့က မြို့မဈေးကြီး အတွင်း၊ အပြင်ရှိ ဈေးရောင်းဈေးဝယ်ပြည်သူများကို ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး အသိပညာပေး လက်ကမ်းစာစောင်များနှင့် အင်ဖက်၊ ငှက်ပျောဖက်၊ စက္ကူတို့ကို အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)



# လှိုင်းဘွဲ့မြို့နယ် ထန်းတပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေး

လှိုင်းဘွဲ့ ဇူလိုင် ၂၂

ကရင်ပြည်နယ် ဘားအံခရိုင် လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ထန်းတပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ဒသမအကြိမ် ထုတ်ချေးခြင်းကို ဇူလိုင်လ ၂၂ ရက်တွင် ဆောင်ရွက်သည်။

ရှေးဦးစွာ လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန စီမံကိန်းတာဝန်ခံ ဒေါ်မေခင်ခင်ထူးနှင့်ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျှော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ တခြားမိသားစုဝင်ငွေတိုးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ကျေးရွာသူ ကျေးရွာသားများအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကို ထိရောက်အောင်မြင်အောင် ဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန စီမံကိန်းတာဝန်ခံနှင့်ဝန်ထမ်းများက ထန်းတပင်ကျေးရွာမှ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေများလွှဲပြောင်းပေးအပ်သည်။

ယင်းနောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း ဒသမအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၇ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူနှစ်ဦး၊ ကုန်ထုတ်လုပ်ငန်းလုပ်ကိုင်သူခုနစ်ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၂၀ ဦး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ လေးဦး စုစုပေါင်းအသင်းသား ၅၀ ဦးအတွက် ငွေကျပ်သိန်း ၅၀၀ ကို အတိုးနှုန်းသက်သာစွာ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ဘိုဘို

# ညောင်ဦးမြို့၌ သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေး ဟောပြောပွဲကျင်းပ

ညောင်ဦး ဇူလိုင် ၂၂

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာနနှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့ပူးပေါင်း၍ သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဇူလိုင်လ ၂၂ ရက်က ညောင်ဦးမြို့ အခြေခံပညာအထက်တန်းကျောင်း (မြို့မ) စုပေါင်းခန်းမ၌ ကျင်းပသည်။


အဆိုပါ အသိပညာပေးဟောပြောပွဲတွင် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မေဖြူစိုးက ငလျင်ဘေးအန္တရာယ်၊ ဒုတိယဦးစီးမှူး ဒေါ်ကြည်ကြည်ဦးက ရေဘေးအန္တရာယ်၊ တာဝန်ရှိသူတစ်ဦးက မုန်တိုင်းဘေးအန္တရာယ်ခေါင်းစဉ်တို့ဖြင့် အသီးသီး ဟောပြောသည်။

ဆက်လက်၍ ညောင်ဦးမြို့နယ် မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးကျော်မင်းသူက မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ခေါင်းစဉ်ဖြင့် မီးလောင်မှုဖြစ်စဉ်များအကြောင်းနှင့်မီးသတ်ဆေးဘူးလက်တွေ့အသုံးချခြင်းတို့ကို အသိပညာပေးဟောပြောပြီး ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များမေးမြန်းကြရာ သက်ဆိုင်ရာကဏ္ဍအလိုက် အသီးသီးပြန်လည်ဆွေးနွေးပြောကြားသည်။

ထို့နောက် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ထုတ်ဝေသည့် ရေကြီးစဉ် လိုက်နာရမည့်အကြောင်းအရာများပါဝင်သော လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ပြီး မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးလောင်စဉ် မီးသတ်ဆေးဘူးဖြင့် လက်တွေ့မီးငြိမ်းသတ်နည်းသရုပ်ပြခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဒီပါလင်း

## မိုးလေဝသ သတင်း




| ထူးခြားသည့်နေ့အပူချိန်များ | |
|---|---|
| ကလေးဝ | ၃၇°C |
| မြင်းမူ | ၃၇°C |
| တံတားဦး | ၃၆.၈°C |
| (လေကြောင်းမိုးလေဝသ) | |
| ဟုမ္မလင်း | ၃၆.၇°C |
| မိုးကောင်း | ၃၆.၄°C |
| မြင်းခြံ | ၃၆°C |
| ကလေး | ၃၆°C |
| မချမ်းဘော | ၃၆°C |

| မှတ်သားဖွယ်ရာမိုးရေချိန်များ | |
|---|---|
| ပေါင် | (၄.၅၃)လက်မ |
| ထားဝယ် | (၄.၁၃)လက်မ |
| ကျိုက္ကမီ | (၃.၉၀)လက်မ |
| ဘားအံ | (၃.၄၆)လက်မ |
| (စိုက်ပျိုးရေးမိုးလေဝသ) | |
| ဘားအံ | (၃.၃၉)လက်မ |
| မုဒုံ | (၃.၃၉)လက်မ |
| ဝါးခယ်မ | (၃.၁၅)လက်မ |
| ခရမ်း | (၂.၅၂)လက်မ |
| ကျိုက်လတ် | (၂.၅၀)လက်မ |
| ဓနုဖြူ | (၂.၃၇)လက်မ |
| မော်လမြိုင် | (၂.၃၆)လက်မ |

| ထူးခြားသည့်နေ့အပူချိန်များ | |
|---|---|
| ချောက် | ၃၈.၁°C |
| မော်လိုက် | ၃၈°C |
| ခန္တီး | ၃၇.၆°C |

| တိုင်းဒေသကြီး/ပြည်နယ် | (နိမ့်) | (မြင့်) |
|---|---|---|
| ကချင် | ၂၄ | ၃၄ |
| ရှမ်း(မြောက်) | ၂၂ | ၃၀ |
| ရှမ်း(အရှေ့) | ၂၂ | ၃၁ |
| ရှမ်း(တောင်) | ၁၉ | ၂၈ |
| ချင်း | ၁၄ | ၂၅ |
| စစ်ကိုင်း(အထက်) | ၂၄ | ၃၅ |
| စစ်ကိုင်း(အောက်) | ၂၇ | ၃၅ |
| နေပြည်တော် | ၂၄ | ၃၁ |
| မန္တလေး | ၂၇ | ၃၅ |
| မကွေး | ၂၄ | ၃၅ |
| ရခိုင် | ၂၃ | ၃၂ |
| ပဲခူး | ၂၂ | ၃၁ |
| ရန်ကုန် | ၂၄ | ၃၂ |
| ဧရာဝတီ | ၂၃ | ၃၁ |
| ကယား | ၂၀ | ၂၉ |
| ကရင် | ၂၃ | ၂၈ |
| မွန် | ၂၃ | ၂၉ |
| တနင်္သာရီ | ၂၄ | ၃၀ |

# ပခုက္ကူမြို့၌ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြော



ပခုက္ကူ ဇူလိုင် ၂၂

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ အမှတ်(၃) အခြေခံပညာအလယ်တန်းကျောင်း၌ ဇူလိုင်လ ၂၂ ရက်က ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြောပွဲ ကျင်းပသည်။

ရှေးဦးစွာ ပခုက္ကူခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စန်းယုမော်က အဖွင့်အမှာစကားပြောကြားပြီး ဦးစီးအရာရှိ ဒေါ်ချိုချိုမာက ကလေးအလုပ်သမားအဓိပ္ပာယ်၊ ကလေးအလုပ်သမားပေါ်ပေါက်ရသည့် အကြောင်းရင်းများအကြောင်းကိုလည်းကောင်း၊ ခရိုင်လူမှုဝန်ထမ်းဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မိုးမိုးဦးက ကလေးအလုပ်သမား အများဆုံးတွေ့မြင်ရသည့် အလုပ်နေရာများ၊ အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေခြင်းခံရသည့် ကလေးအလုပ်သမားများ၊ ကလေးအလုပ်သမားဥပဒေများ၊ ကလေးအလုပ်သမားများလျှော့နည်းပပျောက်ရေး ပူးပေါင်းဆောင်ရွက်ရမည့်နည်းလမ်းများအကြောင်းကိုလည်းကောင်း အသိပညာပေးဟောပြောသည်။

ထို့နောက် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော ကလေးအလုပ်သမားပပျောက်ရေးနှင့် မူးယစ်ဆေးဝါးအန္တရာယ်ဆိုင်ရာ အသိပညာပေးနံရံကပ်စာစောင်များကို ကျောင်းသား၊ ကျောင်းသူများက ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

ဘာမီသာ(ပခုက္ကူ)

# စာအုပ်စာစောင်ချစ်မြတ်နိုးသူများအသင်း စာဖတ်ဝိုင်းဆွေးနွေးပွဲကျင်းပ



**နေပြည်တော် ဇူလိုင် ၂၂**

နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စာပေဖတ်ရှုခြင်းဖြင့် စာပေဝါသနာရှင်များစွာပေါ်ထွန်းလာစေရန် စာအုပ်စာစောင်ချစ်မြတ်နိုးသူများအသင်း(Book Club)စာဖတ်ဝိုင်းဆွေးနွေးပွဲကို ဇူလိုင်လ ၂၂ ရက် နံနက်ပိုင်းတွင် ပြည်သူ့စာကြည့်တိုက်၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် ဇေယျာသီရိမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မြစန်းရီက နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး၊ ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရေး၊ လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေးအတွက် ယခုလို စာဖတ်ဝိုင်းများ ပြုလုပ်ပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ စာရေးဆရာ စိန်ဝင်းနွယ်၊ ရဲမွန်ကျော်နှင့် စာရေးဆရာမ ချယ်ချယ်(YU) တို့ကစာရေးဆရာခင်မောင်ညို(ဘောဂဗေဒ) ရေးသားသည့်ဘဝတစ်လျှောက်အောင်မြင်ပျော်ရွှင်နည်းစာအုပ်ပါ ငြီးငွေ့မှုကိုကုစားနည်း၊ အပြစ်မတင်ဘဲ အလုပ်ဖြစ်အောင်လုပ်ပါနှင့် လူအများနှင့်ပြေပြေပြစ်ပြစ်ဆက်ဆံနည်း ခေါင်းစဉ်များဖြင့်ဆွေးနွေးကြသည်။

ထို့နောက် တက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူများ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားကြကြောင်း သိရသည်။

(၄၁၃)

# စစ်ကိုင်းမြို့၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေး ဟောပြောပွဲနှင့် လက်တွေ့သရုပ်ပြပွဲကျင်းပ



**စစ်ကိုင်း ဇူလိုင် ၂၂**

စစ်ကိုင်းမြို့နယ် မီးသတ်ဦးစီးဌာနမှ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ဆောင်ရွက်ရမည့် နည်းလမ်းများ အသိပညာပေးဟောပြောပွဲနှင့် လက်တွေ့သရုပ်ပြပွဲကို ဇူလိုင်လ ၂၁ ရက် မွန်းလွဲပိုင်းတွင် စစ်ကိုင်းမြို့ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)ရန်နိုင်၌ ကျင်းပသည်။

ရှေးဦးစွာ စစ်ကိုင်းမြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးဇော်မြင့်ဟန်က မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး၊ မီးလောင်မှုဖြစ်ပွားပါက လုပ်ဆောင်ရမည့် အချက်များကို ကျောင်းသား၊ ကျောင်းသူများအား အသိပညာပေးဟောပြောသည်။

ထို့နောက် မြို့နယ်မီးသတ်ဦးစီးဌာနမှ ဝန်ထမ်းများက မီးလောင်မှုဖြစ်ပွားပါက မီးသတ်ဆေးဘူးအသုံးပြု၍ မီးငြိမ်းသတ်နည်းနှင့် အခြားမီးငြိမ်းသတ်နည်းအမျိုးမျိုးအား လက်တွေ့သရုပ်ပြသကြောင်း သိရသည်။

နေလင်းအောင်(ပြန်/ဆက်)

# သာစည်မြို့နယ် မြို့ကြီးကုန်းကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း ဂျင်းမြေခင်းခြင်းဆောင်ရွက်နေမှုစစ်ဆေး

**သာစည် ဇူလိုင် ၂၂**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုရန်ပုံငွေဖြင့် မြို့ကြီးကုန်းကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း ဂျင်းမြေခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို တာဝန်ရှိသူများက ဇူလိုင်လ ၂၂ ရက် နံနက်ပိုင်းတွင် ကွင်းဆင်းစစ်ဆေးကြကြောင်း သိရသည်။

ထိုသို့စစ်ဆေးရာတွင် မိတ္ထီလာခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်ဝင်း၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်မြသက်ဝင်းနှင့် ဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ မြို့ကြီးကုန်းကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဂျင်းမြေခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာမှတာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များ၊ တင်ဒါရကုမ္ပဏီမှ တာဝန်ရှိသူများနှင့်တွေ့ဆုံပြီး စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး၊ သတ်မှတ်အတိုင်းအတာပြည့်မီရေးတို့ကို အလေးထားဆောင်ရွက်ကြရန် မှာကြားသည်။

သာစည်မြို့နယ် မြို့ကြီးကုန်းကျေးရွာ၌ အရှည် ၁ မိုင် ၄ ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် ၉ လက်မရှိသော ကျေးလက်ကုန်ထုတ်လမ်း ဂျင်းမြေခင်းခြင်းလုပ်ငန်းကို ပြည်ထောင်စုရန်ပုံငွေကျပ် ၆၆ ဒသမ ၇၁၉ သန်းအသုံးပြုပြီး ရွှေဘိုဘုရင်ကုမ္ပဏီမှ တာဝန်ယူ၍ ဇွန်လ ၃ ရက်မှစတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၈၀ ရာခိုင်နှုန်းကျော် ဆောင်ရွက်ပြီးစီးနေပြီဖြစ်သည်။

အဆိုပါလုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပါက မြို့ကြီးကုန်းကျေးရွာရှိ ကျစ်ကန်ကွင်းမှ လယ်ယာထွက်ကုန်သီးနှံများ ဈေးကွက်သို့ အချိန်တိုအတွင်း တင်ပို့ရောင်းချနိုင်မည်ဖြစ်ကြောင်း သိရသည်။

ကိုညို(ကျေးလက်)

MWD Education, Knowledge & Sports Channel

၂၃-၇-၂၀၂၅(ဗုဒ္ဓဟူးနေ့)

| | | | | |
|---|---|---|---|---|
| ၁။ | ၀၇:၀၀ – | ၀၈:၂၅ | Grade – 7 | မြန်မာစာ၊ အင်္ဂလိပ်စာ |
| ၂။ | ၁၅:၃၀ – | ၁၆:၅၆ | Grade – 7 | အင်္ဂလိပ်စာ၊ သင်္ချာ(၁) |
| ၃။ | ၁၆:၅၆ – | ၁၇:၃၄ | Grade – 7 | သင်္ချာ(၂)၊ ပထဝီဝင် |
| ၄။ | ၁၇:၃၄ – | ၁၉:၀၇ | Grade – 7 | သမိုင်း၊ သိပ္ပံ |

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ **ရုံးချိန်အတွင်း** ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး(နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# (၃၂)ကြိမ်မြောက် လစဉ်အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်ပေး



**ပဲခူး ဇူလိုင် ၂၂**

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ အထွေထွေရောဂါကုဆေးရုံကြီး၌ ဇူလိုင်လ ၂၁ ရက် နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် (၃၂)ကြိမ်မြောက် လစဉ်အငြိမ်းစား နိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးကြောင်း သိရသည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများသည် ကျန်းမာရေးစောင့်ရှောက်မှု လာရောက်ခံယူကြသည့် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးဝန်ထမ်းများက စမ်းသပ်စစ်ဆေးကုသပေးနေမှု၊ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပရဟိတအဖွဲ့အစည်းများမှ ပူးပေါင်းပါဝင် ကူညီဆောင်ရွက်ပေးနေမှုအား လိုက်လံကြည့်ရှုသည်။

ဆက်လက်၍ ကျန်းမာရေးစောင့်ရှောက်မှု လာရောက်ခံယူကြသည့် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်အားပေးစကားပြောကြားပြီး လစဉ်အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား စဉ်ဆက်မပြတ်ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေးနှင့် ဆေးဝါးလိုအပ်ချက်မရှိစေရေး ဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သိရသည်။

(၄၀၁)၊ တင်စိုး(ပဲခူး)

# ပင်လုံတက္ကသိုလ်၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် မူပိုင်ခွင့်ဆိုင်ရာ သိကောင်းစရာများ အသိပညာပေးဟောပြော

**ပင်လုံ ဇူလိုင် ၂၂**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လုံမြို့ ပင်လုံတက္ကသိုလ် ဘက်စုံခန်းမ၌ မူပိုင်ခွင့်ဆိုင်ရာ သိကောင်းစရာများအသိပညာပေးဟောပြောပွဲကို ဇူလိုင်လ ၂၂ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

ဟောပြောပွဲတွင် ဥပဒေပညာဌာနမှ ပါမောက္ခဌာနမှူး ဒေါက်တာခင်မျိုးသန့်က ပြည်တွင်း/ပြည်ပ မူပိုင်ခွင့်များကို လိုက်နာစောင့်ထိန်းမှ ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုရရှိလာနိုင်မည်ဖြစ်ပြီး အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုကဏ္ဍလည်း ကျယ်ပြန့်လာနိုင်မည်ဖြစ်ကြောင်း၊ ထိုသို့ကျယ်ပြန့်လာသည်နှင့်အမျှ အဆင့်မြင့်နည်းပညာများကိုလည်း လွှဲပြောင်းရယူလာနိုင်မည်ဖြစ်၍ နိုင်ငံ၏ယဉ်ကျေးမှုအနုပညာများ၊ ပညာအရည်အသွေးများနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာမည်ဖြစ်ကြောင်းပြောကြားသည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူများသိရှိစေရန်မူပိုင်ခွင့်ဆိုင်ရာသိကောင်းစရာများ၊ မြန်မာနိုင်ငံတွင် IP Law ပေါ်ပေါက်လာပုံ၊ လက်ရှိမြန်မာနိုင်ငံ ဉာဏပစ္စည်းမူပိုင်ခွင့်ကာကွယ်စောင့်ရှောက်ရေးနှင့်ပတ်သက်ဆက်နွှယ်သည့်အကြောင်းအရာများ၊ ဉာဏပစ္စည်းဆိုင်ရာ နိုင်ငံတကာကွန်ဗင်းရှင်းစာချုပ်အကြောင်းအရာများ၊ IPနိုင်ငံတကာအဖွဲ့အစည်းများနှင့်ဆက်သွယ်ခြင်း၊ ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်၊ စက်မှုလက်မှုဒီဇိုင်းမူပိုင်ခွင့်၊ စာပေနှင့်အနုပညာမူပိုင်ခွင့်၊ တီထွင်မှုမူပိုင်ခွင့်ဆိုင်ရာ ပြစ်မှု/ပြစ်ဒဏ်များ၊ ပြဋ္ဌာန်းချက်များနှင့် ဥပဒေများအကြောင်းတို့ကို ရှင်းလင်းဟောပြောသည်။

အဆိုပါဟောပြောပွဲသို့ ပင်လုံတက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ်များ၊ ဝိဇ္ဇာ/သိပ္ပံမှ ပါမောက္ခဌာနမှူးများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ စုစုပေါင်း၂၅၀ ဦး တက်ရောက်ကြကြောင်း သိရသည်။

(၄၁၄)

# အငြိမ်းစားဝန်ထမ်းများအား UID (Unique Identity)ကတ်များ ကွင်းဆင်းဆောင်ရွက်ပေး

**မြဝတီ ဇူလိုင် ၂၂**

ကရင်ပြည်နယ် မြဝတီမြို့၌ အငြိမ်းစားဝန်ထမ်းများ၏ ပင်စင်လစာလိမ်လည်ထုတ်ယူခြင်းမှ ကင်းဝေးနိုင်စေရန်၊ လူပုဂ္ဂိုလ်မှန်ကန်မှုရှိ၊ မရှိ စိစစ်နိုင်စေရန်နှင့် ခေတ်မီနည်းပညာအသုံးပြုနိုင်ရန် မြန်မာ့စီးပွားရေးဘဏ်၏ Centralized e-pension စနစ်နှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ e-ID စနစ်တို့ ချိတ်ဆက်ဆောင်ရွက်နိုင်ရေးအတွက် အငြိမ်းစားဝန်ထမ်းများအား UID (Unique Identity) ကတ်များ ကွင်းဆင်းဆောင်ရွက်ပေးခြင်းကို ဇူလိုင်လ ၂၁ ရက် နံနက်ပိုင်းတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြဝတီမြို့နယ် ဦးစီးမှူးရုံး၌ ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် အငြိမ်းစားဝန်ထမ်းများအား UID (Unique Identity) ကတ်ဆောင်ရွက်ပေးနေမှုကို မြဝတီခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ အုပ်ချုပ်ရေးမှူး ဦးကောင်းစံလင်းနှင့်အဖွဲ့ဝင်များက ကြည့်ရှုကြပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

အဆိုပါ UID (Unique Identity)ကတ်များကို ဇူလိုင်လ ၂၁ ရက်မှ ၂၅ ရက်ထိ နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၄ နာရီအတွင်း တစ်ရက်လျှင် ပင်စင်စားဦးရေ ၂၅၀ အား ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(၄၀၆)

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၃-၇-၂၀၂၅ (ဗုဒ္ဓဟူးနေ့)

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ၁။ | ၀၆:၀၀ | တရားတော် | ၈။ | ၁၄:၀၀ | Movie & Movies | ၁၄။ | ၁၈:၄၀ | Music Gallery |
| ၂။ | ၀၈:၀၀ | မောင်မယ်လေးများသိစေချင် | ၉။ | ၁၅:၀၀ | မြန်မာသံစဉ်ချိုနားဝင် | ၁၅။ | ၁၉:၀၀ | **ရုပ်မြင်သံကြားဇာတ်လမ်း** |
| ၃။ | ၀၉:၀၀ | ကျန်းမာသုတ | ၁၀။ | ၁၆:၀၀ | နိုင်ငံတကာသတင်း | | | **ဂုဏ်ကြီးရှင်မမ(ပထမပိုင်း)** |
| ၄။ | ၁၀:၀၀ | သီချင်းလက်ဆောင် | ၁၁။ | ၁၇:၀၀ | မွေးမြူသုတ | | | **သရုပ်ဆောင်- ရဲအောင်၊** |
| ၅။ | ၁၁:၀၀ | မြန်မာ့လက်သံ | ၁၂။ | ၁၈:၀၀ | မြဝတီရုပ်မြင်သံကြားသတင်း | | | **စိုးမြတ်သူဇာ** |
| ၆။ | ၁၂:၀၀ | ပန်းတို့၏အလှတရား | ၁၃။ | ၁၈:၃၀ | ထုတ်လွှင့်ပြန်ကြား | | | **ဒါရိုက်တာ** |
| ၇။ | ၁၃:၀၀ | အမှတ်တရနေ့ရက်များ | | | သတင်းမှန်များ | | | **မောင်နီလွင်(သပြ)** |

### MWD Variety Channel

၂၃-၇-၂၀၂၅ (ဗုဒ္ဓဟူးနေ့)

| | | | | | |
|---|---|---|---|---|---|
| ၁။ | ၀၉:၁၃ | ရှာဖွေလေ့လာ ပြတိုက်မှာ | ၄။ | ၁၄:၁၃ | တစ်ပတ်အတွင်းထိပ်တန်းရောက်ကမ္ဘာ့သတင်းသုံးသပ်ချက် |
| ၂။ | ၁၀:၃၀ | မှတ်သားလေ့လာ အိမ်တွင်းမှုပညာ | ၅။ | ၁၆:၃၀ | သိလိုသမျှ ကျန်းမာရေးကဏ္ဍ |
| ၃။ | ၁၁:၃၀ | ကမ္ဘာ့တစ်ခွင် မှတ်တမ်းဝင် | ၆။ | ၁၇:၄၈ | Knowledge Note |

## တစ်နိုင်တစ်ပိုင်

❖ မိုးရာသီ သဘာဝ
နှိုးဆွလို့ ဆိုချင်တာ။
မြကမ္ဘာ စွတ်စိုဖွေးလို့
အေးမြမည်သာ။
စိုက်ကြပေါ့ ဒီချိန်ခါ
ရာသီပေါ် သီးနှံများ။
ကြိုးစားကာ မြေလွှာဆွလို့
ပျိုးကြစို့လား။

❖ ဘူး ဖရုံ ဗေုတ် သခွား
ပဲကျားနဲ့ ရွှေချဉ်ပေါင်။
တစ်စင်ထောင် တိုင်ပဲလွမ်း
ကန်စွန်းတစ်ပေါင်။
ရောင်းချလို့ ဝင်ငွေလှောင်
ဘဝနောင် အေးဖို့အရေး။
ကြိုတွေးကာ မိုးဦးအစ
စိုက်ကြစို့လေး။

❖ နောင်အစဉ် အေးမြဖို့
စိုက်ကြစို့ ခြံတစ်ခွင်။
သစ်ကြီးပင် အရိပ်ရ
စိမ်းမြကြည်ရွှင်။
စိုက်ကြပေါ့ ရွာဝန်းကျင်
မြို့တစ်ခွင် နယ်အဝေး။
စုဝေးကာ နိုင်သမျှ
စိုက်ကြပေါ့လေး။

❖ သစ်တစ်ပင် အရိပ်ကောင်း
ခိုအောင်းလို့ နေချင်စရာ။
သာရကာ ပျော်စံမြူး
ကြည်နူးသာယာ။
စိုက်ကြပေါ့ မြို့ပြည်ရွာ
အေးမြကာ အရိပ်ကောင်း။
ငှက်ပေါင်းစုံ သံသာကျူး
ပျော်မြူးခိုအောင်း။

❖ ကျွန်း ကညင် ပျဉ်းကတိုး
ရွှေတိုက်စိုး ပြည့်ဘဏ္ဍာ။
ရတနာ တန်းဝင်သစ်
ပြည့်အနှစ်ပါ။
တောတောင်လည်း စိမ်းစိုကာ
ဝင်ငွေမှာ ဆထက်တိုး။
သစ်ပင်တွေ နှစ်တိုင်းစိုက်တော့
ရွှေတိုက်ကိုစိုး။

❖ သစ်ပင်ကို နှစ်စဉ်စိုက်
ကောင်းလိုက်တဲ့ မြတ်အမွေ။
ရာသီတွေ မှန်ကန်ရေး
မြော်တွေးကြည့်လေ။
တပ်မတော်မှ ပါဝင်နေ
တိုင်းနယ်မြေ ပြည်နယ်မရွေး။
နှစ်ရှည်ပင် အရိပ်ရ
စိုက်ကြစို့လေး။ ။

**နွေဦးကိုကို(နေပြည်တော်)**

# မင်းဘူး(စကု)မြို့နယ်၌ လက်ဆွဲကောက်စိုက်စက်နှင့် မျိုးစေ့ချကိရိယာတို့ဖြင့် မိုးစပါး အောင်နိုင်တိုးစပါးမျိုး ကွင်းသရုပ်ပြစိုက်ပျိုး



မင်းဘူး ဇူလိုင် ၂၂

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူး(စကု)မြို့နယ်၌ ၂၀၂၅-၂၀၂၆ ခုနှစ် မိုးစပါးစိုက်ပျိုးရာသီတွင် ဒေသခံတောင်သူများ လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ ခေတ်စနစ်နှင့်အညီ အသွင်ကူးပြောင်းပြီး လုပ်ကိုင်စေရန်နှင့် စိုက်ပျိုးရေးသွင်းအားစု၊ လုပ်သားကုန်ကျစရိတ်သက်သာစေရန်ရည်ရွယ်၍ လက်ဆွဲကောက်စိုက်စက်နှင့် မျိုးစေ့ချကိရိယာတို့ဖြင့် မိုးစပါး အောင်နိုင်တိုးစပါးမျိုး ကွင်းသရုပ်ပြစိုက်ပျိုးပွဲကို ဇူလိုင်လ ၂၁ ရက်က ဥယျာဉ်ဇင်ကျေးရွာရှိ ဒေသခံတောင်သူ ဦးသောင်းဌေးစိုး၏လယ်မြေ၌ ဆောင်ရွက်သည်။

ထိုသို့စိုက်ပျိုးရာတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းပြီး ဥယျာဉ်ဇင်ကျေးရွာ ကွင်းအမှတ်(၁၁၉၂)ရှိတောင်သူဦးသောင်းဌေးစိုး၏လယ်မြေ၌ စိုက်ပျိုးရေးဦးစီးဌာနကွင်းဝန်ထမ်းများက သက်တမ်းတိုပြီး စပါးအထွက်နှုန်း တိုးတက်ကောင်းမွန်သည့် အောင်နိုင်တိုးစပါးမျိုးပျိုးပင် သက်တမ်း ၁၄ ရက်သားကို အသုံးပြု၍ လက်ဆွဲကောက်စိုက်စက်ဖြင့် ၁ ဒသမ ၅ ဧကနှင့်လက်ဆွဲမျိုးစေ့ချကိရိယာ (Drum Seeder)ဖြင့် တစ်ဧကကို တောင်သူနည်းပညာပေးကွင်းသရုပ်ပြစိုက်ပျိုးခဲ့ကြသည်။


အဆိုပါ ကွင်းသရုပ်ပြစိုက်ပျိုးပွဲသို့ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံတောင်သူများနှင့် စကုမြို့အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းမှကျောင်းသား၊ ကျောင်းသူများတက်ရောက်ကြည့်ရှုအားပေးကြသည်။

ယင်းနောက် ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

မင်းဘူး(စကု)မြို့နယ်၌ ၂၀၂၅-၂၀၂၆ ခုနှစ် မိုးစပါးစိုက်ပျိုးရာသီတွင် မိုးစပါး ၄၀၉၈၈ ဧကအထိ စိုက်ပျိုးရန်လျာထားဆောင်ရွက်လျက်ရှိပြီး လက်ရှိအချိန်ထိ ဧကပေါင်း ၂၀၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**မောင်မောင်(မင်းဘူး)**

# ကြံခင်းမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး ကဗျာရွတ် ဉာဏ်စမ်းပဟေဠိနှင့် ပန်းချီပြိုင်ပွဲများကျင်းပ




ကြံခင်း ဇူလိုင် ၂၂

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် ကြံခင်းမြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေး ကဗျာရွတ်၊ ဉာဏ်စမ်းပဟေဠိနှင့် ပန်းချီပြိုင်ပွဲများကို မြို့နယ်လူထုအခြေပြုဗဟိုဌာန၌ ဇူလိုင်လ ၂၁ ရက်က ကျင်းပသည်။

ရှေးဦးစွာ ကြံခင်းမြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်မိုးမြင့်က အသိပညာပေးဟောပြောပွဲနှင့် ပြိုင်ပွဲများကျင်းပပေးရခြင်း၏ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ကဗျာရွတ်ပြိုင်ပွဲ၊ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲနှင့်ပန်းချီပြိုင်ပွဲများကို ကျင်းပရာ အခြေခံပညာမူလတန်းကျောင်း(မြို့မမြောက်)မှ ကျောင်းသား၊ ကျောင်းသူများ အသီးသီးဝင်ရောက်ယှဉ်ပြိုင်ကြသည်။

ထို့နောက် ပြိုင်ပွဲအသီးသီးတွင် ဝင်ရောက်ယှဉ်ပြိုင်ကြသည့် ကျောင်းသား၊ ကျောင်းသူများအား မြို့နယ်ဦးစီးမှူး ဒေါ်ခင်မိုးမြင့်၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်ကျော့ကေသွယ်နှင့်တာဝန်ရှိသူများက ဆုများအသီးသီးပေးအပ်ခဲ့ကြသည်။

ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် သုတ၊ ရသစာအုပ်စာစောင်ပြပွဲကို ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

**ဖြိုးဝေလင်း(ပြန်/ဆက်)**

# ငဖဲမြို့နယ်၌ ကျောင်းသား ကျောင်းသူများ ဗလငါးတန်ပြည့်စုံစေရေး လူငယ်စကားဝိုင်းကျင်းပ



ငဖဲ ဇူလိုင် ၂၂

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနတို့ပူးပေါင်းပြီး ကျောင်းသား၊ ကျောင်းသူများ ဗလငါးတန်ပြည့်စုံစေရေး လူငယ်စကားဝိုင်းကို ဇူလိုင်လ ၂၁ ရက်က ငဖဲမြို့ အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ ငဖဲမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်စိုးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ယုယုသိန်းက ကျောင်းသား၊ ကျောင်းသူများ အသိပညာဗဟုသုတတိုးပွားစေရန်၊ စာဖတ်ရှိန်မြှင့်တင်ရန်၊ ဗလငါးတန်နှင့်ပြည့်စုံပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်၊ နှုတ်မှုစွမ်းရည်တိုးတက်၍ လူအများရှေ့တွင် ရဲဝံ့စွာပြောဆိုတတ်စေရန်နှင့် အသင်းအဖွဲ့များတွင် ပါဝင်ဆွေးနွေးတတ်စေရန်ရည်ရွယ်၍ လူငယ်စကားဝိုင်းကို ကျင်းပရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ငဖဲမြို့နယ် အားကစားနှင့်ကာယပညာဦးစီးဌာန အားကစားမှူး ဒေါ်နန်းသီတာထွေးက လူငယ်နှင့် အားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး သိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် လူငယ်စကားဝိုင်းကိုကျင်းပရာ ငဖဲမြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ယုယုသိန်းနှင့် မြို့နယ်အားကစားမှူး ဒေါ်နန်းသီတာထွေးတို့က ဦးဆောင်ဆွေးနွေးသူအဖြစ်ဆောင်ရွက်ပြီး Grade-10 မှ မမြမျိုးသွန်က လူငယ်နှင့်ယဉ်ကျေးမှု၊ မောင်ကြယ်စင်သိုက်က လူငယ်နှင့်မူးယစ်ဆေးဝါး၊ လူငယ်နှင့်စာပေ၊ မောင်စိုင်းစိုင်းအေးမင်းက လူငယ်နှင့်အားကစား၊ မကြယ်စင်မှူးက လူငယ်နှင့်ကျန်းမာရေး၊ လူငယ်နှင့်ဆေးလိပ်ဆေးရွက်ကြီးအန္တရာယ်ခေါင်းစဉ်များဖြင့် အသီးသီးဆွေးနွေးကြရာ တက်ရောက်လာကြသည့်ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များ မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားဆွေးနွေးခဲ့ကြသည်။

အခမ်းအနားအပြီးတွင် မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာနမှ အားကစားပစ္စည်းများ ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီးက လက်ခံရယူသည်။

ထို့နောက် တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် အသိပညာပေးနံရံကပ်စာစောင်များကို စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

**မယု(ငဖဲ)**

# မလှိုင်မြို့နယ်၌ မြစိမ်းရောင် ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု ကွင်းဆင်းစစ်ဆေး

မလှိုင် ဇူလိုင် ၂၂

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများတိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန် ရည်ရွယ်၍ ဆည်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ထားသောလုပ်ငန်းများကို ဇူလိုင်လ ၂၁ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စုစုနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများသည် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေ ငွေကျပ် ၅၅ ဒသမ ၃ သန်းဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် စာရင်းပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ စစ်ဆေးပြီး မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စုစုက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆည်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၄၄ ဦးအတွက် ငွေကျပ် ၃၀ ဒသမ ၅ သန်းနှင့် မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၄၂ ဦးအတွက် ငွေကျပ် ၂၄ ဒသမ ၈ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၈၆ ဦးအတွက် ငွေကျပ် ၅၅ ဒသမ ၃ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

# ၂၀၂၅ ခုနှစ်၊ ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်းဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကျင်းပ



၂၀၂၅ ခုနှစ်၊ ကာကွယ်ရေးဦးစီးချုပ်(လေ)တံခွန်စိုက်ဒိုင်းဘောလုံးပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်းများ၏ယှဉ်ပြိုင်ကစားနေမှုကိုတွေ့ရစဉ်။

နေပြည်တော် ဇူလိုင် ၂၂

၂၀၂၅ ခုနှစ်၊ ကာကွယ်ရေးဦးစီးချုပ်(လေ)တံခွန်စိုက်ဒိုင်းဘောလုံးပြိုင်ပွဲကို ယနေ့ညနေပိုင်းတွင် မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့ရှိ မြေပြင်အတတ်သင်လေတပ်စခန်းဌာနချုပ်ဘောလုံးအားကစားကွင်း၌ ကျင်းပပြုလုပ်ရာ ကာကွယ်ရေးဦးစီးချုပ်(လေ)ကိုယ်စား လေကြောင်းအတတ်သင်လေတပ်စခန်းဌာနချုပ်လေတပ်စခန်းဌာနချုပ်မှူး ဗိုလ်ချုပ်ဝင်းမောင်သိန်းနှင့် တပ်မတော်(လေ)မှ အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ပြိုင်ပွဲဝင်အသင်းများ၊ ဖိတ်ကြားထားသူများနှင့် အားကစားဝါသနာရှင်များတက်ရောက်ကြသည်။

ဦးစွာ ကာကွယ်ရေးဦးစီးချုပ်(လေ)ကိုယ်စား လေကြောင်းအတတ်သင်လေတပ်စခန်းဌာနချုပ်၊ လေတပ်စခန်းဌာနချုပ်မှူးက အဖွင့်အမှာစကားပြောကြားပြီး တက်ရောက်လာကြသူများနှင့်အတူ အဖွင့်ပွဲစဉ်ဖြစ်သည့် မှော်ဘီလေတပ်စခန်းအသင်းနှင့် တံတားဦးလေတပ်စခန်းအသင်းတို့၏ ယှဉ်ပြိုင်ကစားမှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ ကာကွယ်ရေးဦးစီးချုပ်(လေ)တံခွန်စိုက်ဒိုင်းဘောလုံးပြိုင်ပွဲကို ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ) ကွပ်ကဲမှုအောက်ရှိ ဌာနချုပ်၊ လေတပ်စခန်းဌာနချုပ်၊ လေတပ်စခန်းအသီးသီးမှ ပြိုင်ပွဲဝင်အသင်း ၁၄ သင်းဖြင့် ဩဂုတ်လ ၈ ရက်အထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၁၀၀)

## ရေကြီးခြင်းသတိပေးချက်

နေပြည်တော် ဇူလိုင် ၂၂

ယနေ့ည ၆ နာရီခွဲအချိန်တိုင်းထွာချက်အရ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ၁ ပေခွဲကျော်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့ည ၆ နာရီခွဲအချိန်တိုင်းထွာချက်အရ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ၆ ပေကျော်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။


သို့ဖြစ်ပါ၍ ရွှေကျင်မြို့နယ်နှင့် မြဝတီမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ကြိုတင်သတိပြုနိုင်ပါရန်နှင့် မြစ်ရေမြင့်တက်လာပါက အချိန်မီရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။ (မိုး/ဇလ)


## အထူးမိုးလေဝသသတင်း


# တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးမည်

နေပြည်တော် ဇူလိုင် ၂၂

ယနေ့ညနေ ၄ နာရီခွဲအချိန်တိုင်းထွာချက်များအရ ဗီယက်နမ်နိုင်ငံ ကုန်းတွင်းပိုင်းဒေသများကိုဖြတ်ကျော်လျက်ရှိသော အပူပိုင်းမုန်တိုင်း“ဝီဖာ”(WIPHA)မုန်တိုင်းမှ ပြတ်ထွက်လာသော တိမ်တိုက်များနှင့် အကြွင်းအကျန်တိမ်တိုက်များသည် မြန်မာနိုင်ငံသို့ရောက်ရှိလာနိုင်ခြင်းကြောင့်လည်းကောင်း၊ ဇူလိုင်လ ၂၄ ရက်တွင် ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်း၌ ဖြစ်ပေါ်လာနိုင်မည့် လေဖိအားနည်းရပ်ဝန်း၏အရှိန်ကြောင့်လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းနေခြင်းကြောင့်လည်းကောင်း ယနေ့ညနေမှ ဇူလိုင်လ ၂၈ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှနေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးမည်။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါမိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးရာမှလှိုင်းအလွန်ကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ မှ ၄၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၀ ပေမှ ၁၆ ပေခန့်ရှိနိုင်သည်။




သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့် ဆည်မြောင်းတာတမံများအနေဖြင့် လိုအပ်သည်များကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။ (မိုး/ဇလ)

# လသာမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ စွန့်ပစ်အမှိုက်များနှင့်ပတ်သက်၍ အသိပညာပေးဟောပြော

ရန်ကုန် ဇူလိုင် ၂၂

ကမာရွတ်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနတို့မှဦးစီး၍ ယနေ့နံနက်ပိုင်းတွင် လသာမြို့နယ် ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိအမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းအစည်းအဝေးခန်းမ၌ စွန့်ပစ်အမှိုက်များနှင့်ပတ်သက်၍ အသိပညာပေးခြင်းများပြုလုပ်သည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးရန်နိုင်ဝင်းက အဖွင့်အမှာစကားပြောကြားပြီး မြို့ပြပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သန့်ရှင်းရေးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာခင်နှင်းအေးက ကျောင်းသား၊ ကျောင်းသူများအား စွန့်ပစ်အမှိုက်များလျှော့ချခြင်း၊ ပြန်လည်တီထွင်ခြင်း၊ ပြန်လည်အသုံးပြုခြင်း၊ အမှိုက်အမျိုးအစားများ ခွဲခြားစွန့်ပစ်ခြင်း၊ အမှိုက်များကြောင့် ဖြစ်ပေါ်တတ်သည့်ရောဂါများ၊ မိမိတို့ကိုယ်တိုင်လုပ်ဆောင်ရမည့်နည်းလမ်းများအား လက်တွေ့အသုံးပြုစေပြီး အသိပညာပေး တေးသရုပ်ဖော်များဖြင့်ရှင်းလင်းပြသခြင်း၊ အမှိုက်များအား အမျိုးအစားအလိုက် အမှိုက်စို၊ အမှိုက်ခြောက်၊ ပလတ်စတစ်အမှိုက်၊ ဘေးအန္တရာယ်ရှိအမှိုက်များအား အမျိုးအစားအလိုက် ခွဲခြားစွန့်ပစ်ရန်လိုအပ်ပြီး အမှိုက်နှင့်ပတ်သက်၍ သိမှတ်ဖွယ်မေးခွန်းများအား အမေးအဖြေပြုလုပ်ခဲ့ကြောင်း သိရသည်။

ထို့နောက် အမှိုက်အမျိုးအစား ၄ မျိုးအား ဦးစီးအရာရှိ ဒေါက်တာမိုးမိုးနှင့် ဝန်ထမ်းများက လက်တွေ့ခွဲခြားသရုပ်ပြသကြသည်။ ယင်းနောက် ကျောင်းအုပ်ဆရာကြီးက ကျေးဇူးတင်စကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။ ဝန်းရံခ

# လွိုင်ကော်မြို့သို့ ပြန်လည်ဝင်ရောက်လာသည့် ယာယီနေရပ်စွန့်ခွာသူများအား အခြေခံစားသောက်ကုန်များပေးအပ်



လွိုင်ကော် ဇူလိုင် ၂၂

လွိုင်ကော်မြို့သို့ ပြန်လည်ဝင်ရောက်လာသည့် ယာယီနေရပ်စွန့်ခွာသူများအား အခြေခံစားသောက်ကုန်များ ချီးမြှင့်ပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းတွင် လွိုင်ကော်မြို့ ပြည်နယ်ခန်းမ၌ကျင်းပရာ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများနှင့်ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြား၍ ပြန်လည်ဝင်ရောက်နေထိုင်သည့် ထေးသမနှင့် မိုင်းလုံးရပ်ကွက်ရှိ ဒေသခံပြည်သူများအတွက် ဆန်၊ ဆီ အခြေခံစားသောက်ကုန်များကိုလည်းကောင်း၊ ပြည်နယ်ဝန်ကြီးများက ဒေါ်ဥချူ၊ နောင်ယား(က)၊ နောင်ယား(ခ)၊ နာနတ်တောရပ်ကွက်များရှိ ဒေသခံပြည်သူများအတွက် ဆန်၊ ဆီ အခြေခံစားသောက်ကုန်များကို လည်းကောင်း ပေးအပ်ကြရာ သက်ဆိုင်ရာကိုယ်စားလှယ်များက လက်ခံရယူကြပြီး ဒေသခံပြည်သူများကိုယ်စား ကိုယ်စားလှယ်တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက်တက်ရောက်လာသည့်ဒေသခံပြည်သူများက စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ပြန်လည်လုပ်ကိုင်နိုင်ရေး၊ လျှပ်စစ်မီးနှင့် သောက်သုံးရေရရှိရေး တင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က သက်ဆိုင်ရာတာဝန်ရှိသူများနှင့် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးသည်။

အခမ်းအနားတွင် ကယားပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ယာယီနေရပ်စွန့်ခွာရာမှ လွိုင်ကော်မြို့ပေါ်ရှိ ရပ်ကွက်များအတွင်းသို့ ပြန်လည်ဝင်ရောက်နေထိုင်သည့် ပြည်သူ ၇၄၄ ဦးအတွက် ဆန် ၁၈၆ အိတ်နှင့် ဆီ ၃၇၂ ပိဿာပေးအပ်ခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ၂၀၂၅ ခုနှစ် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပွဲကျင်းပ



နေပြည်တော် ဇူလိုင် ၂၂

အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် ၂၀၂၅ ခုနှစ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းတွင် စတုရက္ခိတ (မိတ္ထီလာ) ကျောင်းတိုက်၌ ကျင်းပရာ ကော်မရှင်ဥက္ကဋ္ဌ ဦးစစ်အေး၊ အတွင်းရေးမှူးနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

သစ်ပင်စိုက်ပျိုးပွဲတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌက အမှာစကားပြောကြား၍ ကော်မရှင်ရုံးအဖွဲ့နှင့် တာဝန်ရှိသူများထံ ရတနာတန်းဝင်ကျွန်းပင်များ လွှဲပြောင်းပေးအပ်ပြီး သတ်မှတ်နေရာ၌ ရတနာတန်းဝင်ကျွန်းပင်ကို စတင်စိုက်ပျိုးပေးကာ ကော်မရှင်အတွင်းရေးမှူး၊ ကော်မရှင်အဖွဲ့ဝင်များ၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အရာထမ်း၊ အမှုထမ်းများက သတ်မှတ်နေရာများ၌ ရတနာတန်းဝင်ကျွန်းပင် ၃၅၀ ကို စုပေါင်းစိုက်ပျိုးကြကြောင်း သတင်းရရှိသည်။

မြဝတီ

# နိုင်ငံခြားသုံးငွေနှင့်စပ်လျဉ်း၍ မူဝါဒအရ ဆက်စပ်လျက်ရှိသောကိစ္စရပ်များဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကျင်းပ



နေပြည်တော် ဇူလိုင် ၂၂

နိုင်ငံခြားသုံးငွေနှင့်စပ်လျဉ်း၍ မူဝါဒအရဆက်စပ်လျက်ရှိသော ကိစ္စရပ်များဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ရှိအစည်းအဝေးခန်းမ၌ ကျင်းပရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းမင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဇော်မြင့်နိုင်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင်ပို့ကုန်ရငွေဝင်ရောက်မှုအပေါ်မူတည်၍ သွင်းကုန်လိုင်စင်ချပေးသည့်ကိစ္စရပ်များ၊ တန်ဖိုးမြှင့်ကုန်စည်များနှင့်စပ်လျဉ်း၍ထောက်ခံချက် ထုတ်ပေးလျက်ရှိသည့် ကိစ္စရပ်များနှင့် ပို့ကုန်ဝင်ရောက်မှုအပေါ် အခက်အခဲမရှိစေရေးတို့နှင့်စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ သတင်းရရှိသည်။

မြဝတီ

# ယာယီနေရပ်စွန့်ခွာရာမှ နောင်ချိုမြို့သို့ပြန်လည်ဝင်ရောက်လာကြသည့် ဒေသခံတိုင်းရင်းသားပြည်သူများကို အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးလျက်ရှိ

နေပြည်တော် ဇူလိုင် ၂၂

နောင်ချိုမြို့အား တပ်မတော်မှ အပြီးတိုင် ပြန်လည်ထိန်းချုပ်နိုင်ပြီဖြစ်သည့်အတွက် ယာယီနေရပ်စွန့်ခွာနေကြသည့် နောင်ချိုမြို့မှ ဒေသခံတိုင်းရင်းသားပြည်သူများသည် ၎င်းတို့၏နေရပ်ဒေသများသို့ ပြန်လည်ဝင်ရောက်လျက်ရှိကြရာ ၎င်းတို့ယာယီနေရပ်စွန့်ခွာစဉ် ပျောက်ဆုံး၊ ပျက်စီးသွားသည့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများအား လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန နောင်ချိုမြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများက ဇူလိုင်လ ၂၁ ရက်မှစ၍ နောင်ချိုမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၌ ကွင်းဆင်း ဆောင်ရွက်ပေးလျက်ရှိသည်။






ဇူလိုင်လ ၂၁ ရက်နှင့် ၂၂ ရက်တို့တွင် ယင်းသို့ ကွင်းဆင်းဆောင်ရွက်ပေးရာ၌ နောင်ချိုမြို့သို့ ပြန်လည်ဝင်ရောက်လာကြသူများအနက်ဒေသခံပြည်သူ ၆၀ ကို လိုအပ်သောစာရွက်စာတမ်းများနှင့် ကိုယ်ရေးအချက်အလက်များ ဖြည့်သွင်းဆောင်ရွက်ကာ အိမ်ထောင်စုလူဦးရေစာရင်းနှင့်နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ထုတ်ပေးခဲ့ကြောင်းနှင့်ယင်းလုပ်ငန်းစဉ်ကို ဒေသခံပြည်သူများအတွက်စဉ်ဆက်မပြတ် ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မြဝတီ

# တိုင်းပြည်တည်ငြိမ်အေးချမ်းတိုးတက်ဖို့ ပညာတတ်များမွေးထုတ်စို့

ပညာရေးတွင်ရင်းနှီးမြှုပ်နှံခြင်းသည် တိုင်းပြည်တိုးတက်ရေးကို ဖော်ဆောင်နေခြင်းပင်ဖြစ်သည်။ ဖွံ့ဖြိုးတိုးတက်သောနိုင်ငံများသည်မျိုးဆက်သစ်လူငယ်များ၏ပညာရေးကို အလေးထားကြသည်။ ပညာရေးအသုံးစရိတ်သုံးစွဲနိုင်မှုအပေါ်မူတည်၍ နိုင်ငံတစ်နိုင်ငံ၏အဆင့်အတန်းကို ဖော်ပြလျက်ရှိသည်။ နိုင်ငံတစ်နိုင်ငံတည်ဆောက်ရာတွင် မျိုးဆက်သစ်များဖြင့်သာ တည်ဆောက်ကြရသည်။ မျိုးဆက်သစ်များ ပညာပြည့်ဝနေမှသာလျှင် အနာဂတ်နိုင်ငံတော်ကို တိုးတက်အောင် ထူထောင်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် မျိုးဆက်သစ်များကို အလေးထားသင့်ပေသည်။ နိုင်ငံတစ်နိုင်ငံ၏ အနာဂတ်သည် မျိုးဆက်သစ်လူငယ်များ၏ ပညာတတ်မြောက်မှုအဆင့်အတန်းပေါ်တွင် များစွာတည်မှီလျက်ရှိသည်။

**ပညာသည်သာလျှင်**

ဆိုရလျှင် စာမတတ်သူနှင့် ပညာနိမ့်ပါးသူတို့ များပြားခြင်းသည် နိုင်ငံတော်အတွက် ဝန်ထုပ်ဝန်ပိုး ပိုမိုဖြစ်ပေါ်စေသည်။ ပညာပြည့်ဝနလုံးလှသူများဖြင့်သာလျှင် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် မရှိမဖြစ်လိုအပ်သည့် တန်ဖိုးမြင့်လူ့စွမ်းအားအရင်းအမြစ်များကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်သည်။ နိုင်ငံတစ်နိုင်ငံတွင် စာမတတ်သူများပြားခြင်း၊ အလုပ်လက်မဲ့ပေါများခြင်းတို့သည် ရာဇဝတ်မှုများကိုထူပြောစေပြီး လက်နက်ကိုင် ဆူပူသောင်းကျန်းမှုများကိုလည်း ပိုမိုဖြစ်ပေါ်လာစေနိုင်သည်။ ထို့ပြင် လူညံ့၊ လူဆိုးများ အင်အားကြီးမားသည်နှင့်အမျှ လူ့အဖွဲ့အစည်းကိုလည်း ပြန်လည်ခြိမ်းခြောက်ပြီး အန္တရာယ်ပေးလာနိုင်သည်။

မြန်မာနိုင်ငံတွင် လူဦးရေစုစုပေါင်း ၅၁ သန်းကျော်ရှိသည့်အနက် ဘွဲ့ရသူမှာ သုံးသန်းခန့်သာရှိသည်။ မဟာဘွဲ့၊ ပါရဂူဘွဲ့များဆိုလျှင် ထိုအရေအတွက်ထက်နည်းပါးမည်ဖြစ်သည်။ အသက် ၂၅ နှစ်အထက် လူဦးရေ ၂၅ သန်းကျော်ရှိရာ ၎င်းလူဦးရေ၏ သုံးပုံနှစ်ပုံကျော်သည် အခြေခံပညာမူလတန်းနှင့် အလယ်တန်းအဆင့်၌ပင် ကျောင်းထွက်ထားကြသူများဖြစ်သည်။ အများစုသည် အခြေခံပညာမူလတန်းပြီးဆုံးချိန်တွင် ကျောင်းထွက်သွားကြခြင်းဖြစ်သည်။

**ကျွန်းမာပျော်ရွှင်စွာပညာသင်ယူနိုင်ရေး**

လက်ရှိအချိန်တွင် CRPH၊ NUG နှင့် PDF အမည်ခံ အစွန်းရောက်အကြမ်းဖက်သမားများသည် တချို့သောဒေသများတွင် အခြေခံပညာကျောင်းများအား ဗုံးခွဲတိုက်ခိုက်ခြင်း၊ မီးရှို့ခြင်း၊ ကျောင်းသားမိဘများအား ခြိမ်းခြောက်ခြင်း၊ ပညာသင်ကြားပေးနေသော ဆရာ၊ ဆရာမများအား ခြိမ်းခြောက်အကျပ်ကိုင်ခြင်းတို့ လုပ်ဆောင်လျက်ရှိသည်။ တချို့သော ကျောင်းအုပ်ဆရာ၊ ဆရာမကြီးများနှင့် ဆရာ၊ ဆရာမများသည် အသက်ကိုပင်လျှင် ရန်ရှာခြင်းခံနေကြရသည်။ ထို့ပြင် အကြမ်းဖက်ထောက်ခံသူ တချို့သောမိဘများသည် အစိုးရကိုဆန့်ကျင်လျက် သား၊ သမီးများကို ကျောင်းတက်ခွင့်မပြုဘဲထားကြသည်။ ထိုသို့ပြုလုပ်ခြင်းသည် မိမိရင်သွေးငယ်များ၏အနာဂတ်ကို ဖျက်ဆီးနေခြင်းပင်ဖြစ်သည်။

ထို့ကြောင့် မိဘအုပ်ထိန်းသူများအနေဖြင့် မိမိသား၊ သမီးများ၏အနာဂတ်ကို မြော်တွေးလျက် ကျောင်းပုံမှန်တက်ရောက်ခွင့်ပြုသွားစေလိုသည်။ မျိုးဆက်သစ်ကလေးငယ်အားလုံး ပညာသင်ယူခွင့်ရရှိစေရေးအတွက် အားလုံးပူးပေါင်းဆောင်ရွက်သွားရန်လိုအပ်သည်။ ထို့ပြင် မိဘအုပ်ထိန်းသူများ၊ ကျောင်းအကျိုးတော်ဆောင်များ၊ ဆရာ၊ ဆရာမများ၊ တာဝန်သိပြည်သူများအနေဖြင့် အဖျက်အမှောင့်လုပ်ဆောင်ရန် ကြံစည်နေသူများ၏သတင်းနှင့် လှုပ်ရှားမှုများကို သက်ဆိုင်ရာလုံခြုံရေးတပ်ဖွဲ့များသို့ အချိန်မီအသိပေးသွားသင့်သည်။ စင်စစ်အားဖြင့် ကျောင်းသား၊ ကျောင်းသူအားလုံးဘေးကင်းလုံခြုံပြီး ကျန်းမာပျော်ရွှင်စွာ ပညာသင်ယူနိုင်ရေးသည် များစွာအရေးပါလျက်ရှိသည်။

**သာယာကောင်းမွန်သောအနာဂတ်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဇွန်လ ၁၁ ရက်တွင် ပြင်ဦးလွင်မြို့ရှိ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိစဉ် ကျောင်းစုံညီခန်းမ၌ ဆရာ၊ ဆရာမများအားတွေ့ဆုံ၍ အမှာစကားပြောကြားရာတွင် **“မိမိတို့နိုင်ငံတွင်ဖြစ်ပွားလျက်ရှိသည့် မတည်မငြိမ်မှုများနှင့် အကြမ်းဖက်မှုဖြစ်စဉ်များကို ကြည့်မည်ဆိုပါက ပညာရေးအားနည်းသည့်ဒေသများ၌ ပိုမိုဖြစ်ပွားသည်ကိုတွေ့ရှိရမည်ဖြစ်ကြောင်း၊ အတန်းပညာတတ်မြောက်မှုအားနည်းခြင်း၊ သိမြင်တွေးခေါ်နိုင်မှုအားနည်းခြင်းတို့ကြောင့် အကြမ်းဖက်မှုလုပ်ရပ်များကို လုပ်ဆောင်လာကြခြင်းဖြစ်ပြီး ဒေသနှင့်ဒေသခံများ၏ လူမှုစီးပွားဘဝများကိုပါ ထိခိုက်လာစေကြောင်း၊ ထို့ကြောင့် ဆရာ၊ ဆရာမများအနေဖြင့် မိမိတို့သင်ကြားပေးနေရသည့် ကလေးငယ်များအား အတန်းပညာသင်ကြားပေးခြင်းအပြင် အကောင်းအဆိုး၊ အကြောင်းအကျိုးကို ခွဲခြားသိမြင်နိုင်စွမ်းရှိစေမည့် အသိပညာနှင့်အတွေးအမြင်များကို သင်ကြားပေးရမည်ဖြစ်ကြောင်း၊ ငယ်စဉ်ကလေးဘဝကတည်းက စနစ်တကျဖြင့် နေထိုင်သွားလာတတ်စေရေး၊ သန့်ရှင်းသပ်ရပ်မှုရှိစေရေး၊ လိမ္မာယဉ်ကျေးမှုရှိစေရေး သင်ကြားလေ့ကျင့်ပေးမှသာလျှင် အနာဂတ်ဘဝလမ်းတစ်လျှောက်၌ သာယာကောင်းမွန်သည့် လူမှုဘဝကိုရရှိစေမည်ဖြစ်ကြောင်း”** တိုက်တွန်းပြောကြားခဲ့သည်။

ဆိုရလျှင် နိုင်ငံတော်၏အနာဂတ်သည် လူငယ်များလက်ဝယ်တွင်ရှိသည်။ လူငယ်များသည် ဆရာများ၏လက်ဝယ်တွင်ရှိသည်။ ထို့ကြောင့် နိုင်ငံတော်၏ အနာဂတ်သည် ဆရာများ၏လက်ဝယ်တွင်ရှိသည်ဟုဆိုနိုင်သည်။ အမှန်တော့ အရည်အသွေးပြည့်ဝသည့်ဆရာများကသာ အေးချမ်းပြီးဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကိုဖော်ဆောင်နိုင်မည်ဖြစ်သည်။ ထို့ပြင် မသိသူကိုသိအောင်၊ မတတ်သူကိုတတ်အောင်၊ မကျွမ်းကျင်သူကို ကျွမ်းကျင်အောင်၊ မယဉ်ကျေးသူကိုယဉ်ကျေးအောင်၊ မလိမ္မာသူကို လိမ္မာလာအောင် “စာကိုလည်းသင်၊ လူကိုလည်းပြင်”ပေးရမည့်သူများမှာဆရာများပင်ဖြစ်သည်။ စင်စစ်အားဖြင့် မြန်မာ့လူမှုအသိုက်အဝန်းတွင် ဆရာ၊ ဆရာမများသည် အရေးပါသောအခန်းကဏ္ဍမှပါဝင်လျက်ရှိသည်။ “ဆရာမပြနည်းမကျ” ဆိုသလို ဆရာ၊ ဆရာမများသည် တပည့်များ၏ စံပြပုဂ္ဂိုလ်များပင်ဖြစ်သည်။ ထို့ပြင် တိုင်းပြည်တည်ဆောက်ရာတွင်လည်း အခရာကျလျက်ရှိသည်။

**အမျိုးသားပညာရေးစီမံကိန်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် တိုင်းပြည်အတွင်း ပညာတတ်များမွေးထုတ်နိုင်ရေးရည်မှန်းချက်ဖြင့် လက်ရှိအချိန်တွင် ပညာရေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးအတွက် နှစ် ၃၀ အမျိုးသားပညာရေးစီမံကိန်းကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ ပြည်နယ်နှင့်တိုင်းဒေသကြီးတစ်ခုလျှင် အနည်းဆုံးတက္ကသိုလ်တစ်ခု၌ Ph.D သင်တန်းဖွင့်လှစ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် ကျောင်းသား၊ ကျောင်းသူအားလုံး ပညာများအမှန်တကယ်တတ်မြောက်ပြီး ပုံမှန်တန်းစဉ်ကူးပြောင်းနိုင်ရေးအတွက် ဘာသာရပ်ဆိုင်ရာ ဆရာ၊ ဆရာမများကို မွမ်းမံသင်တန်းများပို့ချပေးရန်စီစဉ်လျက်ရှိသည်။ တစ်ဖက်တစ်လမ်းမှလည်း ဆရာ၊ ဆရာမများ လိုအပ်ချက်များကို တတ်နိုင်သမျှဖြည့်ဆည်းဆောင်ရွက်ပေးရန်စီမံလျက်ရှိသည်။

**တိုင်းပြည်တည်ငြိမ်အေးချမ်းတိုးတက်ဖို့ ပညာတတ်များမွေးထုတ်စို့**

အမှန်တော့ လူတစ်ဦး၏ဘဝတိုးတက်အောင်မြင်နိုင်မှုသည် ထိုသူ၏ပညာတတ်မြောက်ထားမှုအပေါ်တွင် များစွာမူတည်နေသည်။ ငယ်စဉ်ကပုံမှန်ကျောင်းပညာသင်ကြားခွင့်မရရှိခဲ့သော လူတစ်ဦးသည် အသက်မွေးဝမ်းကျောင်းလုပ်ငန်းအတွက် ခက်ခဲပင်ပန်းကြမ်းတမ်းစွာ ရုန်းကန်လှုပ်ရှားကြရသည်။ ထိုသဘောတရားအရ နိုင်ငံတစ်နိုင်ငံတည်ငြိမ်အေးချမ်းဖွံ့ဖြိုးတိုးတက်မှုသည်လည်း ထိုနိုင်ငံရှိပြည်သူများ၊ အထူးသဖြင့် မျိုးဆက်သစ်လူငယ်များအားလုံး ပညာတတ်မြောက်မှုနှုန်းအပေါ်တွင်သာ မူတည်လျက်ရှိသည်။ စင်စစ်အားဖြင့် ပညာရေးသည် လူသားအားလုံးအတွက် ပင်မဒေါက်တိုင်ဖြစ်နေသောကြောင့် ကမ္ဘာ့နိုင်ငံအသီးသီးသည် နိုင်ငံသားများ၏ပညာရည်မြင့်မားရေးအတွက် ရေတိုရေရှည်စီမံချက်များ၊ သုတေသနလုပ်ငန်းများအား ငွေကြေးမြောက်မြားစွာ အကုန်ကျခံလျက် ရင်းနှီးမြှုပ်နှံဆောင်ရွက်လျက်ရှိသည်။ ထိုသို့ရင်းနှီးမြှုပ်နှံရာတွင် နိုင်ငံသားများ၏ ပညာရည်အဆင့်အတန်းမြင့်မားရေးသည် များစွာအရေးပါလျက်ရှိသည်။ အထူးသဖြင့် မျိုးဆက်သစ်များ ပညာရည်မြင့်မားနေမှသာလျှင် ထိုနိုင်ငံသည် တည်ငြိမ်အေးချမ်းတိုးတက်ပြီး အဆင်းရဲဆုံးနိုင်ငံများစာရင်းမှ လွတ်မြောက်နိုင်မည်ဖြစ်သည်။

နိုင်ငံတစ်နိုင်ငံ၏ အနာဂတ်တိုးတက်ရေးသည် မျိုးဆက်သစ်များ၏ ပညာရည်တတ်မြောက်မှု အဆင့်အတန်းပေါ်တွင် များစွာတည်မှီနေသည်ဆိုသောအချက်ကို ကမ္ဘာ့နိုင်ငံတိုင်းက တူညီစွာလက်ခံထားရှိကြသည်။ ထိုနည်းတူစွာပင် ကျွန်ုပ်တို့မြန်မာနိုင်ငံသည်လည်း မျိုးဆက်သစ်များပညာရည်မြင့်မားရေးအတွက် ရေတိုရေရှည်စီမံကိန်းများ ချမှတ်လျက် အမျိုးသားရေးအသွင်ဖြင့် အကောင်အထည်ဖော်လျက်ရှိသည်။ အမှန်တော့ အသိပညာရှင်၊ အတတ်ပညာရှင်ပေါများသော နိုင်ငံတိုင်းသည် စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေး စသည့်နယ်ပယ်အားလုံးတွင် ဖွံ့ဖြိုးတိုးတက်ပြီး ကမ္ဘာ့ဦးဆောင်နိုင်ငံများအဖြစ် ရပ်တည်နိုင်လေ့ရှိကြသည်။

ဆိုရလျှင် “ပညာသမာ အာဘာနတ္ထိ-ပညာနှင့်တူသော အလင်းရောင်သည်မရှိ” ဟူ၍ မြတ်စွာဘုရားက ဟောကြားတော်မူခဲ့ရာ ပညာတန်ဆောင်အလင်းရောင်ဖြင့် ဘဝကိုအောင်မြင်စွာတည်ဆောက်နိုင်ရေး၊ ပညာအလင်းကင်းမဲ့စွာ အမိုက်မှောင်တွင်း သက်ဆင်းကျရောက်မသွားစေရေး၊ အသိပညာရှင်၊ အတတ်ပညာရှင်တစ်ဦးအဖြစ် နိုင်ငံကိုအလုပ်အကျွေးပြုနိုင်ရေးအတွက် မျိုးဆက်သစ်လူငယ်များ ပညာသင်ယူခွင့်ရရှိရေး အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားရန်လိုအပ်သည်။

မည်သို့ပင်ဆိုစေ နိုင်ငံတစ်နိုင်ငံ၏အနာဂတ်သည် မျိုးဆက်သစ်လူငယ်များ၏ ပညာတတ်မြောက်မှု အဆင့်အတန်းပေါ်တွင် များစွာတည်မှီလျက်ရှိသည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရသည် ဘက်စုံထူးချွန်သော မျိုးဆက်သစ်လူငယ်များပေါ်ထွန်းရေး ဘက်ပေါင်းစုံမှ စဉ်းစားသုံးသပ်ဆောင်ရွက်လျက်ရှိသည်။ အထူးသဖြင့် အဆင့်မြင့်ပညာသင်ယူနိုင်သူအရေအတွက်တိုးတက်လာမှသာလျှင် လူသားအရင်းအမြစ်များဖြင့် တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို လက်တွေ့ကျကျဖော်ဆောင်နိုင်မည်ဖြစ်သည့်အတွက် မျိုးဆက်သစ်များ ပညာရည်မြင့်မားရေးအတွက် အားလုံးဝိုင်းဝန်းဆောင်ရွက်သွားကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

> ➤ **နိုင်ငံတစ်နိုင်ငံ၏ အနာဂတ်တိုးတက်ရေးသည် မျိုးဆက်သစ်များ၏ ပညာရည်တတ်မြောက်မှု အဆင့်အတန်းပေါ်တွင် များစွာတည်မှီနေသည်ဆိုသောအချက်ကို ကမ္ဘာ့နိုင်ငံတိုင်းက တူညီစွာလက်ခံထားရှိကြသည်။ ထိုနည်းတူစွာပင် ကျွန်ုပ်တို့မြန်မာနိုင်ငံသည်လည်း မျိုးဆက်သစ်များ ပညာရည်မြင့်မားရေးအတွက် ရေတိုရေရှည်စီမံကိန်းများချမှတ်လျက် အမျိုးသားရေးအသွင်ဖြင့် အကောင်အထည်ဖော်လျက်ရှိသည်။**

**ဝင်းဇင်(သုတေသန)**

⊃ ပွင့်ဖြူမြို့နယ်မှ
စပါး ၆၉၉၉၉ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ လက်ရှိမှာ စပါး ၈၉၉၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပြီး လျာထားစိုက်ဧကပြည့်မီအောင် စိုက်ပျိုးသွားမှာပါ။ စိုက်ပျိုးတဲ့စပါးတွေ ပိုးမွှားရောဂါကာကွယ်နှိမ်နင်းဖို့၊ စိုက်ပျိုးရေးသွင်းအားစုတွေ စနစ်တကျသုံးစွဲကြဖို့ နည်းပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးနေပါတယ်။ ရွှေခရုနဲ့ပတ်သက်ပြီး တောင်သူအသိပညာပေးလုပ်ငန်းတွေကို စပါးမစိုက်ပျိုးမီကတည်းက ဆောင်ရွက်ပေးထားပါတယ်” ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေကပြောသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် စပါးလျာထားဧကပြည့်မီအောင်စိုက်ပျိုးနိုင်ရန် မြို့နယ်စိုက်ပျိုးစွမ်းအားမြှင့်တင်ရေးကြီးကြပ်မှုကော်မတီ၏ဦးဆောင်မှုဖြင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနတို့ပူးပေါင်း၍ စပါးစိုက်တောင်သူများကို အထွက်နှုန်းကောင်းစပါးမျိုးများစိုက်ပျိုးနိုင်ရေး၊ စိုက်နည်းစနစ်များမှန်ကန်စေရေးနှင့် စိုက်ပျိုးရေစနစ်တကျသုံးစွဲရေး စသည့်စိုက်ပျိုးရေးအသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

စပါးကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုကို ဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ တောင်သူများ၏ လူမှုစီးပွားဘဝများမြင့်မားတိုးတက်လာမည်ဖြစ်သောကြောင့် စပါးကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

## မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးခန့်ထားခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာအောင်မိုးမျိုးတင့်ကို ယင်းဦးစီးဌာန၏ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

❍ **ရှေ့ဖုံးမှအဆက်**
အောင်စာရင်းထွက်သည့်နေ့တွင် ကြေညာပေးပါမည်။
၅။ မိဘပြည်သူများ သက်ဆိုင်ရာစာစစ်ဌာနများ၌ အောင်စာရင်းကြည့်ရှုရန်လာရောက်ရာတွင် ကျန်းမာရေးဝန်ကြီးဌာနကထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာစည်းကမ်းများကို စနစ်တကျလိုက်နာဆောင်ရွက်ခြင်းဖြင့် ပူးပေါင်းကူညီဆောင်ရွက်ပေးကြပါရန် ပန်ကြားအပ်ပါသည်။
၆။ အောင်စာရင်းနှင့်ပတ်သက်၍ မရှင်းလင်းသည်များရှိပါက မြန်မာနိုင်ငံစာစစ်ဦးစီးဌာန၊ ဖုန်းနံပါတ် (၀၁-၆၅၃၅၀၉)သို့ အောင်စာရင်းထုတ်ပြန်ကြေညာမည့် ၂၇-၇-၂၀၂၅ ရက်နေ့ (တနင်္ဂနွေနေ့) တွင် ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**ပညာရေးဝန်ကြီးဌာန**

၂၂-၇-၂၀၂၅

### ထူးခြားသည့် နေ့အပူချိန်များ

| | | | | |
|---|---|---|---|---|
| ချောက် | ၃၈ | ဒသမ | ၁ | ဒီဂရီဆဲလ်စီးယက် |
| မော်လိုက် | ၃၈ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| ခန္တီး | ၃၇ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယက် |
| ကလေးဝ | ၃၇ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| မြင်းမူ | ၃၇ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| တံတားဦး (လေကြောင်းမိုးလေဝသ) | ၃၆ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယက် |
| ဟုမ္မလင်း | ၃၆ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယက် |
| မိုးကောင်း | ၃၆ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယက် |

# အာဆီယံ ယူ-၂၃ ချန်ပီယံရှစ်ပြိုင်ပွဲတွင် မြန်မာအသင်း ထိုင်းကို သရေကစားနိုင်သော်လည်း အုပ်စုမှထွက်ရ




ရန်ကုန် ဇူလိုင် ၂၂

၂၀၂၅ အာဆီယံ ယူ-၂၃ ချန်ပီယံရှစ်ပြိုင်ပွဲ အုပ်စုနောက်ဆုံးနေ့ကို ဇူလိုင်လ ၂၂ ရက်က အင်ဒိုနီးရှားနိုင်ငံ၌ ဆက်လက်ကျင်းပရာ မြန်မာအသင်းနှင့် ထိုင်းအသင်း ဂိုးမရှိသရေကျခဲ့သည်။

အုပ်စုပထမပွဲတွင် တီမောအသင်းနှင့် မထင်မှတ်ဘဲသရေကျခဲ့သည့်မြန်မာအသင်းသည် ထိုင်းအသင်းကိုအနိုင်ကစားနိုင်မှ ဆီမီးဖိုင်နယ်တက်ရောက်မည်ဖြစ်ရာ ကြိုးစားကစားသော်လည်း သရေတစ်မှတ်သာရယူနိုင်သဖြင့် အုပ်စုအဆင့်ဖြင့်သာ ကျေနပ်ခဲ့ရသည်။

မြန်မာအသင်းနည်းပြချုပ် ကူရိုဆာကီသည် ပွဲထွက်လူစာရင်းကို အပြောင်းအလဲအချို့ပြုလုပ်ခဲ့ပြီး ဟိန်းထက်စိုး (ဂိုး)၊ မြတ်ဖုန်းခန့်၊ စခန့်ချော၊ ထူးဝေယံ၊ ခန့်ဇင်ဟိန်း၊ အာကာကျော်၊ မိုးဆွေ၊ ဇော်ဝင်းသိန်း၊ ရှိုင်းဝဏ္ဏအောင်၊ မင်းမော်ဦး၊ သန်းတိုးအောင်တို့ကို အသုံးပြုခဲ့သည်။ ထိုင်းအသင်းသည် အရေးနိမ့်လျှင်ပင် နောက်တစ်ဆင့်တက်ခွင့်ရှိနေသော်လည်း အကောင်းဆုံးကြိုးစားခဲ့ပြီး မြန်မာအသင်း ခံစစ်အမှားနည်းသဖြင့် ဂိုးမသွင်းနိုင်ဘဲ သရေကျခဲ့ခြင်းဖြစ်သည်။

ပြိုင်ပွဲကို အုပ်စုသုံးခုခွဲ၍ကျင်းပပြီး အုပ်စုပထမနေရာရ သုံးသင်းနှင့် ဒုတိယနေရာရအသင်းများအနက် အကောင်းဆုံးတစ်သင်း စုစုပေါင်းလေးသင်းသာ ဆီမီးဖိုင်နယ်တက်ရောက်ခွင့်ရမည်ဖြစ်ပြီး အုပ်စု(က)တွင် အင်ဒိုနီးရှားအသင်းက ရမှတ်ခုနစ်မှတ်ဖြင့် အုပ်စုပထမ၊ အုပ်စု(ခ)တွင် ဗီယက်နမ်အသင်းက ခြောက်မှတ်ဖြင့် အုပ်စုပထမ၊ အုပ်စု(ဂ)တွင် ထိုင်းအသင်းက လေးမှတ်ဖြင့် အုပ်စုပထမရရှိခဲ့သည်။ အကောင်းဆုံးအုပ်စုဒုတိယနေရာအတွက်တွက်ချက်ရာတွင် လေးသင်းပါဝင်သော အုပ်စု(က)တွင် အောက်ဆုံးရပ်တည်သည့် ဘရူနိုင်းအသင်းနှင့် တွေ့ဆုံသည့်ရလဒ်ကိုပယ်ဖျက်ကာ အုပ်စု(က)မှ ဖိလစ်ပိုင်အသင်းက သုံးမှတ်၊ အုပ်စု(ခ)မှ ကမ္ဘောဒီးယားအသင်းက တစ်မှတ်၊ အုပ်စု(ဂ)မှ မြန်မာအသင်းက နှစ်မှတ်ရရှိပြီး သုံးမှတ်ရရှိသည့် ဖိလစ်ပိုင်အသင်းက အကောင်းဆုံးအုပ်စုဒုတိယဖြင့် နောက်တစ်ဆင့် တက်ရောက်ခဲ့သည်။

ဆီမီးဖိုင်နယ်ပွဲစဉ်များကို ဇူလိုင်လ ၂၅ ရက်တွင် ကျင်းပမည်ဖြစ်ပြီး ဗီယက်နမ်အသင်းနှင့် ဖိလစ်ပိုင်အသင်း၊ အင်ဒိုနီးရှားအသင်းနှင့် ထိုင်းအသင်း တွေ့ဆုံနေသည်။

**ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-FAT**

# ကန့်ဘလူမြို့နယ်၌ အခြေခံစာကြည့်တိုက်ပညာ သင်တန်း(၂/၂၀၂၅)ဖွင့်ပွဲ ကျင်းပ

ကန့်ဘလူ ဇူလိုင် ၂၂

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့ရှိ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ အခြေခံစာကြည့်တိုက်ပညာသင်တန်း( ၂/၂၀၂၅) ဖွင့်ပွဲကို ဇူလိုင်လ ၂၁ ရက်က ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစောထွန်းဦးက အမှာစကားပြောကြားရာတွင် စာကြည့်တိုက်သည် အကြောင်းအရာပေါင်းများစွာ၊ ပညာရပ်ပေါင်းများစွာပါရှိသောစာအုပ်စာစောင်များ၊ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းများသာမက တခြားလေ့လာစရာများကို စနစ်တကျစုစည်းထားသောနေရာဖြစ်ကြောင်း၊ ဗဟုသုတများစွာပေးစွမ်းနိုင်သော စာကြည့်တိုက်များ စနစ်တကျလည်ပတ်ရန် စာကြည့်တိုက်မှူးများက အရေးပါကြောင်း၊ ကျွမ်းကျင်သောစာကြည့်တိုက်မှူးများ မွေးထုတ်ပေးနိုင်ရန် အခြေခံစာကြည့်တိုက်ပညာသင်တန်းများ မရှိမဖြစ်လိုအပ်ကြောင်းပြောကြားသည်။

ထို့နောက် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နန်းမြင့်က သင်တန်းဖွင့်လှစ်ရခြင်း၏ရည်ရွယ်ချက်နှင့် သင်တန်းဖွင့်လှစ်မည့်အခြေအနေများကို ပြောကြားသည်။ အဆိုပါသင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၂၀ ဦး တက်ရောက်ကာ သင်တန်းကာလမှာ ဇူလိုင်လ ၂၁ ရက်မှ ၂၅ ရက်အထိဖြစ်ပြီး စာကြည့်တိုက်မိတ်ဆက်၊ စာစု/ စာပြုလုပ်ငန်း၊ မျိုးတူစုလုပ်ငန်း၊ မှတ်သားမှုစနစ်၊ ထားသိုမှု/ ထိန်းသိမ်းမှုစနစ်၊ ကတ်တလောက်လုပ်ငန်း၊ စာအုပ်ငှားလုပ်ငန်း စသည့်ဘာသာရပ်များကို စာတွေ့လက်တွေ့ သင်ကြားပို့ချလျက်ရှိကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

■ **အများပြည်သူသို့အသိပေးကြေညာချက်မှ**

ယင်းလုပ်ငန်းစဉ်အား သက်ဆိုင်ရာမြန်မာ့စီးပွားရေးဘဏ်များ၌ One Stop Service ဖြင့် နေ့ချင်းပြီး အဆင်ပြေစွာ ဆောင်ရွက်ပေးမည်ဖြစ်သဖြင့် နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအနေဖြင့် UID လျှောက်ထားရယူမှုအပေါ် စိုးရိမ်ပူပန်မှုမရှိဘဲ အဆင်ပြေလွယ်ကူစွာသွားရောက်ဆောင်ရွက်နိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**လူဝင်မှုကြီးကြပ်ရေးနှင့်**
**ပြည်သူ့အင်အားဝန်ကြီးဌာန**

# မိုးသီးနှံမျိုးစေ့ထုတ်စိုက်ခင်းနှင့် စံပြကွက်စိုက်ပျိုးတောင်သူများအား မျိုးစေ့နှင့်ဓာတ်မြေဩဇာများပေးအပ်

မိုးနဲ ဇူလိုင် ၂၂

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်ခရိုင် မိုးနဲမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၏ ပြည်နယ်ခွင့်ပြုငွေဖြင့် မိုးသီးနှံမျိုးစေ့ထုတ်စိုက်ခင်းနှင့် စံပြကွက်စိုက်ပျိုးတောင်သူများအား မျိုးစေ့နှင့်ဓာတ်မြေဩဇာများပေးအပ်ပွဲကို ဇူလိုင်လ ၂၂ ရက်တွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပသည်။

ရေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းမြင့်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် မိုးသီးနှံမျိုးစေ့ထုတ်စိုက်ခင်း၊ လက်ဆွဲကောက်စိုက်စက်ဖြင့် စိုက်ထားသောစံပြစိုက်ခင်း၊ မြေပဲမျိုးသန့်ပွားစိုက်ခင်းနှင့် ခေါင်နှံမျိုးသန့်ပွားစိုက်ခင်းများစိုက်ပျိုးကြသည့် တောင်သူ ၂၅ဦးအားမျိုးစေ့ဧက ၂၀ အတွက် တစ်ဧကလျှင် မျိုးစေ့ ၁၀ ကီလိုနှုန်းဖြင့် ကီလို ၂၀၀ ကိုလည်းကောင်း၊ ယူရီးယားမြေဩဇာအိတ် ၅၀ နှင့် ကွန်ပေါင်းမြေဩဇာအိတ် ၅၀ ကိုလည်းကောင်း မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့်တာဝန်ရှိသူများက ပေးအပ်ရာ တောင်သူများက လက်ခံရယူကြောင်း သိရသည်။

**မျိုးညွန့်ရွှေ(မိုးနဲ)**

# ပြည်ထောင်စုနယ်မြေ လယ်ဝေးမြို့နယ်အတွင်း သမဝါယမအသင်းသား တောင်သူများ၏ နှမ်းစပါးရိတ်သိမ်းနေမှုနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး



နေပြည်တော် ဇူလိုင် ၂၂

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် ယနေ့မွန်းလွဲပိုင်းတွင် ပြည်ထောင်စုနယ်မြေ လယ်ဝေးမြို့နယ် ရုံးတောကျေးရွာသို့ရောက်ရှိပြီး ရွှေဝါထွန်း(၂) စိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်းလီမိတက် အသင်းသားများ၏ လယ်မြေဧက ၂၀ တွင် နှမ်းစပါးစိုက်ခင်းများ ရိတ်သိမ်းခြွေလှေ့နေမှုကို ကြည့်ရှုအားပေးသည်။

ကြည့်ရှုအားပေးစဉ် ပြည်ထောင်စုဝန်ကြီးကရုံးတောကျေးရွာသည်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းကို အခြေခံသည့်ကျေးရွာဖြစ်သည့်အတွက် ကျေးလက်နေတစ်မိသားစုချင်း၏ ဝင်ငွေတိုးပွားရေး နှမ်းစပါးအပြီး မိုးသီးနှံများ စိုက်ပျိုးနိုင်ရေး၊ မိုးသီးနှံပြီးပါက ဆောင်းသီးနှံများသီးထပ်သုံးသီး စိုက်ပျိုးနိုင်ရေးအတွက် နိုင်ငံတော်အစိုးရက နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် တစ်ကေလျှင် ငွေကျပ်နှစ်သိန်းနှုန်းနှင့်ညီမျှသော မျိုး၊ ဓာတ်မြေဩဇာ၊ သွင်းအားစုများထောက်ပံ့ပေးလျက်ရှိကြောင်း၊ သတ်မှတ်ပန်းတိုင်အထွက်နှုန်း ရရှိရေးအတွက် အမှန်တကယ် ကြိုးပမ်းဆောင်ရွက်ရမည်မှာ တောင်သူများ၏ တာဝန်တစ်ရပ်ပင်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရုံးတောကျေးရွာ၌ အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနက ဖွင့်လှစ်ခဲ့သည့်အခြေခံစက်ချုပ်နည်းပညာသင်တန်းဆင်းပြီး လုပ်ငန်းသုံးပစ္စည်းများ ထောက်ပံ့ပေးထားသော စက်ချုပ်လုပ်ငန်းဆောင်ရွက်နေသူသင်တန်းသူများ၏ စက်ချုပ်ဆိုင်လုပ်ငန်းဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုအားပေးပြီး ပြည်ထောင်စုဝန်ကြီးကလုပ်ငန်းများ စဉ်ဆက်မပြတ်လုပ်ကိုင်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သောအရင်းအနှီးများ ထောက်ပံ့ပေးနိုင်ရေးသက်ဆိုင်ရာတာဝန်ရှိသူ အဆင့်ဆင့်မှ လိုအပ်သည်များ ကူညီပံ့ပိုးဆောင်ရွက်သွားရန် ဆွေးနွေးမှာကြားသည်။

ယင်းနောက်လယ်ဝေးမြို့နယ်ဥယျာဉ်စုကျေးရွာရှိတောင်သူ၁၀၀ တို့၏စိုက်ပျိုးမြေဧက ၁၅၀ ကျော် အကျိုးပြုပေးနိုင်မည့် ဥယျာဉ်စုကျေးရွာ ကုန်ထုတ်လမ်းတံတားဖောက်လုပ်ပြီးစီးမှု အခြေအနေများကိုသွားရောက်ကြည့်ရှုစစ်ဆေးပြီးပြည်ထောင်စုဝန်ကြီးက ကျေးရွာလမ်းကော်မတီဝင်များဒေသခံပြည်သူအားလုံးမှ လမ်းရေရှည်ကောင်းမွန်စေရေး ဝိုင်းဝန်းထိန်းသိမ်းကြစေလိုကြောင်း၊ ကျေးရွာတောင်သူများကိုယ်တိုင်က မိမိတို့ကိုယ်တိုင်နှင့် မိမိတို့ကျေးရွာဖွံ့ဖြိုးတိုးတက်စေရေး ကြိုးစားဆောင်ရွက်လိုသည့် စိတ်များမွေးမြူကြရမည်ဖြစ်ပြီး မိမိအကျိုး၊ အများအကျိုး၊ ရပ်ရွာအကျိုးအတွက် သမဝါယမစနစ်နှင့်အညီ စိတ်တူကိုယ်တူ ဆန္ဒတူသူများ စုပေါင်း၍ပူးပေါင်းဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများ ရှိရမည်ဖြစ်ပြီး သတ်မှတ်စည်းကမ်းများကို လိုက်နာရမည်ဖြစ်ကြောင်းနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကို ဆွေးနွေးမှာကြားကာ ကျေးရွာနေပြည်သူများ၏ တင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြဝတီ

# တည်ဆောက်ရေးသုံးပစ္စည်းများ၊ ဆန်နှင့် အခြေခံစားသောက်ကုန်ပစ္စည်းများ စစ်တွေမြို့သို့ရောက်ရှိ



စစ်တွေ ဇူလိုင် ၂၂

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့နှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် ရန်ကုန်မြို့မှ တည်ဆောက်ရေးသုံးပစ္စည်းများ၊ ဆန်နှင့် အခြေခံစားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ တင်ဆောင်လာသော သင်္ဘောများ စစ်တွေမြို့ ဘက်စုံသုံးဆိပ်ကမ်းသို့ရောက်ရှိပြီး လူအင်အား၊ စက်ယန္တရားအင်အားအသုံးပြုကာ ကုန်တင်ကုန်ချပြုလုပ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ကြည့်ရှုစဉ် ပြည်နယ်ဝန်ကြီးချုပ်က ကုန်ပစ္စည်းများပျက်စီးဆုံးရှုံးမှုမဖြစ်စေရေး၊ လိုအပ်မှုမရှိသောနေရာများသို့မရောက်ရှိစေရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းစွာဆောင်ရွက်နိုင်ရေးမှာကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် တာဝန်ရှိသူများနှင့်အတူ ကုန်တင်ကုန်ချစခန်းများ၌ ဝင်ရောက်လုပ်ကိုင်လျက်ရှိသည့် ယာယီနေရပ်စွန့်ခွာစခန်းများမှ ပြည်သူများကို တွေ့ဆုံအားပေးစကားပြောကြားပြီး ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရေးသက်ဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

တင်ထွန်း(ပြန်/ဆက်)

# ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာကျောင်းများနှင့် ကိုယ်ပိုင်အထက်တန်းကျောင်းများကို ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇူလိုင် ၂၂

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်ခရိုင် တောင်ဒဂုံမြို့နယ်အတွင်းရှိအခြေခံပညာနှင့်စက်မှု စိုက်ပျိုးရေး၊ မွေးမြူရေးအထက်တန်းကျောင်း(စိုက်မွေး)သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ကျောင်းဥပဓိရုပ်ကောင်းမွန်ရေး၊ ကျောင်းဝင်းအတွင်းသန့်ရှင်းသာယာလှပရေး၊ ကျောင်းဆောင်များနှင့် သင်ကြားသင်ယူမှုလုပ်ငန်းများနှင့်စပ်လျဉ်း၍ စနစ်တကျရှိစေရေးလိုအပ်သည်များကို မှာကြားဖြည့်ဆည်းသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်တာဝန်ရှိသူများသည် အခြေခံပညာအလယ်တန်းကျောင်း (မြန်မာ့သားကောင်း)နှင့်အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၊ ဒဂုံမြို့သစ်ခရိုင်(ဆိပ်ကမ်း)မြို့နယ်ရှိကျောင်းများသို့သွားရောက်၍ကျောင်းသား၊ ကျောင်းသူများ အေးချမ်းစွာပညာသင်ယူနေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ကျောင်းဥပဓိရုပ်ကောင်းမွန်စေရေး၊ စိတ်ဓာတ်၊ စည်းကမ်းကောင်းမွန်စေရေးတို့အတွက် လိုအပ်သည်များကိုဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် ဒဂုံဆိပ်ကမ်းမြို့နယ် ယုဇနဥယျာဉ်မြို့တော်ရှိ ယုဇနအလင်း ကိုယ်ပိုင်အထက်တန်းကျောင်းသို့သွားရောက်၍ တာဝန်ရှိသူများနှင့်တွေ့ဆုံကာ ပုဂ္ဂလိကနှင့် ကိုယ်ပိုင်ကျောင်းများအားလုံး သတ်မှတ်ထားသည့် ရက်များတွင် ကျောင်းသား၊ ကျောင်းသူများတန်းစီပြီး နိုင်ငံတော်အလံအလေးပြုခြင်း၊ နိုင်ငံတော်သီချင်းနှင့် မြန်မာ့ကျောင်းသီချင်းများသီဆိုခြင်းဖြင့် ကျောင်းသား၊ ကျောင်းသူများ၏ မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်များရှင်သန်ထက်မြက်စေရေး၊ စည်းကမ်းကောင်းမွန်ရေး ဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။



မြဝတီ

# မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

နေပြည်တော် ဇူလိုင် ၂၂

တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့်ရှမ်းပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

(မိုး/ဇလ)

# နေပြည်တော်-မန္တလေး ရထားလမ်းပိုင်းရှိ ရထားလမ်းနေရာများ၊ တံတားများနှင့်ဘူတာများ ပြန်လည်တည်ဆောက်ရေး ဆောင်ရွက်မှုအခြေအနေများအား ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး ကြည့်ရှုစစ်ဆေး



နေပြည်တော် ဇူလိုင် ၂၂

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးသည် ဒုတိယဝန်ကြီး ဦးအောင်မြိုင်နှင့်အတူ ဇူလိုင်လ ၂၀ ရက် မွန်းလွဲပိုင်းက နေပြည်တော်ဘူတာမှ Rail Bus Engine-RBE အထူးရထားဖြင့် ထွက်ခွာခဲ့ရာ မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ် ရှမ်းရွာဘူတာသို့ ရောက်ရှိပြီး ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သည့် ဘူတာအဆောက်အအုံ ဖယ်ရှားရှင်းလင်းပြီးစီးမှု၊ ပြန်လည်တည်ဆောက်မည့် ဘူတာသစ်၏ ဒီဇိုင်းပုံစံနှင့် လက်ရှိ Modular Office တပ်ဆင်၍ ဘူတာအဖြစ် အသုံးပြုမှုအခြေအနေတို့ကိုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် သာစည်ဘူတာသို့ရောက်ရှိပြီး ဘူတာသစ်ကြီး တည်ဆောက်ရန် မြေနေရာရှင်းလင်းထားမှုအခြေအနေ၊ ဘူတာသစ်၏ ဒီဇိုင်းပုံစံတို့ကို စစ်ဆေးပြီး ဘူတာအင်္ဂါရပ်နှင့်ပြည့်စုံစေရေး၊ သန့်ရှင်းသပ်ရပ်လှပစေရေးတို့အတွက် လိုအပ်သည်များကိုမှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဝမ်းတွင်းမြို့နယ်အတွင်း ယမန်နှစ်က ရေတိုက်စားမှုကြောင့် ပျက်စီးခဲ့သည့် စမုံဘူတာနှင့်သပြေတောင်းဘူတာအကြားရှိ တံတားအမှတ် (၆၉၁)နေရာသို့ရောက်ရှိကာ ရေလမ်းကြောင်းထိန်းသိမ်းရေးလုပ်ငန်းများစီစဉ်ဆောင်ရွက်ထားမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ရေစီးရေလာပိုမိုကောင်းမွန်စေရေး ဆက်လက်ဆောင်ရွက်ရန် လိုအပ်ချက်များကို မှာကြားသည်။

ဆက်လက်၍ သပြေတောင်းဘူတာ၌ ငလျင်ဒဏ်ခံဘူတာအဆောက်အအုံဟောင်း ဖျက်သိမ်းပြီးစီးမှု၊ မြေနေရာရှင်းလင်းထားမှုနှင့် ဘူတာသစ်၏ဒီဇိုင်းပုံစံ၊ Modular Office တပ်ဆင်၍ လုပ်ငန်းဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ကျောက်ဆည်ဘူတာသစ်အတွက် မြေနေရာရှင်းလင်းထားမှုနှင့် ဒီဇိုင်းပုံစံသစ်တို့ကိုစစ်ဆေး၍ ဘူတာသို့ အဝင်/အထွက်လမ်းများ သပ်ရပ်ရေး၊ ဘူတာမျက်နှာစာသန့်ရှင်းသပ်ရပ်လှပရေး၊ ရထားစီးခရီးသည်များ အဆင်ပြေစွာရထားစောင့်ဆိုင်းနိုင်မည့်နေရာလျာထားရေးတို့ကို မှာကြားသည်။

ညနေပိုင်းတွင် မန္တလေးဘူတာကြီးသို့ ရောက်ရှိပြီး မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးနှင့်အတူ ဘူတာကြီးယာဒ်ဝင်းအတွင်း ပျက်စီးသွားသည့် ရထားလမ်းခွဲရုံနှင့် Modular Office ဖြင့် ယာယီရထားလမ်းခွဲသည့် အချက်ပြစနစ်တပ်ဆင်နေမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး မူလလမ်းခွဲရုံးကို အမြန်ဆုံးအကြီးစားပြန်လည်ပြင်ဆင်တည်ဆောက်ပြီးစီးစေရေးလိုအပ်ချက်များကိုမှာကြားသည်။

ဇူလိုင်လ ၂၁ ရက် နံနက်ပိုင်းတွင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မြန်မာ့မီးရထား၏ လူစီးတွဲနှင့်ကုန်တွဲစက်ရုံ(မြစ်ငယ်)သို့ ရောက်ရှိလာပြီး ဦးစွာ တွဲသစ်ရုံအမှတ်-၃ ၌ စက်ရုံ၏ အထွေထွေမန်နေဂျာက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများ၊ ကုန်သေတ္တာတင်တွဲများ တည်ဆောက်မှုအခြေအနေတို့ကို တင်ပြရာ ဒုတိယဝန်ကြီးချုပ်နှင့်ပြည်ထောင်စုဝန်ကြီးက ကျွမ်းကျင်ဝန်ထမ်းများ စဉ်ဆက်မပြတ်လေ့ကျင့်ပျိုးထောင်ရေး၊ စက်ရုံ၏ လုံခြုံရေးပိုမိုကောင်းမွန်အောင် စီမံရေး၊ ဝန်ထမ်းများ ကျန်းမာရေးနှင့်သက်သာချောင်ချိရေးကိစ္စများကိုမှာကြားသည်။

ယင်းနောက်စက်ရုံအတွင်း ကုန်သေတ္တာတင်တွဲများတည်ဆောက်နေမှု၊ DEMU ရထားတွဲတစ်တွဲ စမ်းသပ်တည်ဆောက်နေမှု၊ လူစီးတွဲနှင့်ကုန်တွဲများ အကြီးတန်းပြင်ဆင်မှု၊ ဘီးဘိုဂီအသစ်များထုတ်လုပ်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တွဲများ၏သက်တမ်းအလိုက် ကြံ့ခိုင်မှုပိုမိုကောင်းမွန်စေရေး၊ ပြန်လည်အသုံးမပြုနိုင်တော့သည့် တွဲဘီးဟောင်းများစီမံခန့်ခွဲရေး လိုအပ်ချက်များကိုမှာကြားသည်။

ထိုမှတစ်ဆင့် မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်ရှိ မြန်မာ့မီးရထား၏ကုန်စည်ပို့ဆောင်ရေးဌာနခွဲဝင်းသို့ရောက်ရှိပြီး မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက ယင်းနယ်မြေအတွင်း ငလျင်ဒဏ်ကြောင့် ပျက်စီးသွားသည့် အထပ်မြင့်အဆောက်အအုံများပေါ်၌ တပ်ဆင်ခဲ့သော အော်တိုမိုဘိုင်းတယ်လီဖုန်းစခန်းများနေရာတွင် ရွှေ့လျားမိုဘိုင်းစခန်းတာဝါတိုင် အစားထိုးတပ်ဆင်ပေးထားမှုအခြေအနေကိုကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းမိသားစုများ၏နေထိုင်ရေးလိုအပ်ချက်ကို ဖြည့်ဆည်းပေးသည်။

ထို့နောက် အဆိုပါမြို့နယ်အတွင်းရှိ မြန်မာ့စာတိုက်လုပ်ငန်းရုံးသို့သွားရောက်၍ ရုံးဝင်းအတွင်း အန္တရာယ်ရှိသည့်သစ်ပင်အိုကြီးများ ရှင်းလင်းရေး၊ ဖုန်းကြိုးများ၊ အင်တာနက်ဝိုင်ဖိုင်ကြိုးများ စနစ်တကျရှိစေရေးမှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မဟာအောင်မြေမြို့နယ်ရှိ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန တိုင်းဦးစီးမှူးရုံး၊ ပြည်ကြီးတံခွန်မြို့နယ်အတွင်းရှိ မြန်မာ့စာတိုက်လုပ်ငန်းရုံး၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းရုံးနှင့် ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနရုံးများသို့ရောက်ရှိပြီး ငလျင်ဒဏ်ကြောင့်ပျက်စီးမှုများ ပြင်ဆင်ပြီးစီးမှုအခြေအနေ၊ Modular Office များတပ်ဆင်၍ ရုံးလုပ်ငန်းဆောင်ရွက်နေမှု၊ Modular House များတွင် ဝန်ထမ်းမိသားစုများ ယာယီနေထိုင်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များမှာကြားကြောင်း သိရသည်။

**မြဝတီ**

---

# ၂၀၂၅ -၂၀၂၆ ပညာသင်နှစ် ကျောင်းပြင်ပမူလတန်းပညာရေး/ ကျောင်းပြင်ပ အလယ်တန်းပညာရေး လုပ်ငန်းဖွင့်ပွဲအခမ်းအနားကျင်းပ



ရန်ကုန် ဇူလိုင် ၂၂

ပညာရေးဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့ပူးပေါင်းဆောင်ရွက်သည့် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းပြင်ပမူလတန်းပညာရေး/ ကျောင်းပြင်ပ အလယ်တန်းပညာရေးလုပ်ငန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း သီရိရတနာခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာန၊ မြန်မာနိုင်ငံစာစစ်ဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူးရုံးတို့မှ တာဝန်ရှိသူများ၊ ခရိုင်/ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျောင်းပြင်ပ မူလတန်းပညာရေး/အလယ်တန်းပညာရေးကြီးကြပ်မှုကော်မတီအဆင့်ဆင့်မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ အလှူရှင်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်က ကျောင်းပြင်ပ ပညာရေးသည် အကြောင်းအမျိုးမျိုးကြောင့် ကျောင်းပညာရေး သင်ယူခွင့်ရရှိရန် အခက်အခဲရှိသူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် အခြေအနေနှင့် လိုက်လျောညီထွေစွာ စီစဉ်ဆောင်ရွက်ပေးရာတွင် တာဝန်ရှိသူများနှင့် စေတနာရှင်များ၏ အကူအညီဖြင့် သတ်မှတ်လျာထားသည့် ကာလတစ်ခုအတွင်း ရည်ရွယ်ချက်ပြည့်အောင် ပို့ချပေးသည့် ပညာရေးစနစ်ဖြစ်ကြောင်းနှင့် ကျောင်းပြင်ပမူလတန်းပညာရေး/ အလယ်တန်းပညာရေးအစီအစဉ်တွင် ကူညီပံ့ပိုးပေးသည့် အဖွဲ့အစည်းများနှင့် စိတ်အားထက်သန်စွာ ပါဝင်လှူဒါန်းကြသည့် ပညာရေးစေတနာရှင် အလှူရှင်များကို များစွာကျေးဇူးတင်ရှိကြောင်းပြောကြားသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက အမှာစကားပြောကြားပြီး စာအုပ်နှင့် စာရေးကိရိယာများပေးအပ်ရာ ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာန ညွှန်ကြားရေးမှူးက လက်ခံရယူကာ ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ကျောင်းပြင်ပမူလတန်း/ ကျောင်းပြင်ပ အလယ်တန်းကိစ္စ ဆောင်ရွက်ထားမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် လူမှုရေးရာဝန်ကြီးက ခရိုင်အုပ်ချုပ်ရေးမှူးများကို ခရိုင်ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌတာဝန်ပေးခန့်အပ်လွှာများပေးအပ်ခဲ့ပြီး အလှူရှင်များက အလှူငွေများပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ယင်းနောက် သင်တန်းဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူလေးများက "ကလေးများအတွက်ဒီနေ့" သီချင်းဖြင့် ဖျော်ဖြေတင်ဆက်ပြီး ဖျော်ဖြေရေးအဖွဲ့ကို တိုင်းဒေသကြီးဝန်ကြီးချုပ်က ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ကာ ပြသထားသည့် ပြခန်းများအား လှည့်လည်ကြည့်ရှုအားပေးကြကြောင်းသိရသည်။

**ဖွဲ့ထက်ကို(ပြန်/ဆက်)**

# အခြေခံစာကြည့်တိုက်သင်တန်း(၁/၂၀၂၅)ဖွင့်ပွဲအခမ်းအနားကျင်းပ



နေပြည်တော် ဇူလိုင် ၂၂

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှ ဝန်ထမ်းများ အသိပညာဗဟုသုတများတိုးတက်ပြန့်ပွားအောင် စာအုပ်စာပေဖတ်ရှုလေ့လာခြင်းသည် အဓိကအရေးပါသည်ကို ပိုမိုသိရှိနားလည်လာစေရန်နှင့် စာကြည့်တိုက်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများကို နားလည်စေရန်ရည်ရွယ်၍ အားကစားနှင့် ကာယပညာဦးစီးဌာန၏ အခြေခံစာကြည့်တိုက်သင်တန်း (၁/၂၀၂၅) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်၌ကျင်းပသည်။

ဦးစွာ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်က ယခုသင်တန်းတွင် စာကြည့်တိုက်စီမံခန့်ခွဲမှု ဘာသာရပ်၊ ကတ်တလောက်လုပ်ငန်း ဘာသာရပ်၊ မျိုးတူစုလုပ်ငန်းဘာသာရပ်နှင့် ရည်ညွှန်းလုပ်ငန်းဘာသာရပ် စသည့်ဘာသာရပ်လေးမျိုးတို့ကို သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း၊ သင်တန်းသား၊ သင်တန်းသူများ အနေဖြင့် သင်တန်းတွင်သင်ကြားပို့ချပေးခဲ့သည့် ဘာသာရပ်များကို ဂရုတစိုက်နာယူမှတ်သားပြီး မိမိတို့တာဝန်ကျရာနယ်မြေဒေသများတွင် ဖွင့်လှစ်ထားရှိသည့် စာကြည့်တိုက်များကို နည်းစနစ်တကျမှတ်တမ်းများထားရှိခြင်း၊ စာအုပ်၊ စာစောင်များကို ငှားရမ်းဖတ်ရှုလိုသူများ လွယ်လင့်တကူရှာဖွေငှားရမ်းရရှိနိုင်ရေး ပြင်ဆင်ဆောင်ရွက်ထားခြင်း စသည့်စာကြည့်တိုက်လုပ်ငန်းများဆက်လက်ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ စာဖတ်ကြသူများအချင်းချင်း အသိပညာအမြင်ချင်းဖလှယ်သည့် စာဖတ်ဝိုင်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ စာတမ်းဖတ်ပွဲများကျင်းပပြီး အပြန်အလှန်ဆွေးနွေးစေခြင်းဖြင့် စာဖတ်ခြင်း၏ အနှစ်သာရကို ပေါ်လွင်စေကာ ဝန်ကြီးဌာနအတွင်းမှတစ်ဆင့် နိုင်ငံတော်အတွက် အားထားရသည့် အသိပညာရှင်၊ အတတ်ပညာရှင်များ ပေါ်ထွန်းလာစေနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါ အခြေခံစာကြည့်တိုက်သင်တန်း (၁/၂၀၂၅)ကို ဇူလိုင်လ ၂၂ ရက်မှ ၂၈ ရက်အထိ နေပြည်တော်အားကစားလေ့ကျင့်ရေးစခန်း(Gold Camp)ရှိ ဘက်စုံသုံးခန်းမ၌ သင်တန်းသား၊ သင်တန်းသူ ၃၁ ဦးဖြင့် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

မြဝတီ

# ဘားအံမြို့နယ်အတွင်း စွမ်းအားပြည့်မွေးမြူ စိုက်ပျိုးထုတ်လုပ်နိုင်ရေး တောင်သူစည်းရုံး ပညာပေးလုပ်ငန်းများဆောင်ရွက်

ဘားအံ ဇူလိုင် ၂၂

ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ယနေ့နံနက်ပိုင်းတွင် ဘားအံမြို့နယ် အိန္ဒြေကျေးရွာရှမ်းစုရပ်ရှိ တောင်သူဦးဆလွန်း၏ ဒေသန္တားရွှေနီမျိုး မွေးမြူရေးခြံနှင့်တွဲဖက်၍ ဒေသဆိတ်များမွေးမြူထားရှိမှုကို ကြည့်ရှုအားပေးပြီး အသားနှင့်နို့တိုးချဲ့မွေးမြူထုတ်လုပ်နိုင်ရေး မှာကြားကာ တိရစ္ဆာန်သုံးဆေးဝါးများနှင့် အာဟာရဆားခဲများကို အခမဲ့ချီးမြှင့်ပေးအပ်သည်။

ထို့နောက် ဘားအံမြို့နယ် ကော့သင်းရှူးကျေးရွာ ကွင်းအမှတ် ၁၁၆၇ ရှိ တောင်သူဦးချမ်းအေး၏ မိုးစပါးမျိုးစေ့ထုတ်စိုက်ခင်း၌ ကော့သင်းရှူး၊ နောင်လုံအနောက်၊ ကော့မကယ်အိန္ဒြေနှင့် လှိုင်ကားကျေးရွာတို့မှ တောင်သူများအား မြေအသုံးချရေးဌာန(ခွဲ)မှတာဝန်ရှိသူများက မြေဆီဩဇာတိုးတက်ကောင်းမွန်စေသော ခရုအမိုင်နိုအက်စစ်ပြုလုပ်သုံးစွဲနည်းနှင့် အီးအမ်ဘိုကာရှီမြေဆွေးပြုလုပ်သုံးစွဲနည်းများကို လက်တွေ့ပြုလုပ်ပြသနေမှုကို ကြည့်ရှုအားပေးပြီး ပြန်လည်ပြုလုပ်သုံးစွဲကြမည့် တောင်သူများအား အီးအမ်(အပြင်း)ရည်များကို အခမဲ့ဖြန့်ဝေပေးအပ်သည်။

ယင်းနောက် အဆိုပါမိုးစပါးမျိုးစေ့ထုတ်စိုက်ခင်း ၆ ဧကအတွင်း ယူရီးယားဓာတ်မြေဩဇာနှင့်သဘာဝမြေဩဇာများ အချိုးကျရောနှောကြဲပက်ခြင်းနှင့် ထမ္ဗတိုင်ကွင်းရှိ မိုးစပါးစိုက်ပျိုးမည့် လယ်မြေများကို Kubota 50 ထွန်စက်နှစ်စီးဖြင့် မြေယာထွန်ယက်ပေးနေမှုကို ကြည့်ရှုအားပေးပြီး မိုးစပါးအထွက်နှုန်းတိုးတက်ရေးအတွက် ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်များရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ လိုအပ်သည့်သွင်းအားစုများ ဖြည့်ဆည်းပေးနိုင်ရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေး ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားသည်။

မွန်းလွဲပိုင်းတွင် ဘားအံမြို့နယ် ကော့သင်းရှူးကျေးရွာ ကွင်းအမှတ် ၁၁၆၇ ရှိ တောင်သူဦးအေးဝင်း၏ မိုးစပါးစိုက်ခင်း၌ကျင်းပသည့် သဘာဝမြေဩဇာနှင့် ယူရီးယားဓာတ်မြေဩဇာအချိုးကျရောစပ်စုပေါင်းကြဲပက်ခြင်း ကွင်းသရုပ်ပြပွဲသို့ တက်ရောက်၍ မိုးစပါးအထွက်နှုန်းတိုးတက်ရေးနည်းပညာပေးစံပြစိုက်ခင်းများ၊ မိုးစပါးထွန်ယက်စိုက်ပျိုးနေမှုနှင့် မြေဩဇာရောစပ်ကြဲပက်နေမှုတို့ကို ကြည့်ရှုအားပေးကာ လိုအပ်သည်များမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**



# မိုးရာသီသစ်ပင်စိုက်ပျိုးပွဲနှင့် မိုး၊ ဆောင်း၊ နွေ ရာသီပြည့်သီးနှံများစိုက်ပျိုးရေးနှင့် သွင်းအားစုများပေးအပ်ပွဲတို့သို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး တက်ရောက်၊ ငလျင်ဘေးပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကွင်းဆင်းစစ်ဆေး



နေပြည်တော် ဇူလိုင် ၂၂

နေပြည်တော်စိမ်းလန်းစိုပြည်ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းနိုင်ရေးအတွက် ရန်အောင်မြင်ဆည်စိမ်းလန်းမြေနေရာ၌ နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းတွင်ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်နှင့်ကော်မတီဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းများ တက်ရောက်ကြသည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက စင်ကာပူချယ်ရီအပင်အား စတင်စိုက်ပျိုးပေးပြီး တက်ရောက်လာကြသူများက စိန်ပန်း၊ ငု၊ ပျဉ်းမ၊ စင်ကာပူချယ်ရီပင်၊ သပြေဘူတ၊ စိန်ပန်းပု၊ နွယ်သာဂီ၊ စက္ကူကြံ့စာ အပါအဝင် ပျိုးပင်ပေါင်း ၇၀၅၉ ပင် စုပေါင်းစိုက်ပျိုးနေမှုကိုလှည့်လည်ကြည့်ရှုအားပေးသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် ဇေယျာသီရိမြို့နယ် ရေဆင်းအခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်ပြီး သဘာဝဘေးအသိပညာပေးဟောပြောပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားကာ ကျောင်းသား၊ ကျောင်းသူများကို စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနနှင့် မီးသတ်ဦးစီးဌာနတို့မှ တာဝန်ရှိသူများက သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်၍ အသိပညာပေးဆွေးနွေးဟောပြောကြသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် ပုဗ္ဗသီရိမြို့နယ် ပင်လောင်းလမ်းဘေး ကွင်းအမှတ် ၁၆၂၃/က သို့ သွားရောက်ပြီး မိုး၊ ဆောင်း၊ နွေ ရာသီပြည့်သီးနှံစိုက်ပျိုးရေးအတွက် တောင်သူများနှင့်တွေ့ဆုံခြင်းနှင့် ၂၀၂၅-၂၀၂၆ ခုနှစ် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေအစီအစဉ်ဖြင့် စိုက်ပျိုးမည့်တောင်သူများ သွင်းအားစုများပေးအပ်ခြင်းအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားကာ အောင်နိုင်တိုးမျိုးစပါးများကိုလည်းကောင်း၊ နေပြည်တော်ကောင်စီဝင် ဦးမင်းဦးက မျိုးစေ့ချကိရိယာများကိုလည်းကောင်း တောင်သူများထံ ပေးအပ်ကြ၍ မျိုးစေ့ချကိရိယာဖြင့် အောင်နိုင်တိုးစပါးများ စိုက်ပျိုးထားရှိမှုကို ကြည့်ရှုအားပေးသည်။

ထိုမှတစ်ဆင့် ရာဇဌာနီလမ်းမကြီး၊ ရာဇသိင်္ဂဟလမ်းမကြီးနှင့် တော်ဝင်ရတနာလမ်းမကြီးတို့သို့သွားရောက်၍ ငလျင်ဘေးကြောင့်ထိခိုက်ပျက်စီးခဲ့သော လမ်းပိုင်းများ ပြန်လည်ပြုပြင်နေမှုနှင့် Regulating Course Mix Design ခင်းကျင်းဆောင်ရွက်နေမှု အခြေအနေကိုလည်းကောင်း၊ ဥတ္တရသီရိ ရေလှောင်တမံ၌ စက်ယန္တရားကြီးများဖြင့် ယာယီရေတားတမံရှိ ဖို့မြေများဖယ်ရှားခြင်း၊ ရေတားတမံမြေသားညှိခြင်း ဆောင်ရွက်နေမှုများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကာ လုပ်ငန်းများအမြန်ပြီးစီးအောင် ဆောင်ရွက်ရေး၊ ရေရှည်ခိုင်ခံ့မှုရှိအောင် စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ရေးတို့ကို မှာကြားသည်။ **ထွန်းလင်း(ဇေယျာမြေ)**

**၂၂-၇-၂၀၂၅ ရက်**
**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး**
(Market Rate)

သိပ်သည်းဆ ၁၉ . ၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား(၁၆ . ၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ (၅,၉၀၀,၀၀၀) ကျပ်**ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

MYAWADY IN ENGLISH
www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Farmers plant more than 3,000 acres of rain-fed paddy in Kani Township

KANI July 22

According to statistics of Yinmabin District Agriculture Department, local farmers planted more than 3,000 acres of rain-fed paddy in Kani Township of Sagaing Region this year.

During the 2025–2026 monsoon crop season, Kani Township has targeted the cultivation of 23,285 acres of rain-fed paddy. Cultivation began in May of this year, and as of today, 3,910 acres have already been planted.

"The plan for this year's monsoon crop season in Kani Township is to cultivate over 23,000 acres of rain-fed paddy. So far, more than 3,000 acres have been cultivated. Planting is ongoing, and efforts are being made to ensure the targeted acreage is fully planted. Necessary technologies and quality seeds will be provided for rain-fed paddy cultivation. Field visits are being conducted to assist farmers in timely planting," said Daw Myat Moe Win, Head of the Agriculture Department for Yinmabin District.

It is also reported that, during this year's monsoon crop season, relevant township agricultural departments and local farmers are collaborating to ensure systematic cultivation of rain-fed paddy without major difficulties.

In Kani Township, farmers growing rain-fed paddy are being supported with agricultural technology, pest prevention awareness, and guidance to prevent crop loss or damage. Farmers are also being advised on timely post-harvest storage to ensure paddy is sheltered and protected.

This year, the rain-fed paddy fields in Kani Township are reportedly thriving. In order to achieve high yields, the township agriculture department and its staff are actively providing on-site technical support, including selection and use of quality seeds, pest control, manual weeding, removal of off-type varieties, and proper use of fertilizers.

SK

# Labutta Township ships large volume of cuttlefish to Yangon market

LABUTTA July 22

"A total of 65,000 viss of cuttlefish from Labutta Township, Ayeyawady Region, were transported to the Yangon market," said Daw Yi Yi, a fishery market trader in Labutta Township.

Labutta Township shipped65,000 viss of cuttlefish to the Yangon market.

The price of one viss of cuttlefish is ranged between Ks-21,000 and Ks-27,000.

"We are regularly transportingfishery products to the Yangon market from Labutta. There is currently a lot of cuttlefish coming in. Trading is also brisker than before. With the arrival of the open season, we will have to ship more than now. In May, we exported 15,000 viss more cuttlefish in compared with the previous month. The sale volume of the products has been high, which has helped the businessmen related to the fishery industry. The current cuttlefish market is stable," she said.

SK



# More than 5,000 acres of sweet corns planted in Yinmabin District



YINMABIN July 22

Yinmabin District Department of Agriculture of Sagaing Region stated that local farmers have so far planted more than 5,000 acres of sweet corns as monsoon crops in the district this monsoon.

Local authorities earmarked cultivation of 27,705 acres of sweet corns in the district in 2025-2026 cultivation season. So, local farmers have planted 1,920 acres of sweet corns in Yinmabin Township, 1,400 acres in Kani Township and 2,006 acres in Pale Township, totalling 5,326 acres.

"During this year's monsoon crop season, it has been planned to cultivate over 27,000 acres of sweet corn in Yinmabin District. So far, more than 5,000 acres have already been cultivated. Efforts are underway to reach the full target acreage. Awareness campaigns are also being conducted to ensure successful crop yields and prevent pest and disease outbreaks," said Daw Myat Moe Win, Head of the Yinmabin District Department of Agriculture.

For the 2025-2026 monsoon crop season, local authorities earmarked the cultivation of sweet corn in Yinmabin District. In this regard, Yinmabin Township set a plan to grow 11,500 acres of sweet corns. In Yinmabin District, one acre of maize can yields over 50 baskets, with a production cost of approximately Ks-500,000 per acre. One acre of sweet corn can yield around 15,000 ears, with a cost of over Ks-500,000 per acre.

SMK

# Farmers plant more than 20,000 acres of green gram in KhinU Township

KHINU July 22

Statistics of KhinU Township Agriculture Department stated that local farmers placed more than 20,000 acres of croplands under monsoon green gram in KhinU Township of Sagaing Region this year.

Local authorities earmarked cultivation of 63,225 acres of monsoon green gram in the township in 2025-2026 monsoon but farmers planted a total of 20,874 acres of crops from May to date.

U Nay Win Naing, Head of KhinU Township Department of Agriculture, disclosed: "Local authorities earmarked cultivation of more than 63,000 acres of rain-fed green gram in KhinU Township. So far, farmers have planted more than 20,000 acres of crops against the target cultivation. Our department assists in cultivation of rain-fed green gram in the township. Moreover, we urged local farmers to expand sown acreage of green gram and use quality strains of crops."

This year, the Agriculture Department raises farmer awareness about use of quality seeds of crops, correct agricultural techniques, prevention of pests, systematic broadcasting of fertilizers and boosting of per-acre yield of crops.

Moreover, the departmental officials provide quality seeds, agricultural inputs and post-harvest technologies for local farmers to ensure convenience in working process.

SMK

# Yekyi Township sells large amount of 90-day rice variety to Yangon market



YEKYI July 22

"A large amount of 90-day rice variety was shipped to the Yangon market from Yekyi Township in Ayeyawady Region," said Daw Myat Myat Thu, a rice trading center entrepreneur from Yekyi Township.

Yekyi Township transported 65,000 baskets of 90-day rice variety to the Yangon market.

"The Yangon rice and paddy market has been buying a lot of rice since the first week of May. Up to 65,000 baskets of 90-day rice variety was shipped to the Yangon market. The local rice market in Yangon is buying rice from Ayeyawady Region. The Yangon rice and paddy market is currently buying rice. The quality of the rice being shipped is good," she said.

The price of 90-day rice variety being shipped from Yekyi Township to the Yangon market has reached Ks-1.59 million per 100 baskets. **SK**

# More than 10,000 acres of rain-fed paddy planted in Wakema Township this year

WAKEMA July 22

"A total of 11,023 acres of rain-fed paddy was planted in Wakema Township of Ayeyawady Region this year," said Daw Khin Htay Myint, the Head of Myaungmya District Agriculture Department.



This year, local authorities earmarked cultivation of 213,216 acres of rain-fed paddy in Wakema Township but local farmers have so far planted 11,023 acres of paddy against the target cultivation. Local farmers continue cultivation of paddy to meet the target cultivation.

"In Wakema Township, rain-fed paddy is planned to be cultivated across up to 213,216 acres. So far, over 11,000 acres have already been cultivated, and planting continues on the remaining acres. Even before the actual planting begins, agricultural technologies are being implemented in advance to support rain-fed paddy cultivation. Furthermore, relevant departments are coordinating to supply the necessary fertilizers to farmers to ensure good paddy yields. Field-level technical support is also being provided to help farmers use fertilizers in accordance with recommended agricultural practices. Efforts are also being made to ensure both yield and quality of the paddy," said Daw Khin Htay Myint.

It is reported that in Wakema Township, efforts are underway to ensure all planned rain-fed paddy areas are fully cultivated with collaborative efforts from local farmers, the Department of Agriculture, the Irrigation and Water Utilization Management Department, the Agricultural Mechanization Department, the Irrigation Department, and local administrative bodies.

This year, high-yielding paddy varieties have been selected for cultivation. The Department of Agriculture is supporting the use of fertilizers and modern farming techniques. Varieties such as "Hsinthukha" and "Theehtetyin" are being grown. According to farmer U Kyaw Swe from Wakema Township, the weather has also been favourable this monsoon season, allowing smooth cultivation without major difficulties.

Local farmers will grow paddy strains such as Hsinthukha, Manaw Thukha, GW11, GW1 Pawsan, Hnanka, Pakhan and others in Wakema Township to meet the target cultivation of 213,216 acres. These paddy varieties are suitable for the regions.

**SMK**

# Monywa Township completes cultivation of more than 5,000 acres of sesame this monsoon

MONYWA July 22

Local farmers have finished cultivation of sesame on more than 5,000 acres of croplands as monsoon crops in Monywa Township of Sagaing Region this year.

During the 2025-2026 monsoon cropping season, it is planned to cultivate 11,520 acres of monsoon sesame in Monywa Township. Planting began in May of this year, and as of today, 5,373 acres have already been planted.

"The target for this year's monsoon cropping season in Monywa Township is to cultivate over 11,000 acres of monsoon sesame. So far, more than 5,000 acres have been planted, and planting is ongoing. Efforts are being made to ensure that the full targeted acreage is cultivated. Work is also being done to expand sesame cultivation, improve yields, and promote cultivation using GAP (Good Agricultural Practices) techniques," said U Soe Thet Aung, head of the Monywa Township Department of Agriculture.

This year, the Monywa Township Department of Agriculture is providing educational support to local farmers to help them expand sesame cultivation, adopt modern cultivation techniques, follow GAP standards, use quality seeds, and grow high-yield varieties.

Crops grown under the GAP system offer several benefits over those grown using other methods: they are of higher quality, fetch better prices, and are marketable not only domestically but also internationally. As a result, farmers practicing GAP cultivation are expected to gain greater economic benefits and see improvements in their socio-economic livelihoods. **SK**

# More than 1,900 acres of croplands placed under vegetables in Shwebo Township

SHWEBO July 22

According to Shwebo Township Department of Agriculture in Sagaing Region, local farmers have planted more than 1,900 acres of vegetables as monsoon crops in Shwebo Township this year.

In 2025-2026 cultivation season, local authorities earmarked cultivation of 3,857 acres of vegetables but farmers planted 1,954 acres of crops against the target cultivation.

For this year's monsoon crop season, Shwebo Township has a target to cultivate over 3,000 acres of vegetables. As of today, more than 1,900 acres have already been cultivated. Efforts are ongoing to meet the targeted acreage. The crops being planted include roselle, chili, aromatic herbs, cauliflower, Chinese cabbage, potatoes, cabbage, eggplant, and ridge gourd.

U Hsan Oo, the Head of the Shwebo Township Agriculture Department, said that farmers are being provided with technical assistance to cultivate all vegetables using the GAP (Good Agricultural Practices) system. They are also being guided to grow these vegetables in a way that minimizes chemical residue and aligns with health and safety standards."

This year, the Shwebo Township Agriculture Department has been conducting technical training for farmers to adopt GAP methods. Additionally, it provides knowledge to ensure that the harvested vegetables are healthy and safe. Support is also being given to encourage farmers to expand their vegetable cultivation.

**SK**

# Iran, Russia, China to hold trilateral nuclear talks amid rumblings of US dialogue resumption

MOSCOW July 22

A trilateral meeting is to take place on Tuesday between Iran, China and Russia to discuss Tehran's nuclear programme, Iranian Foreign Ministry spokesperson Esmail Baghaei said on Monday.

While the Iranian Foreign Ministry has not named the participants, the trilateral discussion in Tehran is expected to take place below the ministerial level.

The talks come as speculation mounts over a potential restart of indirect negotiations between Iran and the US, which were derailed in June by a 12-day conflict between Iran and Israel. Previously, five rounds of Oman-mediated discussions took place.

On June 13, Israel launched a military operation against Iran after accusing it of secretly pursuing a nuclear weapon. Airstrikes targeted nuclear facilities, military leadership as well as air bases and killed several military commanders and nuclear scientists. Iran rejected the allegations and retaliated. The United States conducted a one-time attack on Iranian nuclear sites on June 22. Tehran struck the US Al Udeid Air Base in Qatar in response but said it had "no intention of further escalation."

Adding further urgency, the Tehran meeting precedes renewed nuclear talks with France, Germany, and the UK scheduled for Friday in Istanbul.

**Sputnik**

# U.S. exits UNESCO again, agency calls move "regrettable" but "expected"

WASHINGTON July 22

The United States announced Tuesday its decision to pull out of the United Nations Educational, Scientific and Cultural Organization two years after rejoining.

According to a statement by the U.S. State Department, the withdrawal was due to what Washington saw as the UN cultural agency's policy to "advance divisive social and cultural causes" over the Israel-Palestine conflicts.

"UNESCO's decision to admit the 'State of Palestine' as a member state is highly problematic, contrary to U.S. policy, and contributed to the proliferation of anti-Israel rhetoric within the organization," the statement said.

The U.S. exit will take effect at the end of December 2026.




Meanwhile, UNESCO said Tuesday the U.S. exit was regrettable but came as no surprise.

"However regrettable, this announcement was expected, and UNESCO has prepared for it," UNESCO Director-General Audrey Azoulay said in a statement.

This will be the third time that Washington has left UNESCO, and the second time during the administration under Donald Trump. Since his second term in office started early this year, the Trump administration had announced its withdrawal from the Paris Agreement on climate change, the World Health Organization, and the United Nations Human Rights Council.

Washington has long had a contentious relationship with UNESCO, repeatedly withdrawing over political grievances. In 1984, the Ronald Reagan administration pulled the United States out of the agency, citing what it called the UN body's ideological tilt toward the former Soviet Union against the West, and the United States stayed away till 2003.

In November 2011, the Barack Obama administration cut off funding for the UN cultural agency, after its member countries defied a U.S. warning and approved a Palestinian bid for full membership in the body.

**Xinhua**

# 6.5 magnitude earthquake hits Russia's Kamchatka amid ongoing aftershocks

VLADIVOSTOK July 22

A 6.5 magnitude earthquake struck the Avacha Bay area off Russia's Kamchatka Peninsula on Tuesday, as the region continues to experience aftershocks following a series of powerful quakes over the weekend, local authorities reported.

According to the Kamchatka branch of the Geophysical Survey of the Russian Academy of Sciences, the quake occurred at 1:59 p.m. local time (0159 GMT) at a depth of 51.2 km, approximately 170 km from the regional capital Petropavlovsk-Kamchatsky. Many residents in the city reported feeling the tremor, the agency said on its official Telegram channel.

Russia's Emergency Situations Ministry in Kamchatka confirmed that the aftershock was felt with an intensity of up to 4 on the local scale in both Petropavlovsk-Kamchatsky and the nearby town of Vilyuchinsk. No tsunami warning was issued following the event.

Sunday saw a powerful series of earthquakes across Kamchatka, with the strongest registering a magnitude of 7.6. Videos circulated on social media showed goods falling from store shelves and furniture shaking violently inside homes.

After the second major quake on Sunday, authorities temporarily issued a tsunami warning for the Pacific coastal areas, which was lifted a few hours later.

**Xinhua**

# Martin Luther King assassination files released

WASHINGTON July 22

The administration of US President Donald Trump has released thousands of government files related to the assassination of civil rights icon Martin Luther King Jr. Around 240,000 pages were posted on Monday on the National Archives website, which promised more releases.

King was assassinated on April 4, 1968 in Memphis, Tennessee. Segregationist James Earl Ray confessed to the killing but later recanted. He died in prison in 1998.

National Intelligence Director Tulsi Gabbard said the files include FBI memos, case leads, notes on Ray's former cellmate, and overseas intelligence from the manhunt after Ray fled to the UK. Early reviews revealed no new details on FBI surveillance of King or possible links to Ray. Some researchers – and King's family – believe the killing was part of a wider conspiracy and that Ray may have been framed.

King's children, Bernice King and Martin Luther King III, were given early access to the records and opposed their release, fearing they might contain material that could damage their father's legacy. It remains unclear whether the files reveal new information about King's personal life. In a statement on X, they urged the public to view the documents in "their full historical context," stressing that King's death remains a deeply personal loss.

"We support transparency and historical accountability, but oppose any attacks on our father's legacy or efforts to weaponize it with falsehoods," they said, adding they will review the documents to assess whether Ray was truly responsible.

In a separate post, Bernice King addressed another controversy, writing on X: "Now do the Epstein files," referencing claims of a cover-up in the case of convicted sex offender Jeffrey Epstein.

**RT**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Scientists discover Pfizer COVID jab linked to major eye damage

Scientists have discovered that Pfizer's COVID-19 vaccine may increase the risk of eye damage, leading to vision loss.

The new study specifically examined how the vaccine affected patients' corneas, the clear front part of the eye that allows light to enter.

In 64 people, scientists in Turkey measured changes in the cornea's inner layer, called the endothelium, before taking the first Pfizer dose and two months after receiving the second.

Results revealed that taking both doses of the vaccine led to thicker corneas, fewer endothelial cells in the eye and more variation in size of these specialized cells that form the endothelium.

In the short term, these changes suggest the Pfizer vaccine may temporarily weaken the endothelium, even though patients didn't suffer clear vision problems during the study.

For people with healthy eyes, these small changes likely won't affect vision right away.

However, if scientists find that these changes last for years, they could lead to corneal swelling or blurry vision, especially in those with pre-existing eye problems or people who have had a cornea transplant.

A thicker cornea and reduced cell density could contribute to eye conditions like corneal edema, bullous keratopathy, or corneal decompensation, which can all cause permanent vision loss in severe cases, especially if left untreated.

The researchers warned in the study, published Wednesday in the journal Ophthalmic Epidemiology: 'The endothelium should be closely monitored in those with a low endothelial count or who have had a corneal graft.'

An eye doctor can use a special microscope called specular microscopy to find out if someone has a low endothelial cell count.

If you have blurry vision or eye discomfort, this test can also check if your cornea's cells are healthy.

A low count can be the result of aging, eye diseases like Fuchs' dystrophy, eye surgeries, injuries, or infections. These factors damage the cells that keep your cornea clear, and they don't grow back.

Specifically, the team found that the Pfizer-BioNTech vaccine caused a patient's cornea to go from 528 to 542 micrometers in thickness, or roughly 0.0208 inches to 0.0213 inches. This is a roughly two-percent increase in micrometers.



A slightly thicker cornea isn't automatically harmful. The cornea can thicken temporarily due to inflammation, fluid buildup, or stress on the endothelium from minor illnesses or injuries to the eyes.

If it stays too thick for months or years, however, it could make the cornea less clear, potentially affecting vision.

The team did not recommend against vaccination and will still need to conduct long-term testing on patients to see if these changes continue to appear months and years after taking the shots.

The average number of endothelial cells, which keep the cornea clear by pumping out excess fluid, dropped from 2,597 to 2,378 cells per square millimeter in the study, a loss of about eight percent.

Normal endothelial cell counts range from 2,000 to 3,000 cells per square millimeter in healthy adults, so 2,378 is still within a safe range for most people.

However, for someone with a low cell count to start with, due to a previous eye surgery, infection, or disease, this loss could be riskier for their vision.

Researchers also discovered that these cells became less uniform after the vaccination, with their coefficient of variation - each cell's difference in size - increasing from 39 to 42.

When cells die, nearby cells stretch to fill the gaps, leading to bigger differences in size.

This could mean the endothelium is less healthy. If this trend continued for years, it could affect the cornea's clarity.

After vaccination, the study found fewer cells kept their healthy six-sided shape, with the total dropping from 50 to 48 percent of the cells in the eye.

Healthy endothelial cells are usually shaped like hexagons, which allows them to fit together tightly, like a honeycomb.

Although the two-percent drop was not a direct sign of damage, it suggested to the team that the cells might be reacting to some sort of stress over those two months to three months.

Researchers said their results also showed evidence that the changes had a high likelihood of being directly linked to taking the vaccine, meaning it wasn't just a random anomaly in the testing.

If the signs of stress and inflammation drop off shortly after receiving the Pfizer shot, the impact of these minor changes would not be overly harmful.

To find these results, the team studied 128 eyes, 64 pairs in total, before each person received their COVID vaccinations.

They followed up with the group approximately 75 days after they got their second dose of the Pfizer-BioNTech vaccine.

The team used a machine called Sirius corneal topography to measure the corneas' thickness and shape, and another device, the Tomey EM-4000 specular microscope, to take detailed pictures of the endothelial cells to check their number, size and shape.

Each participant also took a full eye exam, including tests for vision sharpness, eye pressure and scans of the eye's front and back parts to ensure overall eye health.

By comparing the measurements taken before vaccination to those after, the researchers could see if the Pfizer vaccine was influencing the health of the eyes.

The new data on potentially harmful side-effects linked to Pfizer's COVID vaccine added to a growing list of concerns the Trump Administration has highlighted.

In May, the US Food and Drug Administration (FDA) forced Pfizer and Moderna to use expanded warning labels about the risks of heart damage tied to COVID-19 vaccines.

The shots previously included warning labels about the rare chance of patients suffering myocarditis, inflammation of the heart muscle, and pericarditis, inflammation of the sac-like lining surrounding the heart.

The new labels expanded that warning to certain age groups, particularly men between the ages of 16 and 25.

Researchers found that this seemingly healthy group appeared to be at the highest risk of the rare complications.

**Mail Online**

# Science and Innovative Equipment

မောင်ယုယ စုစည်းတင်ပြသည်။

## နာရီပေါင်း ၁၃၀ ကျော်ကြာ မရပ်မနားဘဲ တစ်ဆက်တည်းမောင်းနှင်နိုင်စွမ်းရှိသည့် စက်ရုပ်ရေယာဉ် သို့မဟုတ် VENOM မောင်းသူမဲ့ရေယာဉ်



မြင်းကောင်ရေ ၃၀၀ အားကိုအသုံးပြုထားပြီး ရန်သူ၏သင်္ဘောများကို လျင်မြန်စွာ တားဆီးဟန့်တားနိုင်သည့် မျိုးဆက်သစ် မောင်းသူမဲ့ရေယာဉ်တစ်စင်းကို အမေရိကန်ပြည်ထောင်စုတွင် အခြေပြုသည့် ကာကွယ်ရေးပစ္စည်းကုမ္ပဏီတစ်ခုက ထုတ်ဖော်ပြသခဲ့သည်။

VENOM ဟု အမည်ပေးထားသည့် အဆိုပါမောင်းသူမဲ့ရေယာဉ်သည် အလျား ၉ မီတာ (၂၇ ပေခန့်) ရှိပြီး ရေပြင်အထက်တွင် ဘက်စုံအသုံးပြုနိုင်သည့် မောင်းသူမဲ့စက်ရုပ်ရေယာဉ် အမျိုးအစားဖြစ်သည်။ ၎င်းအား မက်ဆာချူးဆက်ပြည်နယ်တွင် အခြေပြုသည့် Scientific Systems ကုမ္ပဏီက ရေတပ်ဖွဲ့၏ မစ်ရှင်များဖြစ်သည့် စောင့်ကြည့်ထောက်လှမ်းခြင်းနှင့် စစ်ဆင်ရေးတို့တွင် အထောက်အကူပြုစေရန်အတွက် ထုတ်လုပ်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ VENOM မောင်းသူမဲ့ရေယာဉ်တွင် မြင်းကောင်ရေ ၃၀၀ အားကို ထုတ်လုပ်ပေးနိုင်သည့် ဒီဇယ်အင်ဂျင်တစ်လုံးတပ်ဆင်ထားခြင်းကြောင့် တစ်နာရီလျှင် ရေမိုင် ၂၄ မိုင်နှုန်းဖြင့် ရေမိုင် ၅၀၀ ကျော်သို့ အလွယ်တကူနှင့် လျင်မြန်စွာမောင်းနှင်နိုင်မည်ဖြစ်သည်။ ထို့ပြင် ၎င်းစက်ရုပ်ရေယာဉ်သည် မရပ်မနားဘဲ နာရီပေါင်း ၁၃၀ ကျော်ကြာ တစ်ဆက်တည်းမောင်းနှင်နိုင်စွမ်းရှိသောကြောင့် အမေရိကန်ရေတပ်မတော်၏ စစ်ဆင်ရေးဆိုင်ရာလိုအပ်ချက်များထက်ပင် ပိုမိုကျော်လွန်လျက်ရှိသည်။

VENOM မောင်းသူမဲ့ရေယာဉ်ကို Scientific Systems ကုမ္ပဏီက မကြာသေးမီအချိန်အတွင်း၌ စမ်းသပ်ခဲ့ပြီးဖြစ်သော်လည်း နောက်ပိုင်းတွင် ပင်လယ်ပြင်၌ ရေချ၍ ထပ်မံစမ်းသပ်မည်ဖြစ်သည်။ ထိုသို့စမ်းသပ်ရာတွင်လည်း VENOM အနေဖြင့် ရေကြောင်းအဟန့်အတားများတစ်လျှောက် အောင်မြင်စွာ ဖြတ်သန်းမောင်းနှင်နိုင်ခြင်း ရှိ၊ မရှိ၊ သတ်မှတ်ထားသည့် ကင်းလှည့်ရာနေရာများတွင်လည်း သတ်မှတ်ထားသည့်ပုံစံအတိုင်း ကင်းလှည့်စောင့်ကြည့်နိုင်ခြင်း ရှိ၊ မရှိတို့ကို စမ်းသပ်မည်ဖြစ်သည်။

အဆိုပါစမ်းသပ်မှုများ အောင်မြင်ခဲ့မည်ဆိုပါက VENOM မောင်းသူမဲ့ရေယာဉ်သည် အမေရိကန်ရေတပ်မတော်၏ sea predator ဖြစ်လာနိုင်မည့် အလားအလာရှိသည်။

Ref: Mn

## မြေပြိုမှုဖြစ်ပွားခြင်းကို ခန့်မှန်းပေးနိုင်သည့် Software တစ်မျိုးအား ရုရှားနှင့်တရုတ် သိပ္ပံပညာရှင်များတီထွင်

ကမ္ဘာမြေပြင်၏ မည်သည့်နေရာဒေသတွင် မြေပြိုမှုဖြစ်ပွားနိုင်သည်ကို ခန့်မှန်းပေးနိုင်သည့် Software တစ်မျိုးအား ရုရှားနှင့် တရုတ်သိပ္ပံပညာရှင်များက တီထွင်နိုင်ခဲ့ပြီဖြစ်သည်။

ရုရှားနိုင်ငံ ယူရယ်လ်တက္ကသိုလ်မှ ကျွမ်းကျင်သူများသည် တရုတ်နိုင်ငံမှ သိပ္ပံပညာရှင်များနှင့်ပူးပေါင်း၍ ရွံ့ညွှန်များ၏စီးဆင်းမှုကို သင်္ချာပုံစံဖြင့် တွက်ချက်ခန့်မှန်းပေးနိုင်သည့် Software ကိုထုတ်လုပ်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ Software ကို တောင်ထူထပ်ရာဒေသများတွင် သဘာဝဘေးအန္တရာယ်ဖြစ်ပွားနိုင်ခြင်း ရှိ၊ မရှိကို အကဲဖြတ်စိစစ်ရန်နှင့် မြေနိမ့်ဒေသများတွင် မြေပြိုမှုများဖြစ်ပွားနိုင်မည့်အခြေအနေတို့ကို ခန့်မှန်းရာတွင်လည်း အသုံးပြုနိုင်မည်ဖြစ်သည်။

မြေပြိုမှုများသည် များသောအားဖြင့် မိုးသည်းထန်စွာ ရွာသွန်းခြင်းကြောင့် ဖြစ်ပွားလေ့ရှိရာ အဆိုပါ Software ကို အသုံးပြုခြင်းအားဖြင့် ရွံ့ညွှန်များ၏ အထက်ပိုင်းရှိ မြေသား၏ခံနိုင်စွမ်းနှင့် မိုးရွာသွန်းသည့်ပမာဏတို့ကို တွက်ချက်၍ ခန့်မှန်းသိရှိနိုင်မည်ဖြစ်သည်။

နေရာဒေသတစ်ခုတွင် သို့မဟုတ် တောင်ထူထပ်ရာဒေသတစ်ခုတွင် နေ့စဉ်မိုးရေချိန်အများဆုံး ၂၇ မီလီမီတာအထက် ရွာသွန်းမည်ဆိုပါက မြေသား၏ ခံနိုင်စွမ်း လျော့ကျလာပြီး မြေပြိုမှုများဖြစ်ပွားစေနိုင်သည့် အလားအလာကို ပိုမိုမြင့်တက်စေနိုင်ကြောင်း သိပ္ပံပညာရှင်တစ်ဦးဖြစ်သည့် နီကီတာဖိုးမင်းက ပြောကြားသည်။

ထို့ကြောင့် မြေပြိုမှုများ မကြာခဏဖြစ်ပွားလေ့ရှိသည့် ဒေသများရှိပြည်သူများအနေဖြင့် အဆိုပါ Software ကို အသုံးပြုခြင်းအားဖြင့် ကြိုတင်ခန့်မှန်း၍ သိရှိနိုင်မည်ဖြစ်သည်။

Ref: Iv



## နဂါးငွေ့တန်းအတွင်း၌ ယခင်ကတွေ့မြင်ခဲ့ဖူးခြင်းမရှိသည့် ကြယ်သစ်တစ်လုံးကို ရုရှားသိပ္ပံပညာရှင်များအဖွဲ့က ရှာဖွေတွေ့ရှိ

ရုရှားနိုင်ငံမှသိပ္ပံပညာရှင်များပါဝင်သည့် အဖွဲ့တစ်ဖွဲ့သည် နဂါးငွေ့တန်းအတွင်း၌ ကြယ်သစ်တစ်လုံးကို ရှာဖွေတွေ့ရှိခဲ့သည်ဟု အမေရိကန်ပြည်ထောင်စု ဟားဗက်တက္ကသိုလ်ရှိ Central Bureau of Astronomical Telegrams တွင်ဖော်ပြသည်။

နဂါးငွေ့တန်းစီမံကိန်းသစ် (New Milky Way project team) ဟုအမည်ပေးထားသည့် အဆိုပါသိပ္ပံပညာရှင်များအဖွဲ့သည် ယခင်ကတွေ့မြင်ခဲ့ဖူးခြင်းမရှိသည့် ၎င်းကြယ်သစ်အား ဇူလိုင်လ ၁၇ ရက်နှင့် ၁၈ ရက်အကြား စူးစမ်းလေ့လာမှုများ လုပ်ဆောင်နေစဉ်အတွင်း ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။ သုတေသီများသည် ၎င်းကြယ်အား မြွေဒိုင်းနှင့် သိမ်းငှက်ပုံသဏ္ဌာန်ရှိ ကြယ်နက္ခတ်စုအစပ်အတွင်း၌ ရှာဖွေတွေ့ရှိခြင်းဖြစ်ကြောင်း ဖော်ပြထားသည်။

နဂါးငွေ့တန်းစီမံကိန်းသစ် (New Milky Way project team) သည် Frontiers of Science Guild အဖွဲ့၏ တစ်စိတ်တစ်ဒေသဖြစ်သည်။

ယခုတစ်ကြိမ် ရှာဖွေတွေ့ရှိမှုသည် New Milky Way project team ၏ စတုတ္ထအကြိမ်မြောက် ကြယ်သစ်တစ်လုံးကို ရှာဖွေတွေ့ရှိမှုဖြစ်လာသည်။ ကြယ်သစ်တစ်လုံးအား ရုရှားသိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိနိုင်ခဲ့ခြင်းသည် နည်းပညာဖွံ့ဖြိုးတိုးတက်မှုအသုံးပြုသည့် ပစ္စည်းကိရိယာများ၏ စွမ်းဆောင်ရည်ထက်မြက်မှုနှင့် မိမိတို့အနေဖြင့် စကြဝဠာကမ္ဘာကြီးမှ လေ့လာသင်ယူဖွယ်ရာ အကြောင်းအရာအသစ်များအပေါ် လေ့လာနိုင်စွမ်းရှိခြင်းကို ထင်ရှားစွာ သက်သေပြလျက်ရှိသည်ဟု Frontiers of Science Guild အား ပူးတွဲတည်ထောင်ခဲ့သည့် အီလီယာချက်က ပြောကြားထားသည်။

Ref: Iv



# ဒုတိယအကြိမ် ရုရှားနှင့်အာဖရိက ဝန်ကြီးများအဆင့်ဆွေးနွေးပွဲကို အီဂျစ်နိုင်ငံတွင် ကျင်းပမည်



မော်စကို၊ နိုင်ငံရေး

ဒုတိယအကြိမ် ရုရှားနှင့်အာဖရိက ဝန်ကြီးများအဆင့်ဆွေးနွေးပွဲကို အီဂျစ်နိုင်ငံတွင် ကျင်းပမည်ဖြစ်ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလက်ရော့က ဇူလိုင်လ ၂၂ ရက်တွင် ပြောသည်။

ရုရှားနိုင်ငံအနေဖြင့် ဒုတိယအကြိမ်မြောက် ရုရှား-အာဖရိကဝန်ကြီးများအဆင့်ဆွေးနွေးပွဲကျင်းပနိုင်ရေးအတွက် ကတိကဝတ်ထားရှိပြီး အာဖရိကဒေသတွင်း နိုင်ငံတစ်နိုင်ငံဖြစ်သည့် မိုဇမ်ဘစ်နိုင်ငံ၏ အကြမ်းဖက်တိုက်ဖျက်ရေးနယ်ပယ်တွင် ကာကွယ်ရေးစွမ်းရည် တိုးတက်စေရန် အတွက် အကူအညီပေးရန်အသင့်ရှိသည်ဟု လက်ရော့က မိုဇမ်ဘစ်နိုင်ငံခြားရေးဝန်ကြီး မာရီယာလူကက်စ်နှင့်အတူပူးတွဲပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲ၌ ပြောကြားခြင်းဖြစ်သည်။

မိုဇမ်ဘစ်အစိုးရသည် ၎င်းတို့နိုင်ငံအတွင်း၌ လုပ်ဆောင်နေသည့် အကြမ်းဖက်တန်ပြန်ရေးနယ်ပယ်တွင် စွမ်းဆောင်ရည်တိုးတက်လာစေရေး အကူအညီပေးအပ်ရန် ရုရှားနိုင်ငံအား အကူအညီတောင်းခံခဲ့သည်ဟုသိရသည်။

ထို့ကြောင့် အီဂျစ်နိုင်ငံတွင် ကျင်းပမည့်ဒုတိယအကြိမ်မြောက်ရုရှား-အာဖရိကဝန်ကြီးများအဆင့်ဆွေးနွေးပွဲတွင် အဆိုပါအရေးကိစ္စနှင့်စပ်လျဉ်း၍ အကျယ်တဝင့်ဆွေးနွေးဖွယ်ရှိသည်။ ထို့ပြင် မာရီယာလူကက်စ်၏ ဖိတ်ကြားမှုကြောင့် လက်ရော့အနေဖြင့် မိုဇမ်ဘစ်နိုင်ငံသို့ တရားဝင်သွားရောက်လည်ပတ်မည်ဖြစ်သည်။

အာဖရိကဒေသနှင့် ဆက်ဆံရေးမြှင့်တင်ခြင်းသည် ရုရှားနိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒ၏ ဦးစားပေး အစီအစဉ်တစ်ရပ်ဖြစ်ပြီး လက်ရှိဖြစ်ပေါ်ပြောင်းလဲနေသည့် ကမ္ဘာ့ရေးရာကိစ္စရပ်များနှင့် အရေးတယူဖြေရှင်းရန် လိုအပ်နေသည့်ကိစ္စရပ်များအား ဖြေရှင်းရေးကြိုးပမ်းရာတွင် ရုရှားနှင့်အာဖရိကဒေသတို့က စည်းလုံးညီညွတ်စွာချဉ်းကပ်လုပ်ဆောင်လျက်ရှိသည်ဟု ရုရှားသမ္မတ ဗလာဒီမာပူတင်က ယခုနှစ် မေလ ၇ ရက်တွင် ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံမှ သမ္မတ ဒန်းနစ်ဆက်ဆူ ငူအက်ဆိုနှင့်တွေ့ဆုံဆွေးနွေးစဉ်ပြောကြားခဲ့ကြောင်း သိရသည်။

Ref: Iv

# ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ဖြစ်ပွားသည့် လေယာဉ်ပျက်ကျမှုအတွင်း သေဆုံးသူဦးရေ ၃၁ ဦးအထိ မြင့်တက်၊ ၁၆၅ ဦးဒဏ်ရာရ

ဒါကာ၊ မတော်တဆမှု

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ဖြစ်ပွားသည့် လေတပ်ပိုင်လေ့ကျင့်ရေးလေယာဉ်တစ်စင်းပျက်ကျမှုအတွင်း သေဆုံးသူဦးရေမှာ ဇူလိုင်လ ၂၂ ရက်တွင် ၃၁ ဦးအထိမြင့်တက်လာကြောင်း ဘင်္ဂလားဒေ့ရှ်တပ်မတော်မှ ပြည်သူ့ဆက်ဆံရေးအဖွဲ့က ထုတ်ပြန်သည်။

ထို့ပြင် ဒဏ်ရာရရှိသူ ၁၆၅ ဦးအနက် အများစုမှာ ကျောင်းသား၊ ကျောင်းသူများဖြစ်ပြီး ၎င်းတို့ကိုဆေးရုံများ၌ ဆက်လက်၍ ဆေးကုသမှုများပေးအပ်လျက်ရှိသည်ဟု ပြည်သူ့ဆက်ဆံရေးအဖွဲ့က ထုတ်ပြန်သည့်ကြေညာချက်တွင်ဖော်ပြထားသည်။



အဆိုပါလေယာဉ်သည် ဒါကာမြို့တော်ရှိ Milestone ကောလိပ်ကျောင်းဝင်းအတွင်းသို့ ဇူလိုင်လ ၂၁ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီ ၀၆ မိနစ်ခန့်က ပျက်ကျခဲ့ခြင်းဖြစ်ပြီး သေဆုံးသူများတွင် လေယာဉ်မှူးနှင့် ကောလိပ်မှ ကျောင်းဆရာမတစ်ဦးလည်းပါဝင်ကြောင်း သိရသည်။

ဘင်္ဂလားဒေ့ရှ်လေတပ်ပိုင် အဆိုပါ လေ့ကျင့်ရေးလေယာဉ်သည် ပုံမှန်ပြုလုပ်မြဲဖြစ်သည့် လေ့ကျင့်ပျံသန်းမှုကို လုပ်ဆောင်နေစဉ် နှစ်ထပ်စာသင်ကျောင်းနှင့် ကျောင်းဝင်းအတွင်းသို့ ပျက်ကျခဲ့ခြင်းဖြစ်ပြီး ပျက်ကျရသည့်အကြောင်းရင်းကို ဆက်လက်စုံစမ်းလျက်ရှိကြောင်း သိရသည်။

Ref: Xinhua

## နိုင်ငံတကာသတင်းတိုကဏ္ဍ

### ထိုင်းနိုင်ငံသို့ ဝီဖာမုန်တိုင်းဝင်ရောက်တိုက်ခတ် ခရီးသွားနှစ်ဦးသေဆုံး

ထိုင်းနိုင်ငံအတွင်းသို့ ဇူလိုင်လ ၂၂ ရက်က အပူပိုင်းမုန်တိုင်းဝီဖာ ဝင်ရောက်တိုက်ခတ်ရာ လေပြင်းများတိုက်ခတ်ပြီး မိုးသည်းထန်စွာရွာသွန်းခြင်းကြောင့် တရုတ်ခရီးသွားနှစ်ဦးသေဆုံးသွားကြောင်းသိရသည်။

ဝီဖာမုန်တိုင်းဝင်ရောက်လာမှုနှင့်စပ်လျဉ်း၍ ထိုင်းမိုးလေဝသဌာနက အစောပိုင်းတွင် သတိပေးချက်များထုတ်ပြန်ခဲ့သည်။ မုန်တိုင်းကြောင့် နိုင်ငံမြောက်ပိုင်း၊ အရှေ့မြောက်ပိုင်း၊ အလယ်ပိုင်းနှင့် နိုင်ငံအရှေ့ပိုင်းဒေသများ၌ မိုးများသည်းထန်စွာရွာသွန်းနိုင်ပြီး ရေကြီးမှုများဖြစ်ပွားနိုင်ကြောင်း သတိပေးထားသည်။

သေဆုံးသွားသည့် တရုတ်ခရီးသည်များအနက် တစ်ဦးမှာ ကရာဘီမြို့တွင် ရေနစ်သေဆုံးခြင်းဖြစ်ပြီး အခြားတစ်ဦးမှာ ဖူခက်အပန်းဖြေမြို့အတွင်း၌ လေပြင်းများတိုက်ခိုက်မှုကြောင့် သစ်ကိုင်းကျိုးကျရာမှ သေဆုံးခဲ့ရခြင်းဖြစ်ကြောင်း ဆုန်ခလာမြို့ရှိ တရုတ်ကောင်စစ်ဝန်ချုပ်ရုံးက အတည်ပြုထားသည်။

ထို့ပြင် မြို့တော်ဘန်ကောက်ရှိ တရုတ်နိုင်ငံသားများအား လေပြင်းတိုက်ခတ်ပြီး မိုးများသည်းထန်စွာရွာသွန်းနေစဉ် သတိနှင့်နေထိုင်ကြရန် တရုတ်သံရုံးက သတိပေးထားကြောင်း သိရသည်။

Ref: Xa

### ပါကစ္စတန်နိုင်ငံတွင် ရေကြီးမှုများဖြစ်ပွား အနည်းဆုံး လူ ၂၂၁ ဦးသေဆုံးပြီး ၅၉၂ ဦးဒဏ်ရာရရှိ

ပါကစ္စတန်နိုင်ငံတွင် ယခုနှစ် ဇွန်လအကုန်ပိုင်းမှစ၍ မုတ်သုံမိုးများသည်းထန်စွာရွာသွန်းခြင်းကြောင့် ရေကြီးမှုများဖြစ်ပွားခဲ့ရာ အနည်းဆုံး လူ ၂၂၁ ဦးသေဆုံးပြီး ၅၉၂ ဦးဒဏ်ရာရရှိသွားကြောင်းသိရသည်။

သေဆုံး၊ ဒဏ်ရာရရှိသူများ၏ စာရင်းသည် နိုင်ငံအတွင်း၌ ဇွန်လ ၂၆ ရက်မှ ဇူလိုင်လ ၂၁ ရက်အထိ ဖြစ်ပွားသည့် ထိခိုက်သေဆုံးစာရင်းဖြစ်ပြီး ပြီးခဲ့သည့် ၂၄ နာရီအတွင်းမှာပင် ရေကြီးမှုနှင့်ဆက်နွှယ်သည့် ဖြစ်စဉ်များအတွင် အနည်းဆုံး လူငါးဦးသေဆုံးပြီး ၁၀ ဦး ဒဏ်ရာရရှိခဲ့ကြောင်း အမျိုးသားသဘာဝဘေးစီမံခန့်ခွဲရေးအေဂျင်စီက ထုတ်ပြန်သည်။

နိုင်ငံအရှေ့ပိုင်းရှိ ပန်ဂျပ်ပြည်နယ်သည် ရေကြီးမှုဒဏ်ကိုအဆိုးရွားဆုံး ကြုံတွေ့ခဲ့ရပြီး ယင်းပြည်နယ်တစ်ခုတည်းမှာပင် သေဆုံးသူ ၁၃၇ ဦးနှင့် ဒဏ်ရာရရှိသူ ၄၇၀ ခန့်ရှိကြောင်းသိရသည်။

အာဏာပိုင်အဖွဲ့သည် လက်ရှိတွင် နိုင်ငံအတွင်း၌ ရေကြီးမှုဆိုင်ရာသတိပေးချက်များထုတ်ပြန်ထားပြီး သဘာဝဘေးအန္တရာယ်ကျရောက်နိုင်သည့်ဒေသများကိုစောင့်ကြည့်ရန်နှင့် ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်နိုင်ရန်အတွက် သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့များနှင့်ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

Ref: Xa

# ယူနက်စကိုအဖွဲ့မှ အမေရိကန်က တတိယအကြိမ်နုတ်ထွက်မည်

ပဲရစ်၊ ပြည်တွင်းရေး

အမေရိကန်ပြည်ထောင်စုသည် ယူနက်စကိုအဖွဲ့မှနုတ်ထွက်တော့မည်ဖြစ်ကြောင်း သမ္မတအိမ်ဖြူတော်မှ လက်ထောက်ပြောရေးဆိုခွင့်ရှိသူ အန်းနာကယ်လီက ဇူလိုင်လ ၂၂ ရက်တွင်ပြောကြားလိုက်သည်။

ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့်ယဉ်ကျေးမှုအဖွဲ့ သို့မဟုတ် ယူနက်စကိုအဖွဲ့သည် အစ္စရေးဆန့်ကျင်ရေးစိတ်ရှိပြီး ဘက်လိုက်မှုရှိသည့် အဖွဲ့အစည်းအဖြစ် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ရှုမြင်ခဲ့ပြီးနောက် ၎င်းအဖွဲ့မှနုတ်ထွက်ရန် ကြေညာခဲ့ခြင်းဖြစ်သည်။

အမေရိကန်ပြည်ထောင်စုသည် အဆိုပါအဖွဲ့အစည်းမှ ယခင်ကလည်း နှစ်ကြိမ်နုတ်ထွက်ခဲ့ဖူးပြီး ၎င်းအဖွဲ့သို့ပြန်လည်ဝင်ရောက်လာခဲ့သည်မှာ နှစ်နှစ်သာရှိသေးကြောင်းသိရသည်။

သို့သော် ယူနက်စကိုအဖွဲ့မှ အမေရိကန်နုတ်ထွက်ရသည့် အကြောင်းရင်းအသေးစိတ်ကို အဆိုပါအဖွဲ့ကြီးနှင့် အိမ်ဖြူတော်တို့က ထုတ်ပြန်ထားခြင်းမရှိပေ။

အမေရိကန်ပြည်ထောင်စု၏ ယခုတစ်ကြိမ်နုတ်ထွက်မှုသည် ၎င်းနိုင်ငံ၏ တတိယအကြိမ်မြောက် နုတ်ထွက်မှုဖြစ်လာမည်ဖြစ်သည်။ ဒေါ်နယ်ထရမ့်၏ ပထမသက်တမ်းကာလအတွင်း အဆိုပါအဖွဲ့ကြီးမှ ပထမဆုံးအကြိမ် နုတ်ထွက်ခဲ့ပြီးနောက်ပိုင်းတွင် သမ္မတဖြစ်လာသည့် ဂျိုးဘိုင်ဒင်အစိုးရက ၎င်းအဖွဲ့ကြီးတွင် ပြန်လည်ပါဝင်ရန် လျှောက်ထားခဲ့ခြင်းဖြစ်သည်။

သို့သော် သမ္မတရာထူးပြန်လည်ရယူလာသည့် ဒေါ်နယ်ထရမ့်သည် အမေရိကန်ပြည်ထောင်စုအား အဆိုပါအဖွဲ့ကြီးမှ ထပ်မံနုတ်ထွက်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

ယူနက်စကိုမှ အမေရိကန်၏နုတ်ထွက်မှုသည် လာမည့် ၂၀၂၆ ခုနှစ်၊ ဒီဇင်ဘာလအကုန်ပိုင်းမှစ၍ အသက်ဝင်လာမည်ဖြစ်သည်။

Ref: Iv

## "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ရင်တွင်း ခံစားချက်စကားသံများအား သဇင် FM ၏ **"ပြည်သူ့ကြားက ပြည်သူ့စကား"** အစီအစဉ်မှ **"နိုင်ငံတကာသို့ သံတမန်ခြေလှမ်းသစ်"** ခေါင်းစဉ်ဖြင့် ၂၃-၇-၂၀၂၅ ရက် **(ယနေ့)**မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့် အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"NUG၊ PDF တို့ရဲ့ အကြမ်းဖက်လုပ်ရပ်တွေကို ရှုံ့ရှာမုန်းတီးပြီး အမြင်မှန်တွေနဲ့အတူ အဆက်မပြတ်အလင်းဝင်လာကြတဲ့ PDF လူငယ်များ"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီအချိန်မှ ၁၁ နာရီ အတွင်း ဖုန်းနံပါတ် ၀၉-၈၈၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက် များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

| မြို့ | အနိမ့်ဆုံး / | အမြင့်ဆုံးအပူချိန် |
|---|---|---|
| နေပြည်တော် | ၂၄°C / | ၃၁°C |
| ရန်ကုန် | ၂၄°C / | ၃၂°C |
| မန္တလေး | ၂၇°C / | ၃၅°C |

**လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ**

**အဖိုးတန်ရေချိုကို ချွေတာကြပါစို့**

# မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) နှင့် စပ်လျဉ်း၍ ရှင်းလင်းပြသခြင်းနှင့် လက်တွေ့သရုပ်ပြစမ်းသပ်မဲပေးခြင်းဆောင်ရွက်



ရန်ကုန် ဇူလိုင် ၂၂

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်တို့ ပူးပေါင်းကျင်းပသည့် မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM) နှင့်စပ်လျဉ်း၍ ရှင်းလင်းပြသခြင်းနှင့် လက်တွေ့သရုပ်ပြစမ်းသပ်မဲပေးခြင်းကို ယနေ့နံနက်ပိုင်းတွင် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး Conference Room ၌ ကျင်းပသည်။

ဦးစွာ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်က မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် မဲပေးခြင်းလက်တွေ့သရုပ်ပြမှုများသည် ရွေးကောက်ပွဲအောင်မြင်ရေးအတွက် အသိပညာပေးနိုင်သကဲ့သို့မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်ကဆောင်ရွက်ရမည့် ရွေးကောက်ပွဲကျင်းပခြင်းနှင့် သက်ဆိုင်သော လူ့အခွင့်အရေးကဏ္ဍများ အတွက် များစွာအထောက်အပံ့ဖြစ်စေကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင် ဦးအောင်စောဝင်းနှင့်တာဝန်ရှိသူများက နိုင်ငံတော်၏ ရွေးကောက်ပွဲများဆောင်ရွက်ခဲ့မှုနှင့် ကျင်းပမည့်ရွေးကောက်ပွဲအတွက် သိမှတ်ဖွယ်ရာများ၊ မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)အသုံးပြု၍ လက်တွေ့သရုပ်ပြစမ်းသပ်မဲပေးခြင်း အစီအစဉ်ဆောင်ရွက်ရခြင်းနှင့်မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)အသုံးပြု၍ မဲပေးခြင်းပုံစံအဆင့်ဆင့်တို့ကို လက်တွေ့သရုပ်ပြ ရှင်းလင်းပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကော်မရှင်ရုံးဝန်ထမ်းများသည် လက်တွေ့စမ်းသပ်မဲပေးခဲ့ကြကြောင်း သတင်းရရှိသည်။

မြဝတီ

# ပန်းတိုင်အထွက်နှုန်းရရှိရေး အထွက်နှုန်းကွာဟချက်များအချက်အလက် ကောက်ယူရန် မေးခွန်းပုံစံများ အတည်ပြုချမှတ်နိုင်ရေးဆွေးနွေး



နေပြည်တော် ဇူလိုင် ၂၂

ပန်းတိုင်အထွက်နှုန်းရရှိရေး (Yield Gap Analysis) အထွက်နှုန်း ကွာဟချက်များ အကြောင်းဆန်းစစ်လေ့လာခြင်းအပေါ် တွေ့ရှိချက်များအား သုံးသပ်ဆွေးနွေးခြင်းနှင့် အချက်အလက်ကောက်ယူရန် မေးခွန်းပုံစံများ အတည်ပြုချမှတ်နိုင်ရေး ဆွေးနွေးပွဲကို ယနေ့တွင် နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းရှိစိုက်ပျိုးပညာပေးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးသင်တန်းကျောင်း AERDTC ခန်းမ၌ကျင်းပသည်။

ဆွေးနွေးပွဲတွင်စိုက်ပျိုးရေးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်က စိုက်ပျိုးရေးဆိုင်ရာ သုတေသနနှင့် နည်းပညာပြန့်ပွားရေး လုပ်ငန်းများ အောင်မြင်စွာရပ်တည်နိုင်ရေး နှင့် သုတေသနမှသည် တောင်သူလက်ဝယ် အရောက် ပို့ဆောင်နိုင်ရန် Digital Platform ဖွံ့ဖြိုးတိုးတက်ရေးကို တွန်းအားပေးဆောင်ရွက်လျက်ရှိကြောင်း၊ စိုက်ပျိုးနည်းစနစ်ကောင်းများကို တောင်သူများ စနစ်တကျ အသုံးပြုနိုင်ရေးအတွက် လူထုအခြေပြု စီမံချက်များထားရှိဆောင်ရွက်ကြရမည် ဖြစ်ရာ စိုက်ပျိုးရေးပညာရှင် များ အကျွမ်းတဝင်ဖြစ်ရန် လိုအပ်သည့် IOT (Internet of things) ကို စဉ်ဆက်မပြတ် လေ့လာအသုံးပြုသွားကြရန် တိုက်တွန်းကြောင်း။

ယနေ့ဆွေးနွေးပွဲမှသည် နိုင်ငံလုံးကျွတ် သီးနှံအထွက်နှုန်း ကွာဟချက်များဆန်းစစ်ခြင်း၊ ပန်းတိုင်အထွက်နှုန်းရရှိရေးဆောင်ရွက်ရန် အချက်အလက်များ ပြုစုပညာ ပေးနိုင်ရေး ၊ လယ်သမားတစ်ဦးစီ၏ မျိုး၊ မြေ၊ ရေ၊ နည်းဆိုင်ရာ အခက်အခဲများကို လူဗဟိုပြုလေ့လာ၍ လိုအပ်ချက်နှင့်အညီ ဖြည့်ဆည်းနိုင်ရေး ဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ သီးနှံအထွက်နှုန်းကွာဟချက်ကို နှစ်စဉ်ဆောင်ရွက်နိုင်ကြရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်ရန် ဆရာဖြစ်သင်တန်း များ ဖွင့်လှစ်ဆောင်ရွက်ရန် အရေးကြီး ကြောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် စိုက်ပျိုးရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာသီဂီမြင့်က ပန်းတိုင်အထွက်နှုန်း ရရှိရေးဦးတည်သော နွေစပါးသီးနှံ အထွက်နှုန်း ကွာဟချက်များ ကို အကြိုစစ်တမ်းကောက်ယူလေ့လာခြင်း မှ တွေ့ရှိချက်များ၊ စပါးအထွက်နှုန်း ကွာဟမှု ကို ခွဲခြမ်းစိတ်ဖြာရခြင်း ရည်ရွယ်ချက်များ၊ သုတေသနဆောင်ရွက်ခဲ့သည့် နည်းလမ်း များနှင့် သုတေသနတွေ့ရှိချက် များကို တင်ပြပြီး ပါမောက္ခဒေါက်တာအေးမိုးစံ က အကြိုစစ်တမ်းကောက်ယူခြင်းတွင် အချက်အလက်များ စာရင်းသွင်းခြင်း၊ ကောက်ယူခြင်း၊ အချက်အလက်များအပေါ် သုံးသပ်တင်ပြသည်။

တင်ပြချက်များအပေါ် ဒုတိယဝန်ကြီးက ဩဂုတ်လ ပထမပတ်တွင် စတင်ဆောင်ရွက် မည့်စာရင်းကောက်ယူခြင်းလုပ်ငန်းအတွက် ကြိုတင်စီမံဆောင်ရွက်ရန် ကိစ္စရပ်များကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

မြဝတီ

# ဆေးတက္ကသိုလ် (၁) ရန်ကုန်ပါမောက္ခချုပ်ဖလား မိုးရာသီဘောလုံးပြိုင်ပွဲ ၂၀၂၅ ကျင်းပ

ရန်ကုန် ဇူလိုင် ၂၂

ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ဆေး တက္ကသိုလ်(၁) ရန်ကုန်၏ ပါမောက္ခချုပ် ဖလားမိုးရာသီဘောလုံးပြိုင်ပွဲ၂၀၂၅ဖွင့်ပွဲကို ဇူလိုင်လ ၂၀ ရက်က ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် သထုံလမ်း တက္ကသိုလ် ဘောလုံးကွင်း၌ကျင်းပခဲ့ရာဆေးတက္ကသိုလ် (၁)ရန်ကုန်မှပါမောက္ခချုပ်၊ ဒုတိယပါမောက္ခ ချုပ်နှင့် ပါမောက္ခ/ဌာနမှူးများ၊ အရာထမ်း၊ အမှုထမ်းများ၊မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အုပ်ချုပ်သူနှင့် နည်းပြများ၊ ကျောင်းသား ကျောင်းသူများ၊ပြိုင်ပွဲဝင်အားကစားသမား များ တက်ရောက်ကြသည်။

ဖွင့်ပွဲတွင် ဆေးတက္ကသိုလ် (၁) ရန်ကုန် ပါမောက္ခချုပ်က အဖွင့်အမှာစကား ပြောကြားသည်။

အဆိုပါ ဘောလုံးပွဲစဉ်များကို ဆေး တက္ကသိုလ် (၁) ရန်ကုန်၊ ဘွဲ့ကြိုသင်တန်း များမှ MYRID၊ HYDRA၊ TITAN၊ SUPER ANTIGEN နှင့် SOCCOHOLICS စသည့် အသင်းငါးသင်းတို့က ဇူလိုင်လ ၂၀ ရက် မှ ၃၁ ရက်အထိ ယှဉ်ပြိုင်ကစားသွားမည် ဖြစ်ကြောင်း သိရသည်။

မြဝတီ



**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆိုခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအားနှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့၏ (၃/၂၀၂၅) ကြိမ်မြောက် အစည်းအဝေးကျင်းပ

နေပြည်တော် ဇူလိုင် ၂၂

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာန၊ အဂတိလိုက်စားမှုတားဆီး ကာကွယ်ရေးအဖွဲ့(CPU)၏ (၃/၂၀၂၅) ကြိမ် မြောက်အစည်းအဝေးကို ယနေ့တွင် နေပြည်တော်ရှိ ရုံးအမှတ်(၁၅) အစည်း အဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့(CPU) အဖွဲ့ ခေါင်းဆောင်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးက အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများအကောင် အထည်ဖော်ဆောင်ရွက်မှု ခြောက်နှစ်ကျော် ကာလအတွင်း အသိပညာပေးဆွေးနွေး ခြင်း၊ လက်ကမ်းစာစောင်ဖြန့်ဝေခြင်း၊ ဌာန အလိုက် ဆန္ဒဖော်ထုတ်ပွဲများနှင့်တွေ့ဆုံပွဲ များကျင်းပပေးပြီး ရှင်းလင်းဆွေးနွေးခြင်း များဆောင်ရွက်နိုင်ခဲ့မှုကြောင့် မိမိတို့ ဝန်ထမ်းများအနေဖြင့် အဂတိနှင့်ပတ်သက် ပြီး အတော်အသင့်သိရှိနားလည်နေပြီ ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် အစည်းအဝေးတက်ရောက် လာကြသည့် ဦးစီးဌာနများနှင့် တက္ကသိုလ် များမှ (CPU) အဖွဲ့ဝင်များက ဌာနအလိုက် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး ဆောင်ရွက်ချက်များနှင့် ဆက်လက် ဆောင်ရွက်မည့်လုပ်ငန်းများကိုတင်ပြကြရာ (CPU) အဖွဲ့ခေါင်းဆောင်က လိုအပ်ချက် များ ဖြည့်စွက်ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

မြဝတီ

### ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၃-၇-၂၀၂၅

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၉၆၅ | ၃၀၇၅ | ၃၀၄၅ | ၂၉၇၅ | ၃၀၈၅ | ၃၁၀၀ | ၃၁၁၅ | ၃၀၃၅ | ၄၅၀၅ | ၃၃၂၅ | ၃၀၅၀ | ၃၀၅၅ | ၃၁၂၀ | ၃၀၈၅ | ၃၁၁၀ | ၃၃၆၅ |
| 95 Ron | ၃၀၂၀ | ၃၁၃၅ | ၃၁၀၀ | ၃၀၃၅ | ၃၁၄၀ | ၃၁၅၅ | ၃၁၇၀ | ၃၀၉၀ | ၄၅၆၀ | ၃၃၈၅ | ၃၁၀၅ | ၃၁၁၀ | ၃၁၈၀ | ၃၁၄၅ | ၃၁၆၅ | ၃၄၂၅ |
| HSD (500 ppm) | ၂၆၈၅ | ၂၈၀၀ | ၂၇၆၅ | ၂၇၀၀ | ၂၈၀၅ | ၂၈၂၀ | ၂၈၄၀ | ၂၇၆၀ | - | ၃၀၅၀ | ၂၇၇၅ | ၂၇၇၅ | ၂၈၄၅ | ၂၈၁၀ | ၂၈၃၅ | ၃၀၉၀ |
| HSD (50 ppm) | ၃၃၃၀ | ၃၄၄၅ | ၃၄၁၀ | ၃၃၄၅ | ၃၄၅၀ | ၃၄၆၅ | ၃၄၈၅ | ၃၄၀၀ | ၄၈၃၀ | ၃၆၉၅ | ၃၄၂၀ | ၃၄၂၀ | ၃၄၉၀ | ၃၄၅၅ | ၃၄၈၀ | ၃၇၃၅ |
| HSD (10 ppm) | ၃၃၃၀ | ၃၄၄၅ | ၃၄၁၀ | ၃၃၄၅ | ၃၄၅၀ | ၃၄၆၅ | ၃၄၈၅ | ၃၄၀၀ | - | ၃၆၉၅ | ၃၄၂၀ | ၃၄၂၀ | ၃၄၉၀ | ၃၄၅၅ | ၃၄၈၀ | ၃၇၃၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၇၉၅ | ၂၈၈၄ |
| 95 Ron | ၂၈၄၉ | ၂၉၄၀ |
| HSD (500 ppm) | ၂၅၂၇ | ၂၆၀၇ |
| HSD (50 ppm) | ၃၁၅၂ | ၃၂၄၄ |
| HSD (10 ppm) | ၃၁၅၂ | ၃၂၄၄ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇၊ ၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

## ၂၀၂၅ ခုနှစ် တိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံ အသက် ၂၅ နှစ်အောက် အမျိုးသားဖူဆယ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲကျင်းပ

မုံရွာ ဇူလိုင် ၂၂

၂၀၂၅ ခုနှစ် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံ အသက် ၂၅ နှစ်အောက် အမျိုးသားဖူဆယ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲကို ယနေ့ညနေပိုင်း တွင် မုံရွာမြို့ ပြည်သူ့အားကစားကွင်း အတွင်းရှိဖူဆယ်အားကစားရုံ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော် တိုင်းဒေသကြီးတရားသူကြီးချုပ်၊ တိုင်း ဒေသကြီး/ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင် ရာများ၊ ပြိုင်ပွဲဝင်နည်းပြများနှင့်အားကစား သမားများ တက်ရောက်ကြသည်။

ဦးစွာ တက်ရောက်လာကြသူများက ဗိုလ်လုပွဲစဉ်အဖြစ် ကလေးခရိုင်ဖူဆယ် အသင်းနှင့် ရွှေဘိုခရိုင်ဖူဆယ်အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှု အားပေးရာ ကလေးခရိုင်အသင်းမှ ၄ ဂိုး ၂ ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ယင်းနောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ပထမဆုရရှိသည့် ကလေးခရိုင်အသင်း အားတစ်ဦးချင်းဆုတံဆိပ်၊ ငွေသားဆု ငွေကျပ် ငါးသိန်းနှင့် တံခွန်စိုက်ဆုအား ပေးအပ်ချီးမြှင့်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် ၏ဇနီးက ဒုတိယဆုရရှိသည့် ရွှေဘိုခရိုင် အသင်းအား တစ်ဦးချင်းဆုတံဆိပ်၊ ငွေသား ဆုငွေကျပ်သုံးသိန်းအား ပေးအပ်ချီးမြှင့် သည်။



ဆက်လက်၍ တိုင်းဒေသကြီး တရား သူကြီးချုပ်က ပူးတွဲတတိယဆုရရှိသည့် မုံရွာခရိုင်အသင်းအား တစ်ဦးချင်းဆုတံဆိပ် နှင့် ငွေသားဆုငွေကျပ် နှစ်သိန်းကိုလည်း ကောင်း၊ တိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ် ရေးရာဝန်ကြီးက ပူးတွဲတတိယဆုရရှိသည့် စစ်ကိုင်းခရိုင်အသင်းအား တစ်ဦးချင်း ဆုတံဆိပ်နှင့် ငွေသားဆုငွေကျပ်နှစ်သိန်း ကိုလည်းကောင်း ပေးအပ်ချီးမြှင့်ကြ သည်။

ထို့နောက် တိုင်းဒေသကြီး စီးပွားရေးရာ ဝန်ကြီး၊ တိုင်းဒေသကြီး လမ်းပန်းဆက်သွယ် ရေးရာဝန်ကြီးနှင့် တိုင်းဒေသကြီးဥပဒေ ချုပ်တို့က နေရာအလိုက်အကောင်းဆုံး ဆုများနှင့် ပွဲစဉ်တစ်လျှောက်အကောင်းဆုံး ဆုရ အားကစားသမားများအား ဂုဏ်ပြု ချီးမြှင့်ငွေနှင့် ဆုတံဆိပ်များအား ပေးအပ် ချီးမြှင့်ကြပြီး တိုင်းဒေသကြီးအတွင်းရေးမှူး က ပထမဆုရရှိခဲ့သည့် ကလေးခရိုင်အသင်း အား ဂုဏ်ပြုချီးမြှင့်ငွေကျပ် ငါးသိန်း ပေးအပ် ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**

## အွန်လိုင်းလိမ်လည်မှု(Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ၅ ဦး ထပ်မံလွှဲပြောင်းပေးအပ်

**နေပြည်တော် ဇူလိုင် ၂၂**

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်း လိမ်လည်မှု(Telecom Fraud)နှင့် ဒုစရိုက်မှု လုပ်ငန်းများကို အိမ်နီးချင်းနိုင်ငံများအပါ အဝင် နိုင်ငံတကာမှအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ပြတ်ပြတ်သားသားစုံစမ်းဖော် ထုတ်တိုက်ဖျက်လျက်ရှိပြီး အဆိုပါလုပ်ငန်း များတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပ နိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများ သို့ စနစ်တကျလွှဲပြောင်းပေးလျက်ရှိသည်။

ထိုသို့လွှဲပြောင်းပေးလျက်ရှိရာ မြန်မာ နိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများ မှတစ်ဆင့် တရားမဝင် ဝင်ရောက်နေထိုင် ပြီး ကရင်ပြည်နယ်၊ မြဝတီမြို့-ရွှေကုက္ကိုလ်၊ မဲ့ထော်သလေး(KK Park) နှင့် ကျောက်ခတ် နယ်မြေများတွင်တရားမဝင်Onlineလောင်း ကစားမှုများ၊ Online လိမ်လည်မှုများနှင့် ဒုစရိုက်မှုများလုပ်ဆောင်ခဲ့ကြသည့် အီသီ ယိုးပီးယားနိုင်ငံသားလေးဦးနှင့် ကင်ညာ နိုင်ငံသားတစ်ဦး၊ စုစုပေါင်း ပြည်ပနိုင်ငံသား ၅ ဦးကို လူသားချင်းစာနာထောက်ထားမှု နှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ယနေ့တွင် ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံး လုပ်နည်းများနှင့်အညီ စနစ်တကျလွှဲပြောင်း ပေးသည်။

ပြည်နှင်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့ စေရေးအတွက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကရင်ပြည် နယ်၊ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်း နှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များနှင့်တွေ့ဆုံ၍ ပြည်ပနိုင်ငံ သားများအား ပြည်နှင်လွှဲပြောင်းပေးရေး လုပ်ငန်းစဉ်များဆောင်ရွက်နေမှု၊ စာရင်း ဇယား၊ အချက်အလက်များ ပြည့်စုံမှန်ကန် မှုရှိရေးဆောင်ရွက်နေမှုတို့ကို ကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များဖြည့်စွက် မှာကြားသည်။

ထို့နောက် ပြည်နှင်လွှဲပြောင်းပေးအပ်ပွဲ ကို ဆက်လက်ကျင်းပခဲ့ရာ ဒုတိယညွှန်ကြား ရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများ၊ အီသီယိုးပီးယားနိုင်ငံသံရုံးနှင့် ကင်ညာနိုင်ငံ သံရုံးတို့မှ ကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ သံရုံး ကိုယ်စားလှယ် Mr.Tana Judah Hira နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ၊ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိ သူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံများမှ တာဝန်ရှိသူများထံသို့ ပြည်နှင်လွှဲပြောင်း လက်ခံရေးဆိုင်ရာ အထောက်အထား စာရွက်စာတမ်းများကို စနစ်တကျလွှဲပြောင်း ပေးအပ်သည်။




**အွန်လိုင်းလိမ်လည်မှု(Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများအား သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးအပ်စဉ်။**

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်မှ ဇူလိုင် လ ၂၂ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပ နိုင်ငံသား စုစုပေါင်း ၉၂၉၉ ဦး စစ်ဆေး ဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက် မှ ၉၀၆၀ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံး လုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင် လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံ သား ၂၃၉ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ် ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက် နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည့် အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခ ရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင် လွှဲပြောင်းပေးနိုင်ရေး တက်ကြွစွာပူးပေါင်း ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိ သည်။ (၁၀၀)

## အင်းစိန်မြို့နယ်တွင် ငွေကျပ် ၄၈.၄၇၅ ဘီလီယံ တန်ဖိုးရှိ အိုက်စ် ၁၈၇၅ ကီလိုနှင့် စိတ်ကြွဆေးပြား ၁၆ သိန်း ဖမ်းဆီးရမိမှုအား ကွင်းဆက်အဆင့်ဆင့် ဖော်ထုတ်ဆောင်ရွက်မှု







စိတ်ပြောင်းဆေးဝါးများအား မလေးရှားရေပိုင်နက်သို့ပို့ဆောင်မည့် တရားခံကြည်ဖြူ(ခ)ကျော်ဝင်းဌေး၊ ဇော်မင်းနိုင်၊ သိန်းသန်းဌေး(ခ)ဇော်ဇော်အောင်(ခ)ငွေး၊ ကျော်စွာမင်း(ခ)မင်းမင်း၊ မျိုးထွန်း(ခ)ကိုထွန်းတို့အား ဖမ်းဆီးရမိမှုမှတ်တမ်း။




စိတ်ပြောင်းဆေးဝါးများအား မလေးရှားရေပိုင်နက်သို့ ပို့ဆောင်မည့် တရားခံရဲထွန်း(ခ)ပွဲနင်း(ခ)ဖိုးသာဂိနှင့် စိုးလင်းပိုင်(ခ)လင်းလင်းတို့အား ဖမ်းဆီးရမိမှုမှတ်တမ်း။

❒ ကျောဖုံးမှအဆက်

ငွေကျပ် ၄၆ ဒသမ ၈၇၅ ဘီလီယံ)၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၆ သိန်း(၎င်းဒေသတန်ဖိုး ငွေကျပ် ၁ ဒသမ ၆ ဘီလီယံ)နှင့် TOYOTA DYNA မော်တော်ယာဉ် ၁ စီးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း။

ကွင်းဆက်ဖော်ထုတ်ချက်အရ ဖမ်းဆီးရမိ စိတ်ပြောင်းဆေးဝါးများအား လွှဲပြောင်းပေးအပ်ခဲ့သူ နေမျိုးကျော်အား ည ၇ နာရီအချိန် လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ ပါရမီလမ်းတွင်ဖမ်းဆီးရမိခဲ့ကြောင်း၊ ဇူလိုင်လ ၁၅ ရက်နေ့တွင် စိတ်ပြောင်းဆေးဝါးများ တာဝန်ခံသယ်ဆောင်သူ ကြည်ဖြူ(ခ)ကျော်ဝင်းဌေးနှင့် ဇော်မင်းနိုင်တို့မှာ ထားဝယ်ဘက်သို့ ထွက်ပြေးတိမ်းရှောင်သွားကြောင်း သိရှိရသဖြင့်၎င်းတို့အား ဖမ်းဆီးရမိရေးဆောင်ရွက်ခဲ့ရာ ဝေါမြို့နယ်၊ ညောင်ခါးရှည်ကျေးရွာအနီးတွင် KLUGER မော်တော်ယာဉ်နှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ကြည်ဖြူ(ခ)ကျော်ဝင်းဌေးမှာ မူးယစ်အမှုဖြင့် အလိုရှိတရားခံပြေးတစ်ဦးဖြစ်ကြောင်း သိရှိရသည်။

ယင်းနေ့ ညနေ ၄ နာရီခွဲအချိန်တွင် စိတ်ပြောင်းဆေးဝါးများအား ပင်လယ်ရေကြောင်းဖြင့် မလေးရှားရေပိုင်နက်သို့ ပို့ဆောင်သူ စိုးလင်းပိုင်(ခ)လင်းလင်းအား ပြည်မြို့၊ နဝဒေးတံတားတွင်လည်းကောင်း၊ ဇူလိုင်လ ၁၆ ရက်နေ့ နံနက် ၁၀ နာရီခွဲအချိန် ရန်ကုန်မြစ်ဝမှ မလေးရှား ရေပိုင်နက်သို့ ပို့ဆောင်သူ စက်လှေပိုင်ရှင် ရဲထွန်း(ခ)ပွဲနင်း(ခ)ဖိုးသာဂိအား ပုသိမ်ကြီးမြို့နယ်တွင် ဖမ်းဆီးရမိခဲ့ပြီး ရဲထွန်းမှာလည်း မူးယစ်အမှုဖြင့် အလိုရှိတရားခံပြေးတစ်ဦးဖြစ်ကြောင်း။

ဇူလိုင်လ ၁၇ ရက်နေ့ ညနေ ၄ နာရီခွဲအချိန်စိတ်ပြောင်းဆေးဝါးများအား ရန်ကုန်မြစ်ဝသို့ တာဝန်ခံ သယ်ဆောင်ပေးသူ အောင်ရတနာစက်လှေပိုင်ရှင်သိန်းသန်းဌေး (ခ)ဇော်ဇော်အောင်(ခ) ငွေးနှင့် ကျော်စွာမင်း(ခ)မင်းမင်း၊ မျိုးထွန်း(ခ)ကိုထွန်းတို့အား မင်္ဂလာဒုံမြို့နယ်၌လည်းကောင်း အသီးသီး ဖမ်းဆီးရမိခဲ့ကြောင်းသိရှိရသည်။

စစ်ဆေးပေါ်ပေါက်ချက်များအရ အဆိုပါတရားခံများအား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်ဖော်ထုတ်လျက်ရှိပြီး ယင်းမူးယစ်မှောင်ခိုဂိုဏ်းအဖွဲ့သည် ပြည်ပသို့ပင်လယ်ရေကြောင်းအသုံးပြု၍ မူးယစ်ဆေးဝါးနှင့် စိတ်ပြောင်းဆေးဝါးများသယ်ဆောင်ရောင်းဝယ်မှု အကြိမ်ကြိမ်ကျူးလွန်ခဲ့ကြောင်း ဖော်ထုတ်ရရှိသဖြင့် ၎င်းတို့ မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်ရာမှရရှိသည့် ငွေကြေးအကျိုးအမြတ်များ၊ ပိုင်ဆိုင်မှုများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ရေးအတွက် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေဖြင့် ထပ်မံအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှသတင်းရရှိသည်။ (၁၀၀)

# တောင်ကြီးမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအားတွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၂၂**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့နယ်ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ တွေ့ဆုံပွဲကို ယနေ့နံနက်ပိုင်းတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် သံလွင်ခန်းမ၌ပြုလုပ်ရာ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုအမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး ခင်အောင်မြင့်(ငြိမ်း)၊ ရှမ်းပြည်နယ်(တောင်ပိုင်း)စစ်မှုထမ်းဟောင်းအဖွဲ့ကြီးကြပ်ရေးနာယက အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ်၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုဌာနချုပ်မှ တာဝန်ရှိသူများ၊ တောင်ကြီးခရိုင် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့်ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုအမှုဆောင်အဖွဲ့ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် တာဝန်ရှိသူများက စစ်မှုထမ်းဟောင်းဆိုင်ရာ ကိစ္စရပ်များအား ရှင်းလင်းတင်ပြရာ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုအမှုဆောင်အဖွဲ့ တွဲဖက်အတွင်းရေးမှူး(၁) ဗိုလ်မှူးချုပ်မြင့်ဟိန်း (ငြိမ်း)က တင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်းဖြေကြားသည်။

၎င်းနောက်မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုအမှုဆောင်အဖွဲ့ဥက္ကဋ္ဌနှင့် တိုင်းမှူးတို့က ဂုဏ်ပြုချီးမြှင့်ငွေများကို ပေးအပ်ရာ တာဝန်ရှိသူများက အသီးသီး လက်ခံရယူကြသည်။ ယင်းနောက် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုအမှုဆောင်အဖွဲ့ဥက္ကဋ္ဌနှင့်တိုင်းမှူးတို့က စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)




မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုအမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး ခင်အောင်မြင့်(ငြိမ်း)က တာဝန်ရှိသူတစ်ဦးအား ဂုဏ်ပြုချီးမြှင့်ငွေပေးအပ်စဉ်။

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

၂၂-၇-၂၀၂၅

| | |
|---|---|
| ပေါင် | ၄ ဒသမ ၅၃ လက်မ |
| ထားဝယ် | ၄ ဒသမ ၁၃ လက်မ |
| ကျိုက္ခမီ | ၃ ဒသမ ၉၀ လက်မ |
| ဘားအံ | ၃ ဒသမ ၄၆ လက်မ |
| (စိုက်ပျိုးရေးမိုးလေဝသ) | |
| ဘားအံ | ၃ ဒသမ ၃၉ လက်မ |
| မုဒုံ | ၃ ဒသမ ၃၉ လက်မ |
| ဝါးခယ်မ | ၃ ဒသမ ၁၅ လက်မ |
| ခရမ်း | ၂ ဒသမ ၅၂ လက်မ |
| ကျိုက်လတ် | ၂ ဒသမ ၅၀ လက်မ |
| ဓနုဖြူ | ၂ ဒသမ ၃၇ လက်မ |
| မော်လမြိုင် | ၂ ဒသမ ၃၆ လက်မ |




**ပျောက်ဆုံးကြောင်း**
ဇင်မောင်မောင်(ဘ)ဦးခင်အေး ၇/ကဝန(နိုင်)၂၁၇၆၄၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 131404)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
နန်းအေးယိမ်း(ဘ)ဦးရွှေဟန် ၁၃/ကမန(နိုင်)၁၁၆၂၈၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ် (MG 078209)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
ဇော်လတ်အောင်(ဘ)ဦးသန်းကျော် ၈/ရစက(နိုင်)၂၂၆၄၃၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
အိအိဇော်(ဘ)ဦးတင်မြင့် ၈/တတက(နိုင်)၂၀၀၇၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
ထင်ကျင်ဖေ(ဘ)ဦးထင်ရင်ဂျူ ၁၃/လရန(နိုင်)၁၉၃၈၅၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၆၂၉၁၅၈၃၈

**ပျောက်ဆုံးကြောင်း**
စန္ဒာဝင်း(ဘ)ဦးအောင်အောင် ၅/တမန(နိုင်)၀၇၀၃၅၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
မျိုးခန့်ကျော်(ဘ)ဦးစိန်ဝင်း ၁၄/မအပ(နိုင်)၃၁၁၉၈၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ဖခင်အမည်မှန်**
ပဲခူးတိုင်းဒေသကြီး၊ ကြို့ပင်ကောက်မြို့၊ အထက-ရွှေပန်းတော၊ Grade-12 မှ မစုဇင်အောင်၏ဖခင်အမည်မှန်မှာ ဦးအောင်သွင် ၇/ကပက(နိုင်)၀၆၆၅၀၀ ဖြစ်ပါကြောင်း။ ဦးအောင်သွင်

**ပျောက်ဆုံးကြောင်း**
ဖြိုးရတနာအောင်(ဘ)ဦးမင်းနိုင် ၁၄/အမန(နိုင်)၁၈၄၄၃၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၅၁၀၀၀၈၉

**ပျောက်ဆုံးကြောင်း**
မိတင်အောင်(ဘ)ဦးလှ ၁၀/မဒန(နိုင်)၀၅၁၄၅၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၈၈၂၂၈၉၆၂

**ပျောက်ဆုံးကြောင်း**
စိုင်းကျော်ဝင်း(ဘ)ဦးအုန်းကျော်ထွန်း ၁၃/လလန(နိုင်)၀၄၉၆၇၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၅၀၂၁၅၁၇၆

**ပျောက်ဆုံးကြောင်း**
မြတ်မင်းခန့်(ဘ)ဦးဝင်းကိုနိုင် ၁၂/သဃက(နိုင်)၂၁၅၉၃၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၅၀၂၁၅၁၇၆

**ပျောက်ဆုံးကြောင်း**
မေသန္တာဝင်း(ဘ)ဦးခင်မောင်ဝင်း ၁/မကတ(ဧည့်)၀၀၀၈၁၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၆၀၈၉၄၄၅၂

**ပျောက်ဆုံးကြောင်း**
ကျော်နိုင်(ဘ)ဦးစစ်အေး ၉/ညဥန(နိုင်)၂၃၀၃၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၅၀၀၂၆၆၂၈

**ပျောက်ဆုံးကြောင်း**
မောင်မောင်အေး(ဘ)ဦးသန်းရွှေ ၁၂/ပဇတ(နိုင်)၀၁၇၆၃၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၅၁၅၄၄၅၂

**ပျောက်ဆုံးကြောင်း**
ချိုချိုမော်(ဘ)ဦးလှရွှေ ၁၂/ကတတ(နိုင်)၀၀၃၅၆၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၅၁၅၄၄၅၂

**ပျောက်ဆုံးကြောင်း**
ကျင်းစန်းကိမ်(ဘ)ဦးတွန့်ကျင့်ထန် ၄/တတန(နိုင်)၀၆၆၅၅၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၅၉၄၉၆၉၅၈

**ပျောက်ဆုံးကြောင်း**
အေးမို့မို့ငယ်(ဘ)ဦးအောင်ကြိုင် ၁၂/ဒဂတ(နိုင်)၀၀၈၅၁၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၈၀၂၃၃၅၅

**ပျောက်ဆုံးကြောင်း**
အောင်ကြွယ်(ဘ)ဦးခင်မောင် ၁၂/ကမတ(နိုင်)၀၄၄၇၇၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၂၄၉၈၉၇၇

**ပျောက်ဆုံးကြောင်း**
နော်ဒီဘိုးရာ(ဘ)စောဘဲလာတာ ၇/တငန(နိုင်)၂၂၂၈၄၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၆၀၃၀၈၁၀၁

**ပျောက်ဆုံးကြောင်း**
သန်းဇော်ထိုက်(ဘ)ဦးထွေးမြင့် ၇/သဝတ(နိုင်)၀၉၆၀၅၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၇၄၆၆၃၃၈၇၅

**ပျောက်ဆုံးကြောင်း**
နေဇာဟိန်းထွန်း(ဘ)ဦးကြည်လွင် ၁၄/ဒဒရ(နိုင်)၁၉၇၅၀၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၉၆၈၂၉၂၂၄

**ပျောက်ဆုံးကြောင်း**
ဝင်းခိုင်(ဘ)ဦးကြည်မြ ၁၂/တတန(နိုင်)၁၅၄၈၇၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၄၂၆၆၈၄၂၂

**ပျောက်ဆုံးကြောင်း**
ကြည်သူမင်း(ဘ)ဦးမြဝင်း ၇/ပခန(နိုင်)၂၉၈၇၈၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၇၃၆၅၃၂၃၃

**ပျောက်ဆုံးကြောင်း**
အမာ(ဘ)ဦးလှမြင့် ၁၂/မရက(နိုင်)၁၀၄၂၈၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၂၀၉၂၄၇

**ပျောက်ဆုံးကြောင်း**
ဇင်မာဝင်း(ဘ)ဦးဝှက်ဇုတ်လာ ၁၂/တမန(နိုင်)၁၁၁၃၀၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၀၂၄၇၆၃

**ပျောက်ဆုံးကြောင်း**
သက်နိုင်(ဘ)ဦးလှမြင့် ၁၂/လသယ(နိုင်)၁၀၈၆၄၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၈၆၆၆၆၈၂၅

**ပျောက်ဆုံးကြောင်း**
နီနီအေး(ဘ)ဦးထွန်းအေး ၁၂/လယရ(နိုင်)၀၀၅၇၇၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၉၂၆၇၈၆၁၆

**ပျောက်ဆုံးကြောင်း**
ဇော်ငွေဝင်း(ဘ)ဦးဝင်းမောင် ၈/တတက(နိုင်)၀၇၁၂၃၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၆၆၀၅၇၃၆၃

**သစ်တောမှန်လျှင် အသုံးဝင် အစဉ်ထာဝရ ထိန်းသိမ်းကြ**

**ပျောက်ဆုံးကြောင်း**
စန်းလှ(ဘ)ဦးအောင်ညွန့် ၁၀/ခဆန(နိုင်)၀၀၅၃၈၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 197313)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၇၅၅၃၀၂၉၇

**ပျောက်ဆုံးကြောင်း**
နိုင်နိုင်နွယ်(ဘ)ဦးသိန်းအောင် ၈/တတက(နိုင်)၀၉၈၈၂၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၆၁၄၆၂၁၅၈

**ပျောက်ဆုံးကြောင်း**
မြင့်မြင့်(ဘ)ဦးအေးမောင် ၁၂/ဥကတ(နိုင်)၀၇၈၈၂၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၂၀၇၂၀၅

**ပျောက်ဆုံးကြောင်း**
ဘစိုး(ဘ)ဦးစိန်မောင် ၁၄/ကကထ(နိုင်)၁၃၄၃၃၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၅၄၅၂၂၃၂၃

**ပျောက်ဆုံးကြောင်း**
ခက်ခက်ဇော်(ဘ)ဦးကျော်ငွေ ၇/ပမန(နိုင်)၁၉၉၇၃၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၇၇၄၆၈၈၀

**ပျောက်ဆုံးကြောင်း**
ကရင်ပြည်နယ်၊မြဝတီမြို့၊အမှတ်(၄)ရပ်ကွက်၊ သုခမိန်လမ်းနေ နော်လီလီ(ဘ)ဦးကျော်မင်း ၃/မဝတ(နိုင်)၀၄၈၇၆၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 178536)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၅၁၁၃၈၅၂

**ပျောက်ဆုံးကြောင်း**
နီးရဲမ်ဆုန်(ဘ)ဦးရိန်ဘွဲ့ ၅/ကလထ(နိုင်)၁၅၉၃၈၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၀၀၅၃၃၉၅၀

**ပျောက်ဆုံးကြောင်း**
သီတာချို(ဘ)ဦးခင်ဇော် ၇/အဖန(နိုင်)၀၉၇၂၉၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၉၇၆၁၄၁၉၂

**ပျောက်ဆုံးကြောင်း**
နော်အိုင်ဆန်းဘွား(ဘ)ဦးစေးဝါး ၁၄/သပန(နိုင်)၁၇၅၄၅၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
အောင်မျိုးနိုင်(ဘ)ဦးမျိုးဝင်းညွန့် ၁၂/ခရန(နိုင်)၁၆၃၁၁၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ 436160)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၇၇၄၆၈၈၀

**ပျောက်ဆုံးကြောင်း**
ယော်ဆန့်(ဘ)ဦးဘုန်းအောင်နော် ၁/မကန(နိုင်)၁၀၇၄၆၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၉၈၂၀၁၉၁

# အာဆင်နယ်အသင်းနှင့်စာချုပ်သစ်ချုပ်ဆိုရန်ကြန့်ကြာနေသည့် တိုက်စစ်ကစားသမားထရော့ဆက်ကို ဘိုင်ယန်မြူးနစ်အသင်းက ခေါ်ယူရန်စီစဉ်




မြူးနစ် ဇူလိုင် ၂၂

လက်ရှိ ကစားသမားအပြောင်းအရွှေ့ကာလတွင် တိုက်စစ်ကစားသမားတစ်ဦးခေါ်ယူရန် ကြိုးပမ်းနေသည့် ဂျာမန်ထိပ်သီး ဘိုင်ယန်မြူးနစ်အသင်းက အာဆင်နယ်အသင်းနှင့် စာချုပ်သစ်ချုပ်ဆိုရန် ကြန့်ကြာနေသည့်တိုက်စစ်ကစားသမား ထရော့ဆက်ကိုခေါ်ယူရန်စီစဉ်နေကြောင်း သိရသည်။

ဘိုင်ယန်မြူးနစ်အသင်းသည် လက်ရှိကစားသမားအပြောင်းအရွှေ့ကာလတွင် ဝါရင့်တောင်ပံတိုက်စစ်ကစားသမားတစ်ဦးဖြစ်သည့် ဆာနေးကို လက်လွှတ်ထားရသဖြင့် ၎င်း၏နေရာ၌ ထိပ်တန်းကစားသမားတစ်ဦးနှင့် အစားထိုးလိုသည့်အတွက် အပြောင်းအရွှေ့ကာလ အစပိုင်းကတည်းက ကစားသမားရှာဖွေမှုများလုပ်ဆောင်လျက်ရှိသော်လည်း လက်ရှိအချိန်ထိ ခေါ်ယူနိုင်မှုမရှိသေးခြင်းဖြစ်သည်။

ဘိုင်ယန်မြူးနစ်အသင်းသည် အစောပိုင်းက တောင်ပံတိုက်စစ်ပိုင်းအတွက် လီဗာပူးအသင်းမှ ဒီယက်ကိုခေါ်ယူရန် အကြိမ်ကြိမ်ကြိုးပမ်းခဲ့သော်လည်း လီဗာပူးအသင်းနှင့် ပြောင်းရွှေ့ကြေးညှိနှိုင်းမှုအဆင်မပြေခဲ့သည့်အတွက် ပယ်ချခံခဲ့ရပြီး နောက်ထပ်ကစားသမားများဖြစ်သည့် ဘီလ်ဘာအိုအသင်းမှ ဝီလီယံနှင့် မန်ယူအသင်းမှ ရက်ရှ်ဖို့ဒ်တို့ကို ခေါ်ယူရန်ကြိုးပမ်းခဲ့သော်လည်း မအောင်မြင်ခဲ့သည့်အတွက် လက်ရှိတွင် ထရော့ဆက်ကို ခေါ်ယူရန်စီစဉ်နေခြင်းဖြစ်သည်။

အသက် ၃၀ အရွယ် ထရော့ဆက်သည် ၂၀၂၂ ခုနှစ်က ဘရိုက်တန်အသင်းမှ အာဆင်နယ်အသင်းသို့ ပြောင်းရွှေ့ကစားခဲ့သူဖြစ်ကာ အသင်းနှင့် စာချုပ်သက်တမ်းမှာ တစ်နှစ်သာကျန်ရှိတော့ပြီး အာဆင်နယ်အသင်းက ထရော့ဆက်ကို အလွတ်ပြောင်းရွှေ့ကြေးဖြင့် လက်မလွှတ်လိုသည့်အတွက် သက်တမ်းတိုးစာချုပ် ချုပ်ဆိုရန် ကြိုးပမ်းနေခြင်းဖြစ်သည်။ သို့သော် လက်ရှိအချိန်ထိ ညှိနှိုင်းမှုအဆင်မပြေဖြစ်နေသည့်အတွက် ဘိုင်ယန်မြူးနစ်အသင်းက အာဆင်နယ်အသင်းတွင်ရရှိနေသည့် လုပ်ခလစာထက်ပိုမိုပေးချေပြီး ကမ်းလှမ်းရန် ပြင်ဆင်နေခြင်းဖြစ်သည်။

ထရော့ဆက်သည် အာဆင်နယ်အသင်းနှင့်အတူ ဘောလုံးရာသီ သုံးရာသီအတွင်း ပြိုင်ပွဲစုံ ၁၂၄ ပွဲ ပါဝင်ကစားခွင့်ရရှိခဲ့ကာ ၂၈ ဂိုး သွင်းယူထားနိုင်ခဲ့ကြောင်း သိရသည်။

*Ref;Fabrizio Romano*

# မန်ယူအသင်းက အပြောင်းအရွှေ့ကာလမပြီးဆုံးမီ ကစားသမားနှစ်ဦး ထပ်မံခေါ်ယူရန်ကြိုးပမ်းနေ

မန်ချက်စတာ ဇူလိုင် ၂၂

မန်ယူအသင်းက လက်ရှိကစားသမားအပြောင်းအရွှေ့ကာလမပြီးဆုံးမီ ကစားသမားနှစ်ဦး ထပ်မံခေါ်ယူရန်ကြိုးပမ်းနေကြောင်း သိရသည်။

မန်ယူအသင်းသည် ပြီးခဲ့သည့်ဘောလုံးရာသီက စံချိန်တင်ရလဒ်ဆိုးများနှင့် တွေ့ကြုံခဲ့ရပြီးနောက် လက်ရှိအပြောင်းအရွှေ့ကာလတွင် ကစားသမားအပြောင်းအလဲကြီးကြီးမားမားလုပ်ဆောင်ရန် ကြိုးပမ်းနေသော်လည်း အသင်းမှကစားသမားများကို ရောင်းချရန်ခက်ခဲနေသည့်အတွက် ဝုဗ်အသင်းမှ ကွန်ဟာ၊ ဘရန့်ဖို့ဒ်အသင်းမှ အမ်ဘူမိုနှင့် ပေါ်တီနိုအသင်းမှ လီအွန်တို့ကိုသာ ခေါ်ယူထားနိုင်ခဲ့သည်။

မန်ယူအသင်းနည်းပြ အမိုရင်က အပြောင်းအရွှေ့ကာလတွင် လိုအပ်ချက်များရှိနေသည့် ဂိုးသမားနေရာကို ဦးစားပေးခေါ်ယူလိုသော်လည်း အသင်းမှ ဂိုးသမား အိုနာနာအပါအဝင် ကစားသမားအများစုကို ရောင်းချနိုင်ခြင်းမရှိသေးသည့်အတွက် ကစားသမားသစ်များကို ခေါ်ယူနိုင်ခြင်းမရှိသေးဘဲ အပြောင်းအရွှေ့ကာလမပြီးဆုံးမီ ဂိုးသမားတစ်ဦးနှင့် ကွင်းလယ်ကစားသမားတစ်ဦး ထပ်မံခေါ်ယူရန် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

*Ref;B/R Football*

# လိုက်ပဇစ်အသင်းတိုက်စစ်ကစားသမား ဆိုင်မွန်ကိုခေါ်ယူရန် ချယ်လ်ဆီးအသင်းဆွေးနွေးလျက်ရှိ

လန်ဒန် ဇူလိုင် ၂၂

လက်ရှိကစားသမားအပြောင်းအရွှေ့ကာလတွင် အာဆင်နယ်အသင်းကခေါ်ယူရန် ကြိုးပမ်းနေသည့် လိုက်ပဇစ်အသင်းတိုက်စစ်ကစားသမား ဆိုင်မွန်ကို ချယ်လ်ဆီးအသင်းက ကြားဖြတ်ခေါ်ယူရန် ဆွေးနွေးလျက်ရှိကြောင်း သိရသည်။

အသက် ၂၂ နှစ်အရွယ် ဆိုင်မွန်သည် ၂၀၂၃ ခုနှစ်က ပီအက်စ်ဂျီအသင်းမှ လိုက်ပဇစ်အသင်းထံ တစ်ရာသီအငှားစာချုပ်ဖြင့် ပြောင်းရွှေ့ကစားပြီးနောက် အသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့ကာ ပြီးခဲ့သည့် နွေရာသီကစားသမားအပြောင်းအရွှေ့ကာလက အငှားစာချုပ်သက်တမ်းကုန်ဆုံးချိန်တွင် အပြီးသတ်စာချုပ်ဖြင့် ပြောင်းရွှေ့ကစားခဲ့သူဖြစ်သည်။

ဆိုင်မွန်သည်ပြီးခဲ့သည့်ဘောလုံးရာသီက လိုက်ပဇစ်အသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြနိုင်ပြီးနောက် လက်ရှိကစားသမားအပြောင်းအရွှေ့ကာလ အစပိုင်းက အာဆင်နယ်အသင်းနှင့် အပြောင်းအရွှေ့သတင်းများထွက်ပေါ်ခဲ့သော်လည်း အာဆင်နယ်အသင်းက စပို့တင်းလစ္စဘွန်းအသင်းမှ ဂရိုကီယက်စ်ကို ဦးစားပေးခေါ်ယူရန် ကြိုးပမ်းနေပြီး ဆိုင်မွန်ကို ဒုတိယဦးစားပေးအဖြစ်သာ သတ်မှတ်ထားသည့်အတွက် တရားဝင်ကမ်းလှမ်းမှုမလုပ်ဆောင်သေးချိန်တွင် ချယ်လ်ဆီးအသင်းက ကြားဖြတ်ခေါ်ယူရန် တရားဝင်ဆွေးနွေးမှုများ လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။

ချယ်လ်ဆီးအသင်းက ဆိုင်မွန်ကို ခေါ်ယူရန်ကြိုးပမ်းပြီးနောက် ဂျာအိုဖီးလစ်၊ အန်ကူကူ၊ နီကိုလတ်ဂျက်ဆင်နှင့်စတာလင်းတို့ကို ရောင်းချရန်စီစဉ်ထားကြောင်း သိရသည်။

*Ref;Fabrizio Romano*



# လိဒ်ယူနိုက်တက်အသင်းနည်းပြ ဖာကီက အသင်းမှ ဝါရင့်တိုက်စစ်ကစားသမား ဘမ်းဖို့ဒ်ကို အသင်းသစ်ရှာဖွေရန် အသိပေးမှုပြုလုပ်ထား

လန်ဒန် ဇူလိုင် ၂၂

လိဒ်ယူနိုက်တက်အသင်းနည်းပြ ဖာကီက အသင်းမှ ဝါရင့်တိုက်စစ်ကစားသမား ဘမ်းဖို့ဒ်အနေဖြင့် ၎င်း၏ အနာဂတ်စီမံကိန်းတွင် ပါဝင်ခြင်းမရှိသည့်အတွက် လက်ရှိအပြောင်းအရွှေ့ကာလတွင် အသင်းသစ်ရှာဖွေရန် အသိပေးမှုပြုလုပ်ထားကြောင်း သိရသည်။

အသက် ၃၁ နှစ်အရွယ် ဘမ်းဖို့ဒ်သည် ၂၀၁၈ ခုနှစ်က မစ်ဒယ်ဘရော့အသင်းမှ လိဒ်ယူနိုက်တက်အသင်းသို့ ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပြီး အသင်းနှင့်အတူ အစောပိုင်းနှစ်များက အဓိက ကစားသမားတစ်ဦးအဖြစ်ပါဝင်ခဲ့သူဖြစ်သည်။

ဘမ်းဖို့ဒ်သည် ၂၀၂၀ ပြည့်နှစ်က လိဒ်ယူနိုက်တက်အသင်း အင်္ဂလန်ချန်ပီယံရှစ်ပြိုင်ပွဲမှ ပရီးမီးယားလိဂ်ပြိုင်ပွဲသို့ တန်းတက်နိုင်ရာတွင် အဓိက ကစားသမားတစ်ဦးအဖြစ်ပါဝင်ခဲ့ပြီး အသင်းနှင့်အတူ သွင်းဂိုး ၁၇ ဂိုးသွင်းယူနိုင်သည်အထိ ခြေစွမ်းပြနိုင်ပြီးနောက် ထိပ်တန်းအသင်းကြီးများ ခေါ်ယူရန်စိတ်ဝင်စားခြင်းခံခဲ့ရသော်လည်း ၎င်းက လိဒ်ယူနိုက်တက်အသင်းနှင့်သာ ဆက်လက်ကစားရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ဘမ်းဖို့ဒ်သည် နောက်ပိုင်းနှစ်များတွင် ခြေစွမ်းပြနိုင်ရန် ရှန်းကန်လာခဲ့ရကာ ပြီးခဲ့သည့်ဘောလုံးရာသီကလည်း အသင်းနှင့်အတူ ၁၈ ပွဲသာ ပါဝင်ကစားခွင့်ရရှိခဲ့ပြီး တစ်ဂိုးမျှသွင်းယူနိုင်ခြင်းမရှိသည်အထိ ရုန်းကန်ခဲ့ရသူဖြစ်သည်။

နည်းပြ ဖာကီက ဘမ်းဖို့ဒ်အနေဖြင့် အသင်း၏ အနာဂတ်စီမံကိန်းတွင် ပါဝင်ခြင်းမရှိတော့သည့်အတွက် လက်ရှိကစားသမားအပြောင်းအရွှေ့ကာလတွင် အသင်းသစ်ရှာဖွေရန် အသိပေးထားပြီး အသင်းပြောင်းရွှေ့ခြင်းမရှိပါက အသင်းနှင့်အတူ လေ့ကျင့်ခွင့်ရရှိမည်မဟုတ်ဘဲ ယူ-၂၁ အသင်းနှင့်သာ ပူးပေါင်းရမည်ဟု သတိပေးထားသည်။

ဘမ်းဖို့ဒ်သည် လိဒ်ယူနိုက်တက်အသင်းနှင့်အတူ ပြိုင်ပွဲစုံ ၂၀၇ ပွဲပါဝင်ကစားခဲ့ကာ သွင်းဂိုး ၆၀ သွင်းယူထားကြောင်း သိရသည်။

*Ref;Fotmob*

# လှည်းကူးမြို့နယ်ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်



ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။

**နေပြည်တော် ဇူလိုင် ၂၂**

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ဝါးရုံစွန်းကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိသံဃာတော်များနှင့် ဒေသခံပြည်သူများအား ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ ရွှေဘုံသာကျောင်းတိုက်၌ အခြေပြု၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၁ ပါး၊ ဒေသခံပြည်သူ(၈၀)ဦးတို့ကို အရိုးရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား/နှာခေါင်း/လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးနေမှုများကို အင်းတိုင်တပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေး၍ လိုအပ်သည်များညှိနှိုင်းဆောင်ရွက်ပေးပြီး ကျောင်းတိုက်ဆရာတော်အား လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# တရားမဝင် လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင် မော်တော်ယာဉ်များ ဖမ်းဆီးရမိ



ပဲခူးတိုင်းဒေသကြီး၊ ဘုရားကြီးမြို့၊ ဘုရားလေးကျေးရွာ ZTH ဆီဆိုင်အနီး၌ ဖမ်းဆီးရမိမှု။



မန္တလေးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။




မြန်မာ့စက်မှုဆိပ်ကမ်း၌ ဖမ်းဆီးရမိမှု။

**နေပြည်တော် ဇူလိုင် ၂၂**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကိုဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ **ဇူလိုင်လ ၁၉ ရက်**တွင် ပဲခူးတိုင်းဒေသကြီး ဘုရားကြီးမြို့ ဘုရားလေးကျေးရွာ ZTH ဆီဆိုင်အနီး၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့်မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၁၆)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၆၄၈၇၂၈၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toe 12 Wheels Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀) ကိုလည်းကောင်း၊ **ဇူလိုင်လ ၂၁ ရက်**တွင် မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာ(၂၁) လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၅၁၀၉၃၅၆၀)ကိုလည်းကောင်း၊ အေးရှားဝေါလ်ဆိပ်ကမ်း၌ ကုန်သေတ္တာ(၁၈)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၄၆၃၈၀၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၇၈၉၆၀၈၄၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင်**ဇူလိုင်လ၂၁ ရက်**တွင် ကချင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဝိုင်းမော်မြို့နယ် မိုင်းနားကျေးရွာ နိုင်းစတားစက်သုံးဆီဆိုင်အနီး၌ ရပ်တန့်ထားသော မော်တော်ယာဉ် (၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် တရုတ်နိုင်ငံထုတ် စားသောက်ကုန်ပစ္စည်း(၇)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၀၄၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Dong Feng Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၆၀၄၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့် အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အမရပူရမြို့နယ်၊ ရွှေကြက်ယက် ဆိပ်ကမ်းအနီး၌ မန္တလေးမြို့မှမိုးညှင်းမြို့သို့ သွားရောက်မည့် မော်တော်ယာဉ်(၁)စီးပေါ်မှတရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း(၃၁)မျိုး၊ လူသုံးကုန်ပစ္စည်း(၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၄၂၂၉၂၄၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Condor Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၉၂၂၉၂၄၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့် အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တာချီလိတ်မြို့နယ် တာချီလိတ်-ဝမ်ပုံ ကားလမ်းမဘေး စွတ်ဆိုင်ကျေးရွာရှိ ခြံဝင်းတစ်ခုအတွင်း၌ စုပုံထားသော အကောက်ခွန်မဲ့ စားသောက်ကုန်ပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၄၆၈၀၀၀၀) ကိုလည်းကောင်း၊ တာချီလိတ်မြို့နယ် တာချီလိတ်-ဝမ်ပုံ ကားလမ်းမဘေး ပါခါကျေးရွာရှိ ခြံဝင်းတစ်ခုအတွင်း၌ စုပုံထားသော အကောက်ခွန်မဲ့ စားသောက်ကုန် ပစ္စည်း(၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၈၂၅၀၀၀၀)ကိုလည်းကောင်း၊ တာချီလိတ်မြို့နယ်၊ တာချီလိတ်-ဝမ်ပုံ ကားလမ်းမဘေး ပါခုတ်နိုကျေးရွာရှိခြံဝင်းတစ်ခုအတွင်း၌ စုပုံထားသော အကောက်ခွန်မဲ့ စားသောက်ကုန်ပစ္စည်း(၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉၀၇၀၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၂၀၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် **ဇူလိုင်လ၂၁ ရက်**တွင် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဖမ်းဆီးရမိမှုစာရင်းများအရ လိုင်စင်မဲ့မော်တော်ယာဉ် (၁၄)စီးနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ် (၁၇)စီး ဖမ်းဆီးရမိခဲ့ပြီး သက်ဆိုင်ရာလုပ်ထုံးလုပ်နည်း၊ ဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဇူလိုင်လ ၁၉ ရက်နှင့် ၂၁ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ(၁၂)မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၄၆၂၃၀၀၈၀)**ကို ဖမ်းဆီးရမိခဲ့သည်။ နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်များနှင့်အညီ ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် တရားမဝင်ကုန်သွယ်မှုများသည် အဓိကအဟန့်အတားဖြစ်ပေါ်စေပြီး လူမှုစီးပွားရေးကဏ္ဍအပေါ် များစွာဆိုးကျိုးသက်ရောက်ခြင်းများကြောင့် ၎င်းတရားမဝင်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှသတင်းရရှိသည်။

မြဝတီ

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့်ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ဗိုလ်လောင်းလျှောက်လွှာများ အချိန်မီပြန်လည်တင်သွင်းရန် အသိပေးနှိုးဆော်ခြင်း

ဆေးပညာဘွဲ့ရဆရာဝန်(အမျိုးသမီး)နှင့် သွားဘက်ဆိုင်ရာဆေးပညာဘွဲ့ရ ဆရာဝန်(အမျိုးသမီး)ဗိုလ်လောင်းလျှောက်လွှာများအား ၂၆-၆-၂၀၂၅ ရက်နေ့မှစ၍ ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံးနှင့် တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ထုတ်ပေးလျက်ရှိရာ **၃၁-၇-၂၀၂၅ ရက်နေ့တွင် လျှောက်လွှာများပိတ်သိမ်းမည်ဖြစ်ပါသဖြင့်** လျှောက်လွှာ ထုတ်ယူလိုသူများ နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင် သွားရောက်ထုတ်ယူနိုင်ကြောင်းနှင့် လျှောက်လွှာထုတ်ယူထားသူများအနေဖြင့်လည်း ဗိုလ်လောင်းလျှောက်လွှာများအား မိမိတို့လျှောက်လွှာထုတ်ယူရရှိသည့် တိုင်းစစ်ဌာနချုပ်များသို့ **လျှောက်လွှာပိတ်ရက် မတိုင်မီ အချိန်မီပြန်လည်တင်သွင်းကြရန် အသိပေးနှိုးဆော်အပ်ပါသည်။** အသေးစိတ် သိရှိလိုပါက စစ်ရာထူးခန့်ချုပ်ရုံး(ဖုန်းနံပါတ် ၀၁၃၆-၃၀၃၃၁၊ ၀၁၃၆-၃၀၃၃၈)သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

## ဖခင်အမည်မှန်

နတ်မောက်မြို့၊ အ.ထ.က အောင်ဆန်း Grade-10 မှ မောင်ရဲထက်အောင်၏ဖခင်အမည်မှန်မှာ ဦးမျိုးမင်းထိုက် ၈/နမန(နိုင်)၁၁၆၂၆၃ ဖြစ်ပါကြောင်း။

**ဦးမျိုးမင်းထိုက်**

## ပျောက်ဆုံးကြောင်း

ကျိုင်းတုံမြို့နေ မမီဘူး(ဘ)ဦးလီလန် ၁၃/ကတန(နိုင်)၁၇၈၅၀၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၄၇၇၄၇၁၃

## ပျောက်ဆုံးကြောင်း

ဒေါ်ကြည်ကြည်ဌေး(ဘ)ဦးမာမက်ဆာလေ ၁၀/သထန(နိုင်)၀၉၄၀၉၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၆၈၆၅၃၀၈၇

## ပျောက်ဆုံးကြောင်း

မဟာအောင်မြေမြို့နယ်၊ (၃၈၆)သံ/နောက်နေ မဟာနီလွင်(ဘ)ဦးလွင်မောင် ၉/မဟမ(နိုင်)၀၆၀၁၂၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ 578679)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၅၉၂၂၈၄၆

## တစ်ဦးတည်းဖြစ်ပါကြောင်း

ရမည်းသင်းမြို့နယ်နေ အဘ ဦးကျော်လှိုင်၏သမီး မဖြိုးဝေဝေလှိုင်နှင့် မဖြိုးဝေလှိုင် ၉/မလန(နိုင်)၁၁၀၄၄၁ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**မဖြိုးဝေဝေလှိုင်(ခ)မဖြိုးဝေလှိုင်**

## ပျောက်ဆုံးကြောင်း

ခိုင်မိုးဝေ(ဘ)ဦးဗိုလ်လင်း ၈/စလန(နိုင်)၂၅၇၃၈၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ 750903)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၉၆၀၇၈၂၆၅

## ပျောက်ဆုံးကြောင်း

မေသန္တာခင်(ဘ)ဦးမောင်မောင်ခင် ၁၂/ကတတ(နိုင်) ၀၀၆၁၃၃ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

## ပျောက်ဆုံးကြောင်း

မေပြည့်သျှံချစ်(ဘ)ဦးအေးနိုင် ၁၂/ကတတ(နိုင်)၀၃၃၄၃၀ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

## ပျောက်ဆုံးကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးပျော်ဘွယ်အနောက်ရပ်ကွက်နေ ကိုတေဇာလင်း(ဘ)ဦးမြတ်ကျော် ၉/ခအဇ(နိုင်)၀၂၈၀၈၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 346669)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၀၅၆၅၈၅

## ပျောက်ဆုံးကြောင်း

လယ်ဝေးမြို့၊ သစ်ပုတ်ပင်ကျေးရွာအုပ်စု၊ သစ်ပုတ်ပင်ကျေးရွာနေ အောင်မြင့်မြတ်(ဘ)ဦးစိုးအောင် ၉/လဝန(နိုင်)၂၉၆၇၆၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၈၉၅၂၂၉၀၈၈

## အများသိစေရန်ကြေညာခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ ညောင်တုန်းမြို့နယ်၊ စွန်တနီးကျေးရွာအုပ်စု၊ ဗောဓိချောင်းဖျားကျေးရွာရှိ အဘ ဦးအုန်းတင် အမည်ပေါက်လယ်မြေ (၉.၁၄)ဧကအား သားသမီးငါးဦးမှ သာပိုင်ဆိုင်ကြောင်း ကြေညာအပ်ပါသည်။

**ဦးကုလားကြီးနှင့်သားသမီးများ**

## ပျောက်ဆုံးကြောင်း

ရတနာအောင်(ဘ)ဦးမြင့်ဌေး ၅/တဆန(နိုင်)၁၅၇၁၁၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 937626)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

## ပျောက်ဆုံးကြောင်း

အောင်မြင့်မြတ်(ဘ)ဦးသန်းဝင်း ၁၂/မဂဒ(နိုင်)၁၀၇၇၂၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

## ပျောက်ဆုံးကြောင်း

ပဲခူးမြို့နေ ထက်မျိုးအောင်(ဘ)ဦးစိုးမြင့် ၇/ပခန(နိုင်)၂၆၇၆၄၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

## ပျောက်ဆုံးကြောင်း

လသာမြို့နယ်၊ (၁)ရပ်ကွက်၊ မဟာဗန္ဓုလလမ်း၊ အမှတ်(၇၂၇)နေ တင်တင်ဝင်း(ဘ)ဦးမောင်ရွှေ ၁၂/လသန(နိုင်)၀၀၃၄၄၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၁၀၇၁၄၁၁

## ပျောက်ဆုံးကြောင်း

သာကေတမြို့၊ အမှတ်(၇)ရပ်ကွက်၊ ယုဇနမြခွာညို၊ ဧရာဝတီ(၁)လမ်း၊ အခန်း(၄)၊ တိုက်(၈)နေ အေးစုမွန်(ဘ)ဦးသိန်းဝင်း ၁၂/သကတ(နိုင်)၁၉၀၁၃၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၈၂၁၄၂၃၇၅

## ပျောက်ဆုံးကြောင်း

သဃ်န်းကျွန်းမြို့နယ်နေ မောင်မောင်ရှိန်း(ဘ)ဦးကိုကိုလေး(ခ)အာမက် ၁၂/သဃက(နိုင်)၁၅၁၇၆၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

## ပျောက်ဆုံးကြောင်း

နန်းနွမ်းဟွမ်(ဘ)ဦးစိုင်းဆိုင် ၁၃/မဆတ(နိုင်)၀၅၀၈၆၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 466722)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၅၃၈၀၃၃၈၂

## ပျောက်ဆုံးကြောင်း

လသာမြို့နယ်၊ (၁)ရပ်ကွက်၊ မဟာဗန္ဓုလလမ်း၊ အမှတ်(၇၂၇)နေ အေးအေးစိန်(ဘ)ဦးလင်မြိုင်ချောင်း ၁၂/လသန(နိုင်)၀၁၄၅၃၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၁၀၇၁၄၁၁

## ပျောက်ဆုံးကြောင်း

ဖြူးမြို့၊ တောင်ပိုင်းဈေးရပ်ကွက်နေ ဖြိုးကိုကိုအောင်(ဘ)ဦးအောင်နိုင် ၇/ဖမန(နိုင်)၂၂၇၀၀၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၆၄၄၄၇၇၇၀

## ပျောက်ဆုံးကြောင်း

မဗန်ထချင်း(ဘ)ဦးဒုဘိစ် ၅/တမန(နိုင်)၀၈၉၁၈၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

## မြန်မာနိုင်ငံကုမ္ပဏီများဥပဒေနှင့် လူမွဲခံယူခြင်းဆိုင်ရာဥပဒေအရ "NEW OKHLA TRADING COMPANY LIMITED." အစုရှယ်ယာရှင်များ၏ဆန္ဒအလျောက် ကုမ္ပဏီအားစာရင်းရှင်းလင်းဖျက်သိမ်းရေးဆိုင်ရာ အပြီးသတ်အထွေထွေအစည်းအဝေးတက်ရောက်ရန် အကြောင်းကြားစာ

"NEW OKHLA TRADING COMPANY LIMITED." ၏ နောက်ဆုံးအစည်းအဝေးကို ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ(၅)ရက်နေ့ နံနက်(၁၀:၃၀)နာရီအချိန်တွင် ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ ရတနာလမ်း၊ (၁၂)ရပ်ကွက်၊ အမှတ်(၁၂/အေ)တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အဖွဲ့ဝင်အားလုံးမပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။ အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းများ တင်ပြပါမည်။

## လှိုက်လှိုက်လှဲလှဲကျေးဇူးတင်ရှိခြင်း

၁၃-၇-၂၀၂၅ ရက်(တနင်္ဂနွေနေ့)တွင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားသော ဒုတိယရဲမှူးကြီးအောင်ဇော်မြင့်အား နာမကျန်းဖြစ်သည့်အချိန်မှစ၍ ကွယ်လွန်အနိစ္စရောက်ပြီး ရက်လည်ပြီးသည်အထိ အစစအရာရာ ဝိုင်းဝန်းကူညီပေးကြသည့် စစ်တက္ကသိုလ်အမှတ်စဉ်(၃၄)ကျောင်းဆင်း သူငယ်ချင်းများနှင့် မိသားစုဝင်များ၊ Guardian များနှင့် မိသားစုဝင်များအား တစ်ဦးတစ်ယောက်ချင်းစီတိုင်းကို ကျန်ရစ်သူမိသားစုများမှ လှိုက်လှိုက်လှဲလှဲ ကျေးဇူးအထူးတင်ရှိပါကြောင်း။

**ကျန်ရစ်သူမိသားစု**

## လှိုက်လှိုက်လှဲလှဲကျေးဇူးတင်ရှိခြင်း

၁၃-၇-၂၀၂၅ ရက်(တနင်္ဂနွေနေ့)တွင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားသော ဒုတိယရဲမှူးကြီးအောင်ဇော်မြင့်၏ နာရေးတွင် ကိုယ်တိုင်လာရောက်အားပေးစကားပြောကြားပေးသော ဗိုလ်ချုပ်ကြီး၏ဇနီးအားလည်းကောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်မှ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်မိသားစုဝင်များ၊ သွေးလှူရှင်တပ်ဖွဲ့ဝင်များ၊ စစ်ဘက်/နယ်ဘက်မှ လုပ်ဖော်ကိုင်ဖက်မိတ်ဆွေများ၊ တပ်မတော်(ရေ)မိသားစုဝင်များ၊ အထက(၂)မုဒုံမှ ဆရာသမားများနှင့် ကျောင်းနေဖက်သူငယ်ချင်းများအားလုံးကို လှိုက်လှိုက်လှဲလှဲ ကျေးဇူးအထူးတင်ရှိပါကြောင်း။

**ကျန်ရစ်သူမိသားစု**

## SENKOSMI MYANMAR COMPANY LIMITED

Notice of Appointment of Liquidator of the Company Pursuant to Section 152(a) of the Insolvency Law and Rule 15 of the Insolvency Rules

(Members' Voluntary Winding-Up)

At the Extraordinary General Meeting of Shareholders of the company held on(21-7-2025)the special resolution that company was winding-up voluntarily and U THEIN HLAING TUN(Advocate)(MAIP No.00232)was appointed as a liquidator was passed on Extraordinary General Meetion Resolution.

All of the creditor of the company are requiring to contact the liquidator before(21-8-2025)with detailed particulars of their claim attached with complete supporting documents. The company shall not take any responsibility for or settle debts that are claimed and submitted after such date.

**U THEIN HLAING TUN(Advocate)(MAIP No. 00232)**

**Liquidator (PAI Consultant Service)**

**Liquidator Office: No.6/8, Room 104, Upper Pazuntaung Road, Pazuntaung Township, Yangon, Myanmar. Phone: 09-422217514, 09-774788846**

## MAR RETAIL MM LIMITED

**စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိခန့်အပ်ကြောင်းကြေညာခြင်း**

**လူမွဲခံယူခြင်းဆိုင်ရာဥပဒေ ၁၅၂(က)လူမွဲခံယူခြင်းဆိုင်ရာ နည်းဥပဒေ ၁၅ အရ**

**(ကုမ္ပဏီတွင်ပါဝင်သူများဆန္ဒအလျောက်စာရင်းရှင်းလင်းဖျက်သိမ်းခြင်း)**

၁။ MAR RETAIL MM LIMITED အား ကုမ္ပဏီတွင်ပါဝင်သူများဆန္ဒအလျောက်စာရင်းရှင်းလင်းဖျက်သိမ်းရန် (၂၁-၇-၂၀၂၅)ရက်နေ့တွင်ကျင်းပခဲ့သော သာမန်ထက်ထူးကဲသောအထွေထွေအစည်းအဝေးမှ အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးတွင် ကုမ္ပဏီ၏စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဦးသိန်းလှိုင်ထွန်း(တရားလွှတ်တော်ရှေ့နေ)(MAIP-၀၀၂၃၂)အားခန့်အပ်သွားရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ဖြစ်ပါ၍ ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို (၂၁-၈-၂၀၂၅)ရက်နေ့ထက်နောက်မကျစေဘဲ အထက်ဖော်ပြပါစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံသို့ ခိုင်လုံသောသက်သေပြစာရွက်စာတမ်းအထောက်အထားများနှင့်တကွ တင်ပြတောင်းခံနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဖော်ပြပါနေ့စွဲထက်နောက်ကျပြီး တင်ပြလာသောကြွေးမြီများအား ကုမ္ပဏီမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

**ဦးသိန်းလှိုင်ထွန်း(တရားလွှတ်တော်ရှေ့နေ)(MAIP-၀၀၂၃၂)**
**စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ**
**PAI Consultant Service**

**ရုံးခန်းလိပ်စာ-အမှတ် ၆/၈၊ အခန်း ၁၀၄၊ အထက်ပုဇွန်တောင်လမ်းမ၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၂၂၂၁၇၅၁၄၊ ၀၉-၇၇၄၇၈၈၈၄၆**

## ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ

မြင်းခြံမြို့၊ အမှတ်(၆)ရပ်ကွက်၊ (ဂ)တန်း၊ အကွက်အမှတ်(A-၂၁)၊ (အလျား ၃၀'-၀"x အနံ ၄၀'-၀")ဦးထွန်းလှအမည်ပေါက်မြေကွက်ပေါ်တွင် ဒေါ်ဟန်စိန်(၉/မခန(နိုင်)၀၅၀၅၈၂) ကိုင်ဆောင်သူမှ(အလျား ၄၀'-၀")အရှည်အုတ်ဝင်းခြံကာရံခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ယင်းအုတ်ဝင်းခြံကာရံခွင့်လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသောအထောက်အထားများယူဆောင်လာ၍ မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးတာဝန်ရှိသူထံ လူကိုယ်တိုင်တွေ့ဆုံတင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့**


ကြံတောင်သူစီးပွား ၊ ပြည်တွင်းသကြား ၊
ဝယ်ယူအားပေးကြပါစို့။
FDA- ၈၅/ ၂၁၃၄၉/ ထလ
canesugarokt7 @gmail.com
အုတ်တွင်းသကြားစက်


အရည်အသွေးမှာထိပ် ဆင်မင်းတံဆိပ် ဘိလပ်မြေ
SIN MINN
ISO 9001
BUREAU VERITAS Certification
UKAS
BEST QUALITY
CEMENT
ASTM.C150 TYPE I (42.5)
ဆင်မင်းဘိလပ်မြေ
BEST QUALITY
CEMENT
ASTM.C150 TYPE II (32.5)
ဆင်မင်းဘိလပ်မြေ
ဆက်သွယ်ရန် – ဖုန်း ၀၉ ၆၈၆၉၉၃၅၈၃၊ ၀၉ ၇၉၆၁၁၁၅၅၉၊ email : scfg.kyaukse@gmail.com


ဘိလပ်မြေစက်ရုံ(တန်–၄၀၀၀) မြို့င်ကလေး နှင့် ဘိလပ်မြေစက်ရုံ(တန်–၁၂၀၀) ပြည်ညောင်တို့ မှ
ထုတ်လုပ်သော **ကြံ့**၊ **ဆင်နှစ်ကောင်**၊ **Blue Diamond** နှင့် **မြင်းပျံ** အမှတ်တံဆိပ် ဘိလပ်မြေများအား
စက်ရုံ နှင့် အရောင်းကိုယ်စားလှယ်များထံမှ စက်ရုံဈေးဖြင့် ဝယ်ယူရရှိနိုင်ပါသည်။
RHINO PORTLAND CEMENT
DOUBLE ELEPHANT PORTLAND CEMENT
BLUE DIAMOND CEMENT
PORTLAND CEMENT
50 Kg
မြင်းပျံ PORTLAND CEMENT
BS 12 : 1996 , 42.5 N
PRODUCT OF MYANMAR
ဘိလပ်မြေစက်ရုံ(တန်–၄၀၀၀)
ပင်ရင်းအရောင်းဌာန – ဖုန်း – ၀၉ ၄၄၉၂၅၃၂၇
အရောင်းကိုယ်စားလှယ်– ဖုန်း – ၀၉ ၇၇၇၀၀၂၇၀၄၊ ၀၉၇၇၇၀၀၄၀၉၇
ဘိလပ်မြေစက်ရုံ(တန်–၁၂၀၀)
ပင်ရင်းအရောင်းဌာန – ဖုန်း – ၀၉ ၇၇၇၀၀၄၇၄၀
အရောင်းကိုယ်စားလှယ်– ဖုန်း – ၀၉ ၇၇၇၀၀၂၆၇၀


PURE ARABICA COFFEE
PYIN OO LWIN
2+1 coffee
Black Coffee
PYIN OO LWIN NAN MYAING
ပြင်ဦးလွင်
နန်းမြိုင်ကော်ဖီ
ပင်ရင်းအရောင်းဌာန -ဖုန်း - ၀၈၅ ၂၀၂၁၇၄၀၊ ၀၉ ၃၀၅၂၉၁၁၁
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

❖ မိမိတို့နိုင်ငံသည်အခြေခံအားဖြင့် လယ်ယာစိုက်ပျိုးရေးနှင့်မွေးမြူရေးကို အဓိကထားလုပ်ဆောင် . . .

❖ မိမိတို့နိုင်ငံသည် သဘာဝမှပေးထားသည့် ရာသီဥတုနှင့်မြေအနေအထား၊ တည်နေရာအနေအထားအရ စိုက်ပျိုးရေးလုပ်ငန်းများနှင့် မွေးမြူရေးလုပ်ငန်းများ ကောင်းစွာဖြစ်ထွန်းနိုင်သည့် နိုင်ငံဖြစ် . . .

(ယာယီသမ္မတ(တာဝန်) တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့တွင် ပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီအစည်းအဝေး (၁/၂၀၂၅) တွင် ပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ရေး။

## အများပြည်သူသို့ အသိပေးကြေညာချက်

မြန်မာ့စီးပွားရေးဘဏ်များတွင် ပင်စင်လစာထုတ်ယူလျက်ရှိသော နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအနေဖြင့် ပင်စင်လစာထုတ်ယူရာ၌ လူပုဂ္ဂိုလ်စိစစ်မှုအား တိကျမှန်ကန်မြန်ဆန်စေရေးအတွက် မြန်မာ့စီးပွားရေးဘဏ်၏ Centralized e-Pension စနစ်နှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ e-ID စနစ်တို့ချိတ်ဆက်၍ ခေတ်မီနည်းပညာအသုံးပြုစိစစ်ဆောင်ရွက်နိုင်ရန် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ သက်ဆိုင်ရာမြို့နယ်ဦးစီးမှူးရုံးများက အငြိမ်းစားဝန်ထမ်းများ၏ Biographic/Biometric ကောက်ယူကာ Unique ID နံပါတ်ထုတ်ပေးခြင်းလုပ်ငန်းကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

ယင်းသို့ဆောင်ရွက်ပေးလျက်ရှိရာတွင် နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအနေဖြင့် UID နံပါတ်ရရှိရေးအတွက် မြို့နယ်ဦးစီးမှူးရုံးများသို့ လာရောက်လျှောက်ထားဆောင်ရွက်မှုများ များပြားလျက်ရှိနေသည့်အတွက် လုပ်ငန်းများအဆင်ပြေလွယ်ကူစေရန် အထူးအစီအစဉ်တစ်ရပ်အဖြစ် (၂၃-၇-၂၀၂၅) ရက်မှစ၍ ပင်စင်လစာထုတ်ပေးသည့်ကာလအတွင်း လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ မြို့နယ်ဦးစီးမှူးရုံးများမှ ဝန်ထမ်းများက သက်ဆိုင်ရာမြန်မာ့စီးပွားရေးဘဏ်များသို့ သွားရောက်ကွင်းဆင်းဆောင်ရွက်ပေးမည်ဖြစ်ပါသည်။ **စာမျက်နှာ ၁၄ ကော်လံ ၁** ■

# အင်းစိန်မြို့နယ်တွင် ငွေကျပ် ၄၈ ဒသမ ၄ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ပြောင်းဆေးဝါးများကို ပင်လယ်ရေကြောင်း အသုံးပြုသယ်ဆောင်ရောင်းဝယ်သည့်မူးယစ်မှောင်ခိုဂိုဏ်းအဖွဲ့အား ဖော်ထုတ်ဖမ်းဆီးရမိ

နေပြည်တော် ဇူလိုင် ၂၂

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင်လ ၁၂ ရက်နေ့ ည ၆ နာရီခွဲအချိန် အင်းစိန်မြို့နယ်၊ ကြို့ကုန်းအရှေ့ရပ်ကွက်ရှိသိန်းဝင်းထွန်းနှင့် ထွန်းထွန်းလင်း(ခ)ကိုထွန်းတို့ ငှားရမ်းထားသည့်နေအိမ်သို့ သတင်းအရ ဝင်ရောက်ရှာဖွေရာ ဇော်ဇော်လွင်အား အိုက်စ်(မက်သ်အဖက်တမင်း) ၁၈၇၅ ကီလို (၎င်းဒေသတန်ဖိုး

**စာမျက်နှာ ၂၆ ကော်လံ ၁** ❐




တရားခံ နေမျိုးကျော်၊ ဇော်ဇော်လွင်တို့အား ဖမ်းဆီးရမိသည့် စိတ်ပြောင်းဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

## လေဖိအားနည်းရပ်ဝန်း တစ်ခုဖြစ်ပေါ်နိုင်

နေပြည်တော် ဇူလိုင် ၂၂

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန်တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်း၌ ဇူလိုင်လ ၂၄ ရက်တွင် လေဖိအားနည်းရပ်ဝန်း (Low Pressure Area)တစ်ခုဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းရပါသည်။

(မိုး/ဇလ)

## ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ဖြစ်ပွားသည့် လေယာဉ်ပျက်ကျမှု အတွင်း သေဆုံးသူဦးရေ ၃၁ ဦးအထိ မြင့်တက်၊ ၁၆၅ ဦးဒဏ်ရာရ

စာ - ၂၃ သို့

